http://www.dhammadownload.com



## လှရတနာ

# စွယ်တော် ဓာတ်ရှုတ်ချည်

စီစဉ်သူ

ဘဒ္ဒန္တနာရဒါဘိဝံသ

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

ဝင့်သကာ၊ ပါဠိပါရဂူ၊ သ·စ·အ· ဓမ္မာစရိယ

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄ ခရစ် ၂၀၀၂

http://www.dhammadownload.com

Hlayadanar 40

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူတကာတွင် တရားဓမ္မအလှူသည်
အမြတ်ဆုံး

"လှရတနာစွယ်တော်ဝတ်ရွတ်စဉ်"

သို့ ------------------------

မှ ------------------------

အမှတ်တရ ဓမ္မဒါန လက်ဆောင်မွန်

နေ့စွဲ ------------------

http://www.dhammadownload.com

# ဈရဏနာ

# ခွယ်တော် ဝတ်ရွတ်စဉ်


စီစဉ်သူ

ဘဒ္ဒန္တနာရဒါဘိဝံသ

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာဖြန့်အကျော်

ဝဋ္ဋသတာ၊ ဝါဋ္ဌဝါရရူ၊ သ.စ.အ. ဓမ္မာစရိယ

ပါဋ္ဌတဂူသိုက်ဈောင်ပန်းကျောင်းတိုက်



| သာသနာ | ကောဇာ | ခရစ် |
| --- | --- | --- |
| ၂၅၄၇ | ၁၃၆၅ | ၂၀၀၃ |

http://www.dhammadownload.com

ဓာတု ဓမ္မ ဥဒ္ဒိဿ ပရိဘောဂအားဖြင့် စေတီလေးဆူ ကိန်းဝပ်စံပယ်တော်မူသော

# စွယ်တော် ရတနာစေတီ



စေတီ(၄)ဆူ ကိန်းဝပ်စံပယ်သော စွယ်တော်ရတနာစေတီ

## ဘုရားရှိခိုး ဝတ်တက်သူတို့ ဘုန်းကံကြီးမားကြပုံ

ဒီယင်္ဂုလိ တမ္ဗနခေ၊ သုဘေ အာယတ ပဏှိကေ။

ယေ ပါဒေ ပဏာမိဿန္တိ၊ တေပိ ဓညာ ဂုဏန္ဓရာ။

သီလသမာဓိ၊ အစရှိသား၊ ဂုဏ်တော်များကို၊ ဆောင်ထားတော်မူသော သားတော်မြတ် အရှင်ဘုရား --- ရှည်သွယ်စွာသော ခြေချောင်းတော် ရှိကုန်သော ချိပ်ရည်ပမာ နီလှစွာသော ခြေသည်းတော်ရှိကုန်သော တစ်ရာရှစ်ကွက် စက်လက္ခဏာ ပြည့်စုံစွာဖြင့် တင့်တယ်လှပကုန်သော ရှည်လျားစွာသော ဖနောင့်တော်ရှိကုန်သော ရှင်တော်မြတ်ဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို သဒ္ဓါမြတ်နိုး လက်စုံမိုးလျက် ရှိခိုးကြသူ နတ်လူပြဗ္ဗာ သတ္တဝါတို့သည်ကား ရွှေကုသိုလ်ကံ လွန်ထက်သန်သဖြင့် ဘုန်းကံကြီးမားကြသူတို့ ဖြစ်ကြပါစေကုန်၏ အရှင်ဘုရား ---။

"ဂေါတမီ"ရဟန္တာထေရီမကြီး၏ လျှောက်ထားချက်


ဓမ္မဒါန စာအုပ်ကုသိုလ်ရှင်

နှစ်ဖက်သော မိဘများကို အမှူးထား၍

ဦးစောကျော်လင်း+ဒေါ်နီ၊ သမီး-မဆုမြတ်နိုး၊ မဆုမြတ်ဆင့်

(King Metal Trading Co, Ltd.)

အမှတ်(၁၂)၊ ငွေဝါဥယျာဉ်အိမ်ယာ၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com


## ပုံနှိပ်ခြင်း

၂၀၁၀-ခုနှစ်၊ နိုင်ဝင်ဘာလ(ဆဋ္ဌမကြိမ်)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

ညွှန်ကြားရေးမှူး ဦးညွန့်မောင်(မှတ်ပုံတင်အမှတ်၊ ၅၂၄/၀၂၄၀၅)က

ထုတ်ဝေ၍ သာသနာရေးဦးစီးဌာနအတွက်

ဦးမြင့်ဦး(မှတ်ပုံတင်အမှတ်-၀၁၅၈၃)၊ သိန်းသန်းဦးပုံနှိပ်တိုက်

အမှတ်(၁၁၉/၁၂၁)၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊

**Ph- 252620, 398031, 666949** ရန်ကုန်မြို့ကပုံနှိပ်သည်။

http://www.dhammadownload.com

# "စွယ်တော်ရတနာစေတီ ဘုရားရှိခိုး"

**စေတိယေ ဝရဒါဠိဝါ၊ ဗုဒ္ဓဗိမ္ဗာနိ ဓာတုယော၊**
**ပရိဘောဂ ပါဝစနံ၊ နိဓာနံ ပူဇယံ ကတံ။**
**အာဒရေန နမဿာမိ၊ ဒါဌာရတန စေတိယံ။**

၁။ မိစ္ဆာဇီဝ သက်မွေးမှုမှ ရှောင်ခဲ့ရသည့် ကုသလကြောင့် ကောင်းစွာမသွေ ရရှိပေသော သောက်ရှုးကြယ်၏ အရောင်ကိုပင် လွှမ်းမိုးလွန်ကျူး၍ လရောင်ကဲ့သို့ အထူးတင့်တယ် လွန်စွာစင်ကြယ် ဖြူဖွေးတောက်ပသော အရောင်တလက်လက် ပေါ်ထွက်သည့် လက်ဝဲအောက်ဓါတ် စွယ်တော်မြတ်ကိုလည်းကောင်း။

ဘုရားရှင်၏ အမိဋ္ဌာန်ချက်ဖြင့် ထားရစ်ခဲ့သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မွှမ်းထုံအပ်သော မုန်ညင်းစေ့ငယ် အရွယ်ပမာဏ ရှိကြကုန်ပြား သရီရဓာတ်တော်များ ရဟန္တာအရှင်မြတ်တို့၏ **ဓာတ်တော်များ= ဓာတုစေတီ**ကို လည်းကောင်း၊

၂။ မုနိငါးမျိုး ခေါင်ကမိုး၍ တန်ခိုးရှိန်အား လွန်ကြီးမားသည့် မုနိသေဋ္ဌနင်း တရားမင်းဖြစ်သော မြတ်စွာဘုရားရှင်၏ အာခံတွင်းတော် ကြာတိုက်၌ စွဲပိုက်ဖြစ်ခြင်းကြောင်း အပြစ်ကင်းလတ် ကောင်းမြတ် ပေထသော ဝိနယ သုတ္တ ဘိဓမ္မဟု ပိဋကသုံးလီ အမည်ရပြား ဗုဒ္ဓဟောကြား **တရားတော်များ= ဓမ္မစေတီ**ကို လည်းကောင်း၊

၃။ ဘုရားသဏ္ဍာန် ဤပုံပဟန်ဟု မှန်းဆဉာဏ်သွင်း သိရှိခြင်းငှာ ပုံဖော်ညွှန်းပြု သွန်းထုစီရင်အပ်သော ယခုထက်ထိ တပည့်သာဝက

http://www.dhammadownload.com



ရှိကုန်ကြသည့် မုနိစောထီး ဝိပဿီ စသော ဘုရားကိုယ်တော်မြတ်ကြီး ခုနစ်ဆူကုန်သော **ဆင်းတုရုပ်ပွား=ဥဒ္ဒိဿစေတီ** များကိုလည်းကောင်း၊

၄။ သစ္စာလေးဖြာ သိရှိရာဖြစ်သော မဟာဗောဓိပင်မှ ဗောဓိရွှေညောင်ရွက်များ သက်န်းတော်များ သံဝေဇနိယ လေးဌာနဒေသမှ အောင်မြေများအားဖြင့် **ဘုရားရှင်သုံးစွဲ နေထိုင်သွားလာခဲ့သော ပရိဘောဂစေတီ**ကို လည်းကောင်း

ဤသို့လျှင် ဓာတု ဓမ္မ ဥဒ္ဒိဿနှင့် ပရိဘောဂမည် စေတီလေးဆူ ကိန်းဝပ်စံပယ်တော်မူသော ထွန်းသစ် ကျောက်သံ ရွှေငွေရံလျှက် ကိုးပုံနဝရတ် စီခြယ်လတ်သည့် **"စွယ်တော်ရတနာစေတီမြတ်"** ကို ရိုသေလှစွာ စေတနာဖြင့် သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

http://www.dhammadownload.com



# နှမ်းဖြူးစကား ပြောကြားပါရစေ

## လက်ခံပြီးသားပါ

နှမ်းဖြူးတယ်ဆိုတဲ့စကားကို ကြားဖူးကြမှာပါ။ အခုလည်း ဝေမိုး (ကျွန်းလှ)တို့ နှမ်းဖြူးတဲ့အလုပ်ကို လုပ်လိုက်ရပါတယ်။ ပရိယတ္တိစာပေနယ်မှာရှိတဲ့ နာမည်ကြီးစာမေးပွဲတွေထဲက စာမေးပွဲအတော်များများကို နံပါတ်တစ် ထူးချွန်အဆင့်မှ သိမ်းပိုက်ရယူထားတဲ့ အရှင်နာရဒါဘိဝံသ (လှရတနာ) စီစဉ်ပြုစုသော **"လှရတနာ စွယ်တော်ဝတ်ရွတ်စဉ်"** စာအုပ်သည် ကျမ်းပြုအရှင်၏ ဂုဏ်နှင့် ပညာအရည်အချင်းများကို သိရှိထားကြမည် ဆိုပါက လိုက္ခက်၊ ဟာက္ခက်၊ ထောက်ကွက်တစ်ချက်မျှမရှိ၊ အလုံးစုံပြီးပြည့်စုံသော စာအုပ်အဖြစ် အားလုံးကတစ်သဘောတည်း လက်ခံထားကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

## ဝတ်ရွတ်စဉ်ဆိုပေမယ့်

ဝတ်ရွတ်စဉ်ဆိုလိုက်တာနဲ့ ဝတ်အသင်းအဖွဲ့တွေ ဝတ်တက်ဝတ်ရွတ်စဉ်အခါ၌သာ အသုံးပြုရမယ့် စာအုပ်မျိုး မဟုတ်ဘူးဆိုတာကိုတော့ ကြိုတင်ပြီး အသိပေးစကား ပြောကြားထားပါရစေ။ ဒီလှရတနာစွယ်တော်ဝတ်ရွတ်စဉ် စာအုပ်မှာ ကျမ်းပြုအရှင်မြတ်က နှစ်ပေါင်းများစွာ သူကိုယ်တိုင်လေ့လာသင်ယူဆည်းပူးပို့ချခဲ့တဲ့ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်မှာလာရှိတဲ့ ဘေးအန္တရာယ်ကင်းဝေးစေကြောင်း၊ စီးပွားဥစ္စာ တိုးတက်စေကြောင်း၊ ဆုမဲကောင်းကောင်း (ထီ)ပေါက်စေကြောင်း၊ စိတ်နဲ့ခန္ဓာကိုယ်ကျန်းခန့်သာ၍ မာစေကြောင်း အဲဒီလိုစာဖတ်သူတို့အတွက် လိုအပ်မယ်လို့ထင်ရတဲ့ ကောင်းပေ့ညွှန့်ပေဆိုတဲ့အကြောင်းခြင်းရာ အဖြာဖြာကို ရွေးထုတ်စီစစ်ပြီး တင်ပြထားပါတယ်။

http://www.dhammadownload.com



## လုပ်သမျှ အများအတွက်

ဒီဝတ်ရွတ်စဉ်စာအုပ်စီစဉ်ရေးသားတဲ့ အရှင်မြတ်ဟာ ပိဋကတ်စာပေကျွမ်းကျင်လိမ္မာသူမို့လည်း ရေးသား တင်ပြမှုပိုင်းဆိုင်ရာမှာ အလွယ်တကူ သိရှိနားလည်နိုင်သလို၊ အခန်းကဏ္ဍခွဲထားမှုပိုင်းဆိုင်ရာမှာလည်း အဆီ တစ်ထပ် အသားတစ်ထပ်နဲ့ အနှစ်သာရရှိလှပါတယ်။ ကြံကို အဖျားမှ စစုပ်သလို နောက်ပိုင်းရောက်လေ အနှစ်သာရရှိလေ ဆောင်စရာတွေ၊ နည်းယူစရာတွေ၊ မှတ်သားစရာတွေ၊ ကျင့်ကြံအားထုတ်စရာတွေနဲ့ နိမ့်ရာမှ မြင့်ရာဆီသို့ ဦးတည်တဲ့ နိယာမကို အခြေခံရေးသားပြုစုထားတာကို တွေ့ရပါတယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ မြတ်ဗုဒ္ဓ နဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေကို ယုံကြည်ကြတယ်။ ယုံကြည်တော့ အားကိုးတယ်။ ဘာကြောင့် အားကိုးသလဲဆိုရင်-သံသရာမှာ ခန္ဓာတွေပြောင်းပြီး အလောင်းချင်းထပ်အောင် သေပြီးရင်းသေ-သေလို့ မဆုံးနိုင်ကြတဲ့ ငါတို့ရဲ့ဘဝ ခြားရဟတ်ကြီးကို ရပ်တန့်သွားအောင် လုပ်ပေးနိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်မျှော်လင့်ချက်နဲ့ အားကိုး ကြခြင်းဖြစ်ပါတယ်။

မှန်ပါတယ်။ မြတ်ဗုဒ္ဓ လောကတွင်း ပွင့်ထွန်းပေါ်ပေါက်လာခြင်းရဲ့ ရည်ရွယ်ချက်ကိုက **"ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ"** လူနတ်ပြဟ္မာသတ္တဝါတွေရဲ့ လောကဓမ္မ နှစ်ဝသော အကျိုးစီးပွားဖြစ်ထွန်းဖို့ဖြစ်တယ်-လို့ဆိုပါတယ်။ လောကလူသားတွေ နေ့မအား ညမနားရုန်းကန်ပြီးအလုပ်တွေလုပ်နေကြခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ငါနဲ့ ငါ့မိသားစုအတွက်ဆိုတာကို အခြေခံပါတယ်။ မြတ်ဗုဒ္ဓကျတော့ အဲ့ဒီလို မဟုတ် ပါဘူး။ မြတ်ဗုဒ္ဓ ဘုရားအဖြစ်ရောက်ပြီး (၄၅)နှစ်တာကာလပတ်လုံး မအားနိုင် မနားနိုင်ဘဲ အလုပ်တွေ တလစပ် လုပ်သွားခဲ့ခြင်းဟာ လူနတ်ပြဟ္မာ သတ္တဝါတွေ မျက်မှောက်ဘဝမှာ ကောင်းကျိုးချမ်းသာတွေ ခံစားကြရပြီး၊ သံသရာမှ အကြွင်းမဲ့လွတ်မြောက်နိုင်စေရေးတို့အတွက်ပဲ

http://www.dhammadownload.com



ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓ လုပ်သမျှအလုပ်တွေဟာ သူ့အတွက် တစ်ခုမှ မပါခဲ့ပါဘူး။ လောကသားတွေ ကောင်းကျိုးချမ်းသာအတွက် သက်သက်သာ အပင်ပန်းခံအလုပ်တွေ လုပ်သွားခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မြတ်ဗုဒ္ဓကို **"မဟာကရုဏာတော်ရှင်"** လို့ ခေါ်ဆိုကြရခြင်းဖြစ်ပါတယ်။ အဲ့ဒီမဟာကရုဏာတော်ရှင် မြတ်ဗုဒ္ဓရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံး တို့ဟာလည်း အစားထိုးမရနိုင်တဲ့ အားကိုး စရာ၊ ပူဇော်ကန်တော့စရာ ဖြစ်ခဲ့ရပါတယ်။ အားကိုးထိုက်၊ ပူဇော်ကန်တော့ထိုက်တဲ့မြတ်ဗုဒ္ဓရဲ့ ခန္ဓာကိုယ်အစိတ် အပိုင်းတွေထဲက တစ်ခုဖြစ်တဲ့ (စွယ်တော်)ရတနာ စေတီကို တည်ထားပူဇော်ခြင်းကို အကြောင်းပြုလို့ ဟောဒီ **"စွယ်တော်ဝတ်ရွတ်စဉ်"** ဆိုတာ ဖြစ်လာခဲ့ခြင်းဖြစ်ပါတယ်။

## စွယ်တော်ရတနာစေတီ တန်ခိုးကြီးပုံ

ရန်ကုန်မြို့၊ ဗဟန်း၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ လှုရတနာကျောင်းမှာ သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့မှ ပင့်ဆောင်ပူဇော်ခဲ့တဲ့ လက်ဝဲအောက်ခာတ် စွယ်တော်ပွားနှင့် ဗုဒ္ဓစေတီလေးပါးတို့ကို (၇)ရက် သားသမီး တို့၏ကောင်းမှုဖြင့် တည်ထားပြီးစီးသော စွယ်တော်ရတနာ စေတီမြတ်ကား ဘုန်းတန်ခိုးအာနုဘော် ကြီးမားတော် မူလှပါပေသည်။ တည်ထားပူဇော်ပြီးလို့ လပိုင်းအကြာမှာပင် စွယ်တော်ရတနာစေတီ သမိုင်းစာအုပ်၊ စွယ်တော် ဝတ်ရွတ်စဉ်စာအုပ်၊ စွယ်တော်ရတနာစေတီ ပုံတော်ပိုစတာ၊ သက္ကတ၊ ပါဠိ၊ အင်္ဂလိပ်၊ တရုတ်၊ မြန်မာ ငါးဘာသာ တို့ဖြင့် ရေးထိုးထားသော သမိုင်းမင်္ဂလာမော်ကွန်းစာတို့ဖြင့် မှတ်တမ်းတင် ကဗျည်း ထိုးနိုင်ခဲ့ပါတယ်။

စွယ်တော်ရတနာပူဇော်ပွဲအတွင်း၌လည်း ဝတ်အသင်းအဖွဲ့ အသီးသီးတို့က နံနက်၊ နေ့၊ ည ပိုင်းခြား၍ တစ်နေ့သုံးကြိမ် ဝတ်တက် ပူဇော်ခဲ့ကြပါတယ်။ ဝတ်အသင်းအဖွဲ့အသီးသီးတို့က ဝတ်တက်ပူဇော်

http://www.dhammadownload.com



ကြရာမှာ စာအုပ် တစ်အုပ်ကို လူသုံးလေးယောက်လောက်က ဝိုင်းပြီး ရွတ်ဖတ်ကြရပါတယ်။ အဲဒီလိုဖြစ်နေတာကို မြင်ရတဲ့ ဘုရားအမ ဒေါ်ခင်ထားရီက (မိတ္တူမှုဖြင့်ရှိထားသော) ဝတ်ရွတ်စဉ်စာအုပ်ကို သေသေသပ်သပ်နှင့် ပုံနှိပ်ပြီး ဓမ္မဒါနပြုပါရစေ ဟု လှရတနာ ဆရာတော်အား လျှောက်ထားခဲ့ပါတယ်။ ဒါကြောင့်လည်း စွယ်တော် ဝတ်ရွတ်စဉ်စာအုပ်ဟာ အခုလို ပုံနှိပ်မှုအဖြစ် စာဖတ်သူတို့လက်ထဲ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်။ (ဘုရားအမ ဒေါ်ခင်ထားရီကား **"မိမိကိုမိမိ ချစ်လျှင်နှင့် ဓမ္မရသစာပဒေသာ"** စာအုပ်၏ ဓမ္မဒါနကုသိုလ်ရှင်လည်း ဖြစ်ပါတယ်။)

## ရေးသားစီစဉ်ပုံ

**"လှရတနာစွယ်တော်ဝတ်ရွတ်စဉ်"** ဟာ အခြားသော ဝတ်ရွတ်စဉ်များနှင့်မတူ တစ်မူထူးခြားနေတာကို တွေ့ရ ပါတယ်။ အခြားသောဝတ်ရွတ်စဉ်တွေမှာပါနေကျ အခန်းကဏ္ဍများအပြင် စွယ်တော်၊ ဓာတ်တော်ဘုရားရှိခိုးများ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ ဘုရားရှိခိုးများ၊ ခန္ဓသုတ်လာ မေတ္တာပွားများနည်း၊ နတ်တို့ချစ်စေသော သမစိတ္တသုတ်၊ မည်သူတစ်ဦးတစ်ယောက်မျှ ဘေးအန္တရာယ်မပြုနိုင်သော ဂုဏ်တော်၊ သမထ ဘာဝနာပွားများနည်း၊ ဝိပဿနာဘာဝနာပွားများနည်း အစရှိတဲ့ လိုအပ်ရာရာတွေကို စီစဉ်တင်ပြထားတာကို တွေ့ရပါတယ်။

စီစဉ်ရေးသားရာမှာလည်း စာဖတ်ပရိသတ်များ ရှင်းလင်း လွယ်ကူစွာ နားလည်သဘောပေါက်နိုင်စေရန် အခြေခံအခန်း(၁)မှ စပြီး အဆင့်မြင့်အခန်း(၁၁)အထိ - ထိထိမိမိဖြစ်ရအောင် စီစဉ်ရေးသား ထားပါတယ်။ လူသားတို့ရဲ့အတွင်း အဇ္ဈတ္တသန္တာန်မှာ လောင်လို့မဆုံးနိုင်တဲ့ ရာဂမီး၊ ဒေါသမီး၊ မောဟမီး စသော (၁၁)ပါးသော အပူမီးတို့

http://www.dhammadownload.com



ငြိမ်းအေးချမ်းသာစေရန် ရည်သန်၍ အခန်းကဏ္ဍ (၁၁)ခန်းတို့ဖြင့် ရေးသားတင်ပြထားခြင်းဖြစ်တယ်လို့ လှရတနာဆရာတော်က အမိန့်ရှိပါတယ်။ ငွေဆောင်၊ ချောင်းသာ၊ ပေလီအစရှိတဲ့ ပင်လယ်ပြင်တွေကို အပန်းဖြေခရီးထွက်ကြတဲ့အခါမှာ ကလေးငယ်တွေက ကမ်းစပ်မှာ အပန်းဖြေ ဆော့ကစားကြသလို၊ အရွယ်ရောက် ပြီးသူများကတော့ ကမ်းစပ်နဲ့ခပ်ဝေးဝေးမှာ၊ လူကြီးရေကူးတတ်သူများကတော့ ကမ်းစပ်နဲ့ အဝေးဆုံးရေနက်ရာတွေ မှာ သွားရောက်ဆော့ကစားလေ့ရှိကြပါတယ်။ အဲဒီလိုပါပဲ -**"လှရတနာစွယ်တော်ဝတ်ရွတ်စဉ်"** ဟာလည်း၊ အသက်အရွယ်အလိုက်၊ မိမိတို့ဉာဏ်အနုအရင့်အလိုက် အခန်းကဏ္ဍများ ခွဲခြားပြီး လေ့လာမှတ်သားနိုင်ကြပါတယ်။

**အခန်း(၁)**။ ။ သီလဆောက်တည်ခန်းမှာတော့ ပါနေကျ သီလဆောက်တည်နည်းများအပြင် လူပျိုစင်၊ အပျိုစင်တို့ သီလဆောက်တည်နည်း၊ ဧကဘတ္တိကသီလဆောက်တည်နည်း၊ အသက်မွေးဝမ်းကြောင်းစင်ကြယ်မှု သီလဆောက်တည်နည်း အစရှိတဲ့ သီလနှင့်စပ်သောအချက်အလက်များ အပြည့်အစုံပါဝင်ပါတယ်။

**အခန်း (၂)**။ ။ ဘုရားအနေကဇာတင်ခန်း၌ မိမိတို့အိမ်ရှိ ဘုရားဆင်းတုရုပ်ပွားတို့ကို သံဃာတော် အရှင်မြတ်တို့ အနေကဇာတင်ပြီးသောအခါ လူပုဂ္ဂိုလ်များလည်း အနေကဇာတင်ရွတ်ဖတ် ပူဇော်နိုင်ပေသည်။ **"အနေကဇာတင်"**ဟူသည်- ဘုရားဟောမှုခပါဠိ ပါဠိတော်တော်များကို ရွတ်ဖတ်ပူဇော်ခြင်းပင်ဖြစ်ရာ (ဘုရားဟောမင်္ဂလသုတ်၊ မေတ္တာသုတ်၊ ခမ္မစကြာစသောပါဠိတော်တွေကိုပင် ရွတ်ဖတ်ပူဇော်နေကြသော) လူပုဂ္ဂိုလ်များလည်း ဘုရားဟောပါဠိတော်များကို ရွတ်ဖတ်လျက် အနေကဇာတင် ကောင်းသည်သာဖြစ်၏။ တချို့က လူပုဂ္ဂိုလ်တွေ အနေကဇာ မတင်ကောင်းဟူ၍ အမှတ်မှားကြသည်။ သို့သော် ပထမအကြိမ်

http://www.dhammadownload.com



အနေကဇာတင်ရာ၌မူ လူသားပုဂ္ဂိုလ်တွေထက် သီလစင်ကြယ်တော်မူကြသော ရဟန်းသံဃာတော်တို့ဖြင့် အနေကဇာတင် ပူဇော်ရပါမည်။

## မြန်မာပြည်မှ စွယ်တော်စေတီများ

**အခန်း(၃)**။ ။ ဒီအခန်းကဏ္ဍကတော့ ဒီစာအုပ်ရဲ့ အဓိကကျတဲ့ အခန်းဘဲဖြစ်ပါတယ်။ ဒီအခန်း(၃)မှာတော့ အခြားအခြားသော ဝတ်ရွတ်စဉ်စာအုပ်တွေမှာ မပါရှိတဲ့ စွယ်တော်ဓာတ်တော်ဆိုင်ရာ ဘုရားရှိခိုးများကို ဂုဏ်တော် ကို ပုံပေါ်သည်အထိ ပူဇော်ကန်တော့နိုင်ဖို့ ကျမ်းဂန်တတ်ဆရာတော်ကြီးများရဲ့ ဘုရားရှိခိုးအမျိုးမျိုးတို့ကို ကြိုးစားရှာဖွေတင်ပြထားပါတယ်။ မြန်မာနိုင်ငံ ရန်ကုန်၊ မန္တလေးမြို့များတွင်ရှိသော စွယ်တော်စေတီများ၊ ပုဂံမြို့ အနီးတဝိုက်မှ ရွှေစည်းခုံစသော လေးဆူသော စွယ်တော်စေတီများ၊ ပေါင်းတည်၊ အုတ်ဖို၊ ပြည်၊ သရက်မြို့ စသည်တို့မှာလည်း စွယ်တော်စေတီများ အထင်ကရ တည်ရှိနေကြပါတယ်။ ထိုထိုသော မြို့ကြီးများမှာ ရှိနေကြ တဲ့ စွယ်တော်စေတီများကို ပူဇော်ရာမှာ အဲဒီ စွယ်တော်ဓာတ်တော်များရဲ့ ဂုဏ်ကို အာရုံမှာထင်လာအောင် ပူဇော်ကန်တော့နိုင်ဖို့ ဒီအခန်း(၃)က တာဝန်ယူပါလိမ့်မယ်။

## ဘုရားရှိခိုးအမျိုးမျိုး

ဒါတွင်မက မာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ ဆိုင်ရာဘုရားရှိခိုးများ၊ ဘုရားရှင် အားလုံးနှင့်သက်ဆိုင်သော ဗုဒ္ဓပ္ပါဒ ဘုရားရှိခိုး၊ တစ်ဂါထာတည်းနဲ့ ဘုရားဂုဏ်တော်အားလုံး သိမ်းကျုံးပါဝင်သော (ဇိနာလင်္ကာရကျမ်းလာ) သဗ္ဗဗုဒ္ဓဂုဏသင်္ဂါဟိကဂါထာ ဘုရားရှိခိုး၊ ကိစ္စမျိုးစုံတို့ကို ပြီးစီးအောင်မြင်နိုင်သော သိဒ္ဓမင်္ဂလာဘုရားရှိခိုး၊ တန်ခိုးထက်မြက်သော မဟာဝဇီရဉာဏ်တော်ဘုရားရှိခိုး၊ လူသာမန်တို့ မတွေးခေါ် မကြံစည်နိုင်လောက်အောင် အကျိုးပေးထက်သန်သော အစိန္တိယဂါထာဘုရားရှိခိုး၊ ရဟန္တာအရှင်မြတ်ကြီးတို့ကိုယ်တိုင် မြတ်ဗုဒ္ဓကို

http://www.dhammadownload.com



ရှိခိုးကန်တော့ပုံပြ နာဂဝန္ဒနာ၊ ဘုရားရှင်ခြေလက်ထက်တော်က မြတ်ဗုဒ္ဓကို ရှေ့တော်မှောက်မှာပင် အကြိမ်ကြိမ်ရွတ်ဆိုရှိခိုးခဲ့ကြသော အင်္ဂီရသ ဝန္ဒနာ၊ ရတနာသုံးပါးလုံးကိုပေါင်းစု၍ ရှိခိုးကန်တော့ပုံ၊ လှူဒါန်းမှု ပင့်ဖိတ်မှု ဆုတောင်းမှုတို့ပါဝင်သော ရတနတ္တယဂုဏာနုဘာဝသံသူစက ဘုရားရှိခိုးတော်ကြီး အစရှိသဖြင့် ရတနာ သုံးပါးနှင့် စပ်ဆိုင်သော အကြောင်းအရာများစွာတို့နဲ့ ဂုဏ်တော်ကို ပုံပေါ်အောင် ကြိုးစားအားထုတ်တင်ပြထားပါတယ်။

**အခန်း (၄)**။ ။ ဒီအခန်းကတော့ ရတနာသုံးပါးကို လှူဘွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းမှုဆိုင်ရာများကို တင်ပြထားပါတယ်။

**မေတ္တာပွားနည်း အဖုံဖုံ**

**အခန်း (၅)**။ ။ ဒီအခန်းကတော့ မေတ္တာဘာဝနာပွားများခန်း ဖြစ်ပါတယ်။ မေတ္တာဘာဝနာပွားများရာတွင် ထားရှိရမယ့် စိတ်နေစိတ်ထား၊ မေတ္တာသုတ်လာ မေတ္တာပွားများနည်း၊ အရပ်(၁၀)မျက်နှာ မေတ္တာပို့သနည်း၊ ခန္ဓသုတ်လာ မေတ္တာပွားများနည်း၊ အလုံးစုံတို့နှင့် ဆက်စပ်ယှက်နွယ်သော မေတ္တာပွားများနည်း၊ အကြည်ဓာတ် (၆)ပါး မေတ္တာပွားများနည်း၊ တိုင်းတစ်ပါးသို့ဖြစ်စေ၊ ပြည်တွင်းအခြားမြို့ရွာရပ်ကွက်၊ အိမ်၊ ကျောင်း တစ်ခုခုသို့ဖြစ်စေ သွားကြမည်ဆိုပါက ခရီးသွားမေတ္တာပွားများနည်း အစရှိတဲ့ မေတ္တာပွားပုံ နည်းမျိုးစုံကို ရွေးထုတ်တင်ပြ ထားတဲ့ ဒီအခန်းကဏ္ဍကလည်း ဖတ်ကြည့်ရုံမျှနဲ့ စိတ်အစဉ်ကြည်လင်အေးချမ်းသွားစေနိုင်လောက်ပါတယ်။

**အခန်း (၆)**။ ။ ဒီအခန်းကဏ္ဍကတော့ ဆုတောင်းအမျှဝေခန်း ဖြစ်ပါတယ်။ ဘုရားရှိခိုးခြင်း၊ ဝတ်ရွတ်စဉ်နဲ့ ပူဇော်ခြင်းပြုလုပ်သူတို့မှာ ရရှိနိုင်တဲ့အကျိုးတရားများ၊ မိမိ ရရှိထားသော ကုသိုလ်ကောင်းမှုကို အမျှဝေပေး လိုက်တာကြောင့် ထပ်ဆင့်ရရှိနိုင်သော အကျိုးဆက်များ၊

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်အောင် ဆုတောင်းပုံ၊ အမျှဝေပုံ၊ မေတ္တာခါတ်ခံယူပုံများ၊ ပိဋကတ်ကျမ်းလာအဖြာဖြာတို့မှ ရှာဖွေထုတ်နုတ်တင်ပြထား ပါတယ်။

**အခန်း (၇)**။ ။ ဒီအခန်းကတော့ ပရိတ်ကြီး (၁၁)သုတ်ပါဠိတော်များကို တွေ့ကြရမှာဖြစ်ပါတယ်။ ပရိတ်တော် မရွတ်ဖတ်မီ နတ်ပြဟ္မာတို့အား တရားနာဖိတ်ကြားရာတွင် တောင်တန်းသာသနာပြုဆရာတော်ကြီးရဲ့ နတ်ပင့်ကို မူထားပြီး စာပေကျမ်းဂန်တို့၌လာရှိသော တရားနာဝါသနာပါကြတဲ့ နတ်ပြဟ္မာများကို ရှာဖွေတင်ပြထားပါတယ်။

## နတ်တွေချစ်၍ သာဓုခေါ်သော သုတ္တန်၊ ဂါထာများ

**အခန်း (၈)**။ ။ ဒီအခန်းကဏ္ဍကတော့ အကျိုးလည်းရှိ၊ သက်ရောက်မှုတန်ဖိုးလည်းကြီးမားတဲ့ ပါဠိတော်များကို တွေ့ရပါတယ်။ အခြားသောဝတ်ရွတ်စဉ်တို့၌ ပါရှိသော သုတ္တန်များ၊ အဘိဓမ္မာပါဠိတော်များအပြင် နတ်ပြဟ္မာ တို့အထူးနှစ်သက် သဘောကျသော သမစိတ္တသုတ်၊ ကျန်းမာရေးအတွက် အထူးအစွမ်းထက်လှသော ဂိရိမာနန္ဒ သုတ်၊ တိပိဋကဓရမင်းကွန်းဆရာတော်ကြီးစီစဉ်သော ဗောဇ္ဈင်သုံးမျိုးပရိတ်တော်၊ နတ်တို့ရဲ့ချစ်ခင်နှစ်သက်ခြင်းကို ခံရပြီး နတ်တို့သာဓုခေါ်သောဂါထာ၊ ပွင့်တော်မူကြပြီးသော ဘုရားရှင်တိုင်း ရွတ်ဆိုတော်မူခဲ့ကြတဲ့ ဩဝါဒပါတိမောက်ဂါထာ အစရှိတဲ့ ဂါထာပါဠိတွေများထဲက မိမိတို့သဘောတွေ့ရာကို ရွေးချယ်ရွတ်ဆိုပူဇော်နိုင်ကြပါတယ်။

## ပန်းမျိုးစုံသော ပန်းစု ပန်းပုံကြီး

**အခန်း (၉)**။ ။ အခန်း (၉)သည်ကား အန္တရာယ်ကင်းအဆောင်ဂါထာများဖြစ်သည်။ ဤအခန်း၌ အထူးမိတ်ဆက် ပေးစရာမလိုပါချေ။ ပန်းပွင့်မျိုးစုံပါဝင်သော ပန်းပုံကြီးထဲမှ မိမိတို့ကြိုက်နှစ်သက်ရာပန်းပွင့်တို့ကို ယူပြီး သီကုံးပန်ဆင် နိုင်သလို မိမိတို့ ကြိုက်နှစ်သက်ရာ အဆောင်ဂါထာ

http://www.dhammadownload.com



တို့ကို ရွတ်ဖတ်ပူဇော်နိုင်ပါသည်။ ကျက်သရေ မင်္ဂလာရှိချင်ပါ သလား၊ ဘေးရန်အန္တရာယ်ကင်းလိုပါသလား၊ မိမိတို့ ခဲရာခဲဆစ်ရှာဖွေထားရသော ပစ္စည်းဥစ္စာတို့ ဘေးရန်အန္တရာယ်ကြောင့် မပျောက်မပျက်လိုပါသလား၊ ခရီးသွားလျှင် အန္တရာယ်ကင်းလိုပါသလား၊ တစ္ဆေသရဲ ပယောဂဘေးရန်တို့မှ ကင်းဝေးလိုပါသလား၊ အချုပ်အနှောင်အဖွဲ့တို့မှ လွတ်မြောက်လိုပါသလား မဲကောင်းကောင်း (ထီ)ပေါက်စေလိုပါသလား၊ မထိတ်လန့် မကြောက်ရွံ့ရဘဲ အသက်ရှည်စေလိုပါသလား စသည်ဖြင့် မိမိကြိုက်ရာ ကြိုက်ရာ ကျက်မှတ် ရွတ်ဆိုပူဇော်နိုင်ပါသည်။

**အခန်း (၁၀)**။ ။ ဒီအခန်းကဏ္ဍကတော့ စတုရာရက္ခသမထဘာဝနာ ပွားများခန်းဖြစ်ပါတယ်။ နိဗ္ဗာန်ရောက် ကြောင်း ဝိပဿနာဘာဝနာအလုပ် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်အားလုံးတို့အနေနဲ့ အထောက်အပံ့ကောင်း ဖြစ်စေနိုင်ဖို့ ဒီစတုရာရက္ခဘာဝနာကို ပွားများထားသင့်ပါတယ်။ စတုရာရက္ခဘာဝနာလို့ခေါ်တဲ့ သမထဘာဝနာ လေးမျိုးကို နေ့စဉ်ပွားများ ထားပါက အကုသိုလ်စိတ်များ ဖြစ်ခွင့်နည်းပါးသွားပြီး စိတ်အစဉ်များ ဖြူစင်သန့်ရှင်း လာစေနိုင်ပါတယ်။ သံဝေဂဉာဏ် ရင့်သန်ခြင်းရဲ့ အခြေခံလည်းဖြစ်၊ ဝိပဿနာဉာဏ်ရဲ့ အခြေခံအကြောင်းရင်း လည်းဖြစ်တဲ့ ဒီစတုရာရက္ခဘာဝနာကို ဒုက္ခအပေါင်းကကင်းလွတ် နိဗ္ဗာန်ကို စိတ်ညွတ် သူတိုင်း ပွားများအားထုတ် ထားဖို့ လိုအပ်ပါတယ်။

## ဝိပဿနာ အဖြာဖြာ

**အခန်း (၁၁)**။ ။ နောက်ဆုံးပိတ်အိတ်နဲ့လွယ် ဆိုတဲ့အတိုင်း ဗုဒ္ဓဘာသာဝင်တို့ရဲ့ အန္တိမပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်စေနိုင်တဲ့ ဝိပဿနာဘာဝနာ သစ္စာလေးပါးပွားများခန်းဖြစ်ပါတယ်။ ရှေ့ပိုင်း (၁၀)ခန်းမှာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအခန်းကဏ္ဍမှာတော့ ကုသိုလ်အားလုံးတို့တွင်

http://www.dhammadownload.com



အမြတ်ဆုံး ကုသိုလ်ဖြစ်တဲ့ ဝိပဿနာဘာဝနာပွားများနည်းတို့ကို ဝိဇယသုတ္တန်နည်း၊ အနတ္တလက္ခဏသုတ္တန်နည်း၊ ဗာတိယသုတ္တန်နည်း၊ စူဠရာဟုလောဝါဒသုတ္တန်နည်း စသဖြင့် နည်းပေါင်းစုံလင်စွာ စီစဉ်တင်ပြထားတာကို တွေ့ရပါတယ်။

မြတ်ဗုဒ္ဓသည် ရှေ့ပိုင်းတွေမှာ ဇာတ်နိပါတ်တွေနဲ့ လူတို့စိတ်အစဉ်ကို ဆွဲဆောင်ဟောကြားခဲ့သော်လည်း တရားရဲ့ နိဂုံးပိုင်းရောက်ချိန်မှာတော့ သစ္စာဒေသနာတော်နဲ့ အဆုံးသတ် လေ့ရှိပါတယ်။ ဒီအခါမှာ တရားနာပရိတ်သတ်ပေါင်း များစွာတို့ဟာ သစ္စာအမြင်ရှင်သန်ပွင့်လင်းပြီး ခန္ဓာအရှိကို ဉာဏ်သတိနဲ့ ထိုးထွင်းသိမြင်ကာ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုသွားကြပါတယ်။ မြတ်ဗုဒ္ဓရဲ့ ဟောစဉ်ဒေသနာတော်အတိုင်း ဟောဒီ **"လှျရတနာ စွယ်တော်ဝတ်ရွတ်စဉ်"** ကိုလည်း သစ္စာလေးပါး ပွားများနည်း **"စတုသစ္စ ကမ္မဋ္ဌာန်း"** နဲ့ နိဂုံးချုပ်အဆုံးသတ်ထားတာကို တွေ့ရပါတယ်။ စုံနိုင်သမျှစုံအောင် လွယ်လင့်တကူသိရှိနားလည်နိုင်အောင်ဆိုတဲ့ စေတနာနဲ့ စတုသစ္စ ကမ္မဋ္ဌာန်းနှင့်ပတ်သက်သော မင်းကွန်းတိပိဋကဆရာတော်၊ မဟာစည်ဆရာတော်၊ လယ်တီဆရာတော်၊ မိုးကုတ်ဆရာတော်တို့ရဲ့ ဆိုင်ရာဆိုင်ရာ လင်္ကာစုံလင်စွာစီစဉ်တင်ပြ ထားတာဟာလည်း လွန်စွာမှ တန်ဖိုးရှိလှပါတယ်။

## လိုတရ စွယ်စုံဝတ်ရွတ်စဉ်

ပိဋကတ်ကျမ်းဂန်လာ ပါဠိတော်၊ ဂါထာ၊ လင်္ကာများထဲမှ အကျိုးဖြစ်ထွန်းနိုင်မယ့် အချက်လက်များကို ပါနိုင်သမျှပါ၊ စုံနိုင်သမျှစုံအောင် စီစဉ်တင်ပြထားတဲ့ ဒီ **"စွယ်တော် ဝတ်ရွတ်စဉ်"** ဟာ လူငယ်၊ လူလတ်၊ လူကြီးအားလုံးတို့အနေနဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဆိုင်ရာ ကြိုက်ရာကြိုက်ရာကို နှိုက်ကာနှိုက်ကာ အသင့်စားသုံးနိုင်တဲ့ **"လိုတရ စွယ်စုံဝတ်ရွတ်စဉ်"** လို့ပင် ဆိုလိုက်ချင်ပါတော့တယ်။

http://www.dhammadownload.com



"မမှီဝဲအပ်သော တရားတို့ကို မှီဝဲ၍ မှီဝဲအပ်သော တရားတို့ကို မမှီဝဲသော၊ မချဉ်းကပ်အပ်သော တရားတို့ကို ချဉ်းကပ်၍ ချဉ်းကပ်အပ်သော တရားတို့ကို မချဉ်းကပ်သော ထိုသူအား အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သော တရားတို့သည် တိုးပွားကုန်၏။ အလိုရှိအပ်၊ နှစ်သက်အပ် မြတ်နိုးအပ်သော တရားတို့သည် ဆုတ်ယုတ်ကုန်၏" (မူလပဏ္ဏာသ၊ စူဠယမကဝဂ်၊ မဟာဓမ္မသမာဒါနသုတ်)

စာဖတ်သူတို့အနေနဲ့လည်း မိမိတို့ရဲ့ လုပ်ဆောင်ချက်များ အပေါ်မှာ အဖန်ဖန် စီစစ်သုံးသပ်ပြီး လုပ်သင့်သော အလုပ်လား၊ မလုပ်သင့်သောအလုပ်လားဆိုတာ၊ အထပ်ထပ်ဝေဖန် သုံးသပ်သင့်ပါပေတယ်။ မလုပ်သင့် မလုပ်ထိုက်၊ မလုပ်အပ်တဲ့အလုပ်တွေ ပြုလုပ်နေမယ် ဆိုခဲ့ရင်တော့ မလိုချင် မရချင် မတွေ့ချင်တဲ့ မကောင်းသောအတွေ့အကြုံ၊ မကောင်းသောရလဒ်၊ မကောင်းသော အဖြစ်အပျက်များကို တွေ့ကြုံခံစားရမှာ မလွဲပါဘူး။ ကောင်းတဲ့အလုပ်၊ ကောင်းတဲ့အကြံအစည်၊ ကောင်းတဲ့အပြောအဆိုတွေကို ပြုလုပ်အားထုတ်ခဲ့မယ် ဆိုရင်တော့ - မိမိတို့အလိုရှိ၊ တောင့်တ၊ မျှော်လင့်နေကြတဲ့ ကောင်းကျိုးတရားတွေကို မုချခံစားနိုင်ကြပါတယ်။

## မြတ်ဗုဒ္ဓတိုင်း၏ တိုက်တွန်းချက်

ပဒုမုတ္တိုရ် ဘုရားရှင်က သုဘူတိ မထေရ်လောင်း ကောသိယ ရသေ့အား ဘုရားရှင်တို့၏ဂုဏ်ကို ရွတ်ဆို ဆင်ခြင်ပွားများ ရှိခိုးကန်တော့ရန်၊ အဲဒီလိုရွတ်ဆိုဆင်ခြင်ပွားများ ရှိခိုးကန်တော့ပါက လိုလားတောင့်တတဲ့ စိတ်အကြံအစည်မှန်သမျှတို့ဟာ အယုံးစုံပြည့်ဝအောင်မြင်နိုင်ကြောင်းကို သုဘူတိထေရာပဒါန်မှာ မိန့်မှာ တိုက်တွန်းတော်မူခဲ့ပါတယ်။ စာရေးသူ၊ စာရှုသူတို့ရဲ့ ဂေါတမမြတ်ဗုဒ္ဓကလည်း ဓဇဂ္ဂသုတ်ပရိတ်တော်၌ **"အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယ်တုမှာက နောသိယာ-မြတ်ဘုရားကို**

http://www.dhammadownload.com



**အောက်မေ့သတိရကြကုန်လော့၊ ယင်းသို့ အောက်မေ့သတိရကြလျှင် သင်တို့အား ဘေးရန်အန္တရာယ်တို့ မဖြစ်စေနိုင်ပေ"** လို့ ထပ်မံတိုက်တွန်းလမ်းညွှန် ခဲ့ပါတယ်။

အဆက်ဆက်ပွင့်တော်မူခဲ့ကြပြီးသော မြတ်ဗုဒ္ဓတို့ရဲ့ တိုက်တွန်းမိန့်မှာချက်အရ- လောကတွင်အတူမရှိ အတုမရှိသော မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်များ၊ ထပ်တူပြုစရာ၊ အစားထိုးစရာ၊ နှိုင်းယှဉ်စရာ၊ တစ်စုံတစ်ခုမျှ မရှိသော မြတ်ဗုဒ္ဓရဲ့ ကျေးဇူးတော်များကို အာရုံမှာပုံဖော် ပူဇော်ကန်တော့ကြခြင်းဖြင့် များပြားလှစွာသော ဘေးအပေါင်း၊ ရန်အပေါင်း၊ အန္တရာယ်အပေါင်းတို့မှ ကင်းဝေးနိုင်ကြပါစေ။ မိမိတို့ အသီးသီး မျှော်လင့်တောင့်တနေသော ကောင်းကျိုးလိုအင်ဆန္ဒများနဲ့ ပြည့်စုံနိုင်ကြပါစေလို့ စေတနာဆန္ဒဖြင့် . . .

**ဝေမိုး (ကျွန်းလှ)**
**၂၅ • ၅ • ၂၀၀၃**

http://www.dhammadownload.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
# ဝရဓာတုနဋ္ဌ ဝရဒါဌာယစ၊

## လာ့ရတနာ စွယ်တော်ဝတ်ရွတ်စဉ်
## စာအုပ်ပြစ်ပေါ်လာပုံ

### ကလိင်္ဂတိုင်း ဒန္တပူရမြို့သို့ ဗုဒ္ဓမြတ်စွယ်တော် ရောက်ရှိပုံ

ဗုဒ္ဓမြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော် မူပြီးသည်ရှိသော် ဘုရားရှင်၏ ရုပ်ကလာပ် တေဇောဓာတ် လောင်တော်မူစဉ် အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ တပည့်ရဟန္တာ အရှင်ခေမာသည် မီးသင်္ဂြိုဟ်ရာ စန္ဒကူးနံ့သာ ထင်းပုံမှ လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်ကို တန်ခိုးတော်ဖြင့် ယူဆောင်၍ ကလိင်္ဂတိုင်း၊ ဗြဟ္မဒတ်မင်းအား အပ်နှင်းပါသည်။

ဗြဟ္မဒတ်မင်းသည် စွယ်တော်မြတ်ကိန်းဝပ်ရန် အဖိုးများစွာ ထိုက်တန်သော စံကျောင်းတော်၊ ရတနာ အင်းပျဉ်၊ ရတနာကြုတ်တို့ကို ပြုလုပ်စေလျက် စွယ်တော်မြတ်ကို ရတနာကြုတ်အတွင်းထည့်သွင်းလျက် ပူဇော်ဖွယ် ဝတ္ထုမျိုးစုံဖြင့် နေ့ညမပြတ် မြတ်နိုးကော်ရော် ရှိခိုးပူဇော်လေသည်။ ဗြဟ္မဒတ်မင်း၏ သားများဖြစ်ကြသော ကာသိမင်း၊ သုနန္ဒမင်း စသော ဘုရင်အဆက်ဆက်တို့လည်း စွယ်တော်မြတ်ကို ကိုးကွယ်ပူဇော်ကြလေသည်။

### သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့သို့ ဗုဒ္ဓမြတ်စွယ်တော် ရောက်ရှိပုံ

စွယ်တော်မြတ်ကို ကိုးကွယ်လိုမှု အကြောင်းပြု၍ စစ်ပွဲကြီးများ အကြိမ်များစွာဖြစ်ပွားခဲ့ရာ ဂုဟသီဝမင်း ကျဆုံးသွားသောအခါ၌ ခမည်းတော် ဂုဟသီဝမင်း၏ ကြိုတင်မှာထားချက်အရ ဟေမမာလာ မင်းသမီးသည် ခင်ပွန်း ဒန္တကုမာရ မင်းသားနှင့်အတူ စွယ်တော်မြတ်ကို ပင့်ဆောင်၍ အိန္ဒိယနိုင်ငံ ကလိင်္ဂတိုင်း၊ ဒန္တပူရမြို့တော်မှ ထွက်ပြေး

http://www.dhammadownload.com



တိမ်းရှောင်ခဲ့ပြီး ကုန်းလမ်း၊ ရေလမ်း ခရီးအမျိုးမျိုးဖြင့် ပင်ပန်းခဲယဉ်းစွာ လာခဲ့ကြရာ မဟာသေနမင်း၏ သားတော် ကိတ္တိသီရိမေဃမင်း နန်းစံ(၉) နှစ်၊ သာသနာတော် သက္ကရာဇ် (၈၅၅) ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ အနုရာ-မြို့တော်သို့ ရောက်ရှိလာကြသည်။ ကိတ္တိသီရိမေဃမင်း သည် လက်ဝဲအောက်ခါတ် စွယ်တော်မြတ်၏ တန်ခိုးပြာဋိဟာကို ဖူးမြင်ကြည်ညိုရ၍ သီဟိုဠ်ကျွန်း၊ ထီးနန်းမင်းစည်းစိမ်ဖြင့် စွယ်တော်မြတ်ကို ပူဇော်လေသည်။ ကိတ္တိသီရိမေဃမင်း လက်ထက်မှစ၍ စွယ်တော်မြတ်ကို သီဟိုဠ်ကျွန်းမင်း အစဉ် အဆက်တို့ ကိုးကွယ် ပူဇော်လာခဲ့ကြရာ ယခုအခါ၌မူ စွယ်တော် မြတ်သည် သီရိလင်္ကာနိုင်ငံ၏ ဒုတိယမြို့တော် ကန္ဒီမြို့၊ ဂန္ဓကုဋီ စွယ်တော် တိုက်၌ သီတင်းသုံး အပူဇော်ခံလျက်ရှိပါသည်။

## မြန်မာနိုင်ငံ ရန်ကုန်မြို့ ပါဠိတက္ကသိုလ်ညောင်တုန်းတိုက် လှေ့ရတနာကျောင်းသို့ စွယ်တော်ပွား ရောက်ရှိပုံ

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ရွှေရည်ဝန်းကုမ္ပဏီ စက္ကူဆိုင်နှင့် ပုံနှိပ်တိုက် ပိုင်ရှင် ဦးသိန်းလှိုင်သည် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၊ ဂန္ဓကုဋီစွယ်တော်တိုက် စွယ်တော်ကြုတ်အတွင်း၌ ကိန်းဝပ်စမွယ် အပူဇော်ခံလျက်ရှိသော အသမ္ဘိန္နဓာတ်တော်နွယ်ဝင် လက်ဝဲ အောက်ခါတ် စွယ်တော်မြတ်ကို လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်၍ အတူထိစပ် ကိန်းဝပ်စေကာ ပွားယူပြီး (၁၂. ၈. ၂၀၀၂)နေ့ တွင် သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသော စွယ်တော်မြတ်သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်း တိုက်အတွင်းရှိ ဦးရှမ်း၊ ဒေါ်ခင်သန်း မိသားစုတို့ ဆောက်လုပ် လှူဒါန်းအပ်သော လှေ့ရတနာသုံးထပ် တိုက်ကျောင်းသို့ **"ဩဇာသီးရင့် စွယ်တော်ပင့် ဆန်းစ စနေ တော်သလင်းပေ"** ဟူသော မှတ်တမ်းနှင့် အညီ တော်သလင်းလဆန်း (၁) ရက်၊ (၇. ၉. ၂၀၀၂)စနေနေ့ နံနက်(၈:၃၀)နာရီ အချိန်တွင် ကြွရောက်တော်မူလာပါသည်။

http://www.dhammadownload.com



## စွယ်တော် ရတနာစေတီ တည်ထားပုံ

၁၃၆၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက်၊ (၁. ၁၂. ၂၀၀၂)တနင်္ဂနွေနေ့တွင် စွယ်တော်မြတ် အပါအဝင် ဓာတ်တော်၊ မွေတော်များနှင့် စေတီ (၄) ပါးတို့ကို ဌပနာလျက် ရှိုင်းဟုပ်ကုမ္ပဏီ ဒေါက်တာ ဒေါ်ခင်ခင်ရီ အမှူးရှိသော (၇) ရက်သားသမီး အများစုပေါင်းကောင်းမှုဖြင့် နဝရတ်ကိုးသွယ် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသော ရတနာများဖြင့် စီခြယ် မွမ်းမံထားသော **"စွယ်တော်ရတနာစေတီ"**ကို စတင်တည်ထား ပါသည်။ စွယ်တော်ရတနာစေတီအတွင်းရှိ ရွှေကြာပွင့်၊ ရွှေသပိတ်နှင့် ငွေကြုတ် အတွင်း၌ ဘုရားရှင်၏ စွယ်တော် ဓာတ်တော်များ၊ ရဟန္တာတို့၏ ဓာတ်တော်များ = **ဓာတုစေတီ**၊ ရွှေပေလွှာ၊ ငွေပေလွှာ၊ ကြေးပေလွှာတို့၌ ဗုဒ္ဓဟောကြား တရားတော်များ = **ဓမ္မစေတီ**၊ ရွှေပလ္လင်ထက်၌ ဆင်စွယ်ဖြင့် ထုလုပ်အပ်သော ဝိပဿီစသော ဘုရား(၇)ဆူ = **ဥဒ္ဒိဿစေတီ**၊ ရတနာပလ္လင်ထက်၌ ဗုဒ္ဓဂယာနှင့် သီရိလင်္ကာမှ ဗောဓိညောင်ရွက်များ၊ အိန္ဒိယနိုင်ငံ သံဝေဇနိယ(၄)ဌာန အောင်မြေများ သင်္ကန်းတော်များ= **ပရိဘောဂစေတီ** အားဖြင့် **စေတီ(၄)ပါး** တို့ကို ထည့်သွင်း ပူဇော် ထားပါသည်။

ညောင်တုန်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏမထေရ် ၏လက်ထက်၌ စာချ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပဋ္ဌမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာ ပြန်အကျော်၊ သ. စ. အ ဓမ္မာစရိယ ဝင့်သကာ၊ ဝိနယပါဠိ ပါရဂူ)၊ ရွှေဥရတနာရွှေဆိုင် ဒေါ်နုနုဝေ (ဒေါ်ရွှေဥ)၊ ရွှေပန်းတိမ်ဆရာ ဦးထွန်းသိန်း တို့က ဦးဆောင်ကြီးကြပ်လျက် ဗိသုကာအင်ဂျင်နီယာ ဦးဣန္ဒသရိယ၊ ဦးမြင့်အောင်၊ ဦးသက်အောင်၊ ဦးအောင်ဟိန်းတို့က ပုံစံထုတ်ပြီး ညဏ်တော်အမြင့် (၂၁)လက်မ၊ ပန္နက်ခုံဗျက်အကျယ် (၁၃½)လက်မ အရွယ်ပမာဏရှိသည့် **"စွယ်တော်ရတနာစေတီ"**ကို တည်ထားကိုးကွယ် ကြပါသည်။

http://www.dhammadownload.com



## စွယ်တော် ရတနာစေတီကို ဓမ္မပူဇာဖြင့် ပူဇော်ကြပုံ

၁၃၆၄-ခုနှစ်၊တပေါင်းလဆန်း(၁၂)ရက်(၁၄.၃.၂၀၀၃) သောကြာနေ့တွင် ဦးဝင်းထွဋ်၊ ဦးသီဟ တို့က စွယ်တော်ရတနာ စေတီ၌ ရွှေထီးအထွဋ်တင် လှူဒါန်းပူဇော်ကြပါသည်။ တပေါင်း လဆန်း(၁၃)ရက်၊ (၁၄)ရက်၊ (၁၅)ရက်တို့တွင် စွယ်တော်ရတနာ စေတီကို တိပိဋကဓရ ယောဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ ရွှေပါရမီတောရ ပထမကျော် အရှင်ဆန္ဒာဓိက၊ ဓမ္မဒူတ ဇေတဝန်တောရ အရှင်ဆေကိန္ဒတို့၏ အထူး တရားပွဲတို့ဖြင့် ပူဇော်ကြပါမည်။ တပေါင်းလဆန်း(၁၂)ရက်၊ (၁၃)ရက်၊ (၁၄) ရက်၊ (၁၅)ရက်တို့တွင် စွယ်တော်ရတနာစေတီကို ဗုဒ္ဓဂယာ ဝတ်တက်အဖွဲ့၊ ဝက်ဘာ အမျိုးသမီးဝတ်တက်အဖွဲ့၊ လမ်း(၉၀)ဓမ္မာရုံ ဝတ်တက်အဖွဲ့၊ စမ်းချောင်း ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက ဝတ်တက်အဖွဲ့စသော ဝတ်တက် အဖွဲ့တို့က ဝတ်ပြု ရှိခိုးပူဇော်ကြပါမည်။ သို့ဖြစ်၍ စွယ်တော်၊ ဓာတ်တော်ဆိုင်ရာ ဘုရားရှိခိုး အမျိုးမျိုးပါဝင်သော ဝတ်ရွတ်စဉ်စာအုပ် စီစဉ်ပေးပါဟူ၍ ဘုရားအမ ဒေါ်ရွှေဥက လျှောက်ထားတောင်းပန်ပါသည်။ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၊ ကထိက အင်ဂျင်နီယာ ဦးမြင့်အောင် + ဒေါ်ကြိုင်ကြိုင် မိသားစုတို့က ဓမ္မဒါနစာအုပ်လှူဒါန်းပါမည်ဟု လျှောက်ထား လာပါသည်။ သို့ဖြစ်၍ ဝတ်တက်အဖွဲ့များနှင့် ဘုရားရှိခိုး ဝါသနာပါသော ပုဂ္ဂိုလ်များအတွက် ဤ **"လှရတနာ စွယ်တော်ဝတ်ရွတ်စဉ်"**ကို စီစဉ်ပေးရ ပါသည်။

## စီစဉ်ပုံအပိုင်း(၁၁)ပိုင်း

လှရတနာ စွယ်တော် ဝတ်ရွက်စဉ်ကို စီစဉ်ရာ၌

၁။ ဝတ်တက် ဝတ်ကပ် သီလဆောက်တည်ခန်း

၂။ ဘုရား အနေကဇာတင်ခန်း

၃။ ရတနာသုံးပါး ဂုဏ်တော်များဖြင့် ရှိခိုးခန်း

၄။ လှူဖွယ်ဝတ္ထုပစ္စည်း ကပ်လှူပူဇော်ခန်း

http://www.dhammadownload.com



၅။ မေတ္တာဘာဝနာ ပွားများခန်း
၆။ ဆုတောင်းအမျှ ပေးဝေခန်း
၇။ ပရိတ်ကြီး(၁၁)သုတ် ပါဠိတော်များ
၈။ ကျက်မှတ်ရွက်ဆိုရန် ပါဠိတော်များ
၉။ အန္တရာယ်ကင်း အဆောင်ဂါထာများ
၁၀။ စတုရာရက္ခသမထ ဘာဝနာ ပွားများနည်း
၁၁။ ဝိပဿနာဘာဝနာ သစ္စာလေးဖြာ ပွားများနည်း

အားဖြင့် အပိုင်းကဏ္ဍ(၁၁)ပိုင်း ပိုင်းခြားလျှက် စီစဉ်ထားပါသည်။ မိမိတို့ သဒ္ဓါစေတနာ ပညာရှိသလောက် ရွေးကောက်၍ အချိန်အခါအားလျော်စွာ ဝတ်တက် ဝတ်ကပ်မှုတို့ကို ပြုလုပ်နိုင်ပါသည်။

"**အချိန်အခါအားလျော်စွာ**"ဟူရာ၌ မိမိတို့အားလပ်မှုအချိန် အခါရရှိနိုင်မှုအပေါ် မူတည်၍ မိမိတို့ ကြိုက်နှစ်သက်ရာတို့ကို ရွေးချယ်လျှက် နေ့စဉ်နေ့တိုင်း ရွတ်ဖတ်ပူဇော်နိုင်ပါသည်။ ထို့ပြင် နယုန်လပြည့်နေ့၌ မဟာသမယသုတ်၊ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့၌ ဓမ္မစကြာသုတ်၊ သီးတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့၌ ပဋ္ဌာန်းပစ္စယနိဒ္ဒေသစသည်ဖြင့် အခါတော်နေ့များ အားလျော်စွာလည်း ရွတ်ဖတ်ပူဇော်နိုင်ပါသည်။

တပေါင်းလပြည့် (၁၇-၃-၂၀၀၃)တနင်္လာနေ့တွင် သံဃာတော် (၂၀၀)ကျော်အရှင်မြတ်တို့က စွယ်တော်ရတနာစေတီ အား ဗုဒ္ဓါဘိသိက် အောင်ဟိတ်မင်္ဂလာ အနေကဇာတင် ပူဇော်ကြလျှက် ဘုရားဒါယကာ+ ဒါယိကာမ အပေါင်းတို့က သံပုံရွှေစေတီ တည်သော ပုလိနထူပိယမထေရ်ကဲ့သို့ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ရည်သန်လျက် စွယ်တော်ရတနာစေတီနှင့် စပ်သမျှ လှူဒါန်းမှု အစုစုကို ရေစက်သွန်းချပြီး သတ္တဝါအားလုံးတို့အား ကုသိုလ်အမျှ ပေးဝေကြပါမည်။

http://www.dhammadownload.com



## ဓာတ်တော် စွယ်တော် ရှိခိုးပူဇော်ရကျိုးများ
## အဇာတသတ်မင်း၏ ဓာတ်တော်ပူဇော်ပွဲကြီး

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးသည့်နောက် ရုပ်ကလာပ်တော်ကို တေဇောဓာတ်လောင်ကျွမ်းသည့်အခါ ဓာတုဝေနေယျ ပုဂ္ဂိုလ်တို့အတွက် ဘုရားရှင်၏ အဓိဋ္ဌာန်ချက်အရ သရီရဓာတ်တော်များ ကြွင်းကျန်ရစ်ခဲ့ပါသည်။ ပါမောက္ခ ဒေါဏပုဏ္ဏားကြီးသည် ကုသိနာရုံမြို့၌ ထိုသရီရဓာတ်တော်တို့ကို ရှစ်ပြည်ထောင်စု မင်းတို့အား အညီအမျှ ပေးခဲ့ပါသည်။ အဇာတသတ်မင်းသည် မိမိရရှိသော သရီရဓာတ်တော်တို့ကို ကုသိနာရုံမြို့မှ ရာဇဂြိုဟ်မြို့သို့ (၇) နှစ်၊ (၇) လ၊ (၇) ရက်ကြာ ပင့်ဆောင်ယူ၍ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ဆင်ခြင်ပွားများလျက် ကြီးကျယ်ခမ်းနားသော ဓာတ်တော်ပူဇော်ပွဲကြီး ပြုလုပ်လေသည်။ ထိုဓာတ်တော်ပူဇော်ပွဲကြီး၌ သဒ္ဓါတရားဖြင့် ဓာတ်တော်တို့ကို ရှိခိုးသူ၊ ကြည်ညိုသူ၊ ပူဇော်သူတို့ ခရေတွက်နိုင်လောက်အောင်ပင် အထက်နတ်ပြည် သုဂတိသို့ ရောက်ကြရကုန်၏။ ဓာတ်တော်တို့ကို မကြည်ညိုသူ၊ အယူလွဲမှားသဖြင့် ပြစ်မှားသူ၊ ကဲ့ရဲ့ ပြစ်တင်သူပေါင်း ရှစ်သောင်း ခြောက်ထောင် တို့သည်ကား အပါယ်ဒုဂ္ဂတိ ပြိတ္တာဘုံဘဝ၌ ပြိတ္တာ ဖြစ်ကြရကုန်၏။

## ဓာတ်တော်တို့ကို ကဲ့ရဲ့သူနှင့် ပူဇော်သူများ

ရာဇဂြိုဟ်မြို့နေ သူဌေးသူကြွယ်တစ်ဦးသည် ဓာတ်တော်ပူဇော်ပွဲသို့ သွားကြမည့်ဇနီး၊ သမီး၊ ချွေးမတို့အား **"အရိုးတို့ကို ပူဇော်ခြင်းဖြင့် ဘာအကျိုး ရှိမှာလဲ"**ဟု ဓာတ်တော်ပူဇော်ခြင်းကို ကဲ့ရဲ့ပြစ်တင်ပြောဆိုမိသဖြင့် သေလွန်သောအခါ ဓာတုဝိဝဏ္ဏကမည်သော ပြိတ္တာဖြစ်လေသည်။ သင်း သူကြွယ်၏ဇနီး၊ သမီး၊ ချွေးမတို့သည်ကား ဓာတ်တော်တို့ကို ပန်းကြာပွင့်၊ အမွှေး၊ နံ့သာတို့ဖြင့် ရှိခိုးပူဇော်ခဲ့သောကြောင့် ကွယ်လွန်သောအခါ အထက် နတ်ပြည်၌ နတ်သမီးဖြစ်ကြရ လေသည်။ (ဓာတုဝိဝဏ္ဏက ပေတဝတ္ထု)

http://www.dhammadownload.com



## ရွှေဝါရောင် နတ်သမီး

အဇာတသတ်မင်းကြီး၏ ဓာတ်တော်ပူဇော်ပွဲကြီး ကျင်းပနေစဉ် ကာလအတွင်းမှာပင် ရာဇဂြိုဟ်မြို့သူ တစ်ဦးသည် ဓာတ်တော်တို့ကို ရည်မှန်း၍ ကြည်လင်သောစိတ်ဖြင့် အလွယ်တကူရသော သပွတ်ခါးနွယ်ပန်း (၄)ပွင့်တို့ကို ယူပြီး ဓာတ်တော်စေတီသို့ ရှေ့ရှုယူဆောင်လာခဲ့ရာ လမ်းခရီးမှာပင် နွားမတစ်ကောင်၏ ဝှေ့ကိုက် သတ်မှုကြောင့် ကွယ်လွန် သွားရရှာ၏။ ဓာတ်တော်စေတီသို့ လူမရောက်သေးသော်လည်း ဓာတ်တော်ကို ရည်မှတ်၍ ပန်းလှူသောစိတ်ကား ဖြစ်ပြီး၊ ရောက်ပြီးဖြစ်သောကြောင့် ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်၌ ရွှေဝါရောင်ကိုချည်း သုံးစွဲသော ရွှေနတ်သမီး ဖြစ်ရလေသည်။

## သိကြားနတ်မင်း တိုက်တွန်းချက်

ထိုရွှေဝါရောင်နတ်သမီးကို အားကျ၍ နတ်တို့သေဋ္ဌနင်း သိကြားမင်းသည် နတ်အပေါင်းတို့အား ဤသို့ တိုက်တွန်းနှိုးဆော် လေသည်။

**"အမောင် ရထားထိန်း မာတလိနတ်သား လာပါလော့၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို အတိုင်းထက်အလွန် ပူဇော်ကြပါ ကုန်စို့၊ ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးစုဆောင်း ပြုလုပ်ခြင်းသည် ချမ်းသာကြောင်း ဖြစ်ပါပေ၏"။**

**"သက်တော် ထင်ရှားရှိသော မြတ်စွာဘုရား၌ပင်ဖြစ်စေ၊ ပရိနိဗ္ဗာန် စံတော်မူပြီးသော ဓာတ်တော်၌ပင် ဖြစ်စေ၊ သဒ္ဓါစိတ်ထားတူမျှ၊ ညီမျှစွာ ထားသည်ရှိသော်တူမျှ၊ ညီမျှသော အကျိုးကို ပေးနိုင်၏၊ မိမိ၏စိတ်ကို ကောင်းစွာထားနိုင်ခြင်း ဟူသော အကြောင်းကြောင့် သတ္တဝါတို့သည် နတ်ပြည်သို့ ရောက်ကြရ ကုန်၏"။**

သိကြားမင်းသည် ဤသို့ စသည်ဖြင့် တိုက်တွန်းနှိုးဆော်ပြီး နန္ဒဝန်ဥယျာဉ်သို့ ပျော်ပွဲစား မသွားတော့ဘဲ ဘုရားရှင်၏ လက်ျာအထက်စွယ်တော် ဓာတ်တော်မြတ်ကိန်းဝပ်ရာ၊ မိမိ အမြဲမပြတ် ရှိခိုးပူဇော်ရာဌာန

http://www.dhammadownload.com



ဖြစ်သော စူဠာမဏိ စေတီသို့ သွားရောက်ကာ (၇) ရက်ပတ်လုံး စွယ်တော်၊ ဓာတ်တော်ကို ရှိခိုးပူဇော်လေသည်။ (ပီတဝိမာနဝတ္ထု)

## မေတ္တာဆန္ဒ အာသီသ

ရာဇဂြိုဟ်မြို့သူဌေး၏ ဇနီး၊ သမီး၊ ချွေးမနှင့် ရွှေဝါရောင် နတ်သမီး၊ သိကြားမင်းတို့၏ ဓာတ်တော်၊ စွယ်တော်တို့အား ရှိခိုးပူဇော်ပုံကို နည်းယူပြီး ဘုရားရှင်၏ ဓာတ်တော်၊ စွယ်တော်တို့ကို ကြည်ညိုသဒ္ဓါ ပွားများပြီး ရှိခိုးပူဇော်ကြကုန်လျှက် နတ်ရွာသုဂတိ နိဗ္ဗာန်ထိအောင် ကောင်းကျိုးချမ်းသာအဖြာဖြာတို့ကို ရရှိနိုင်ကြ ပါစေဟူ၍ မေတ္တာဆန္ဒအာသီသ ပြုရပါသည်။

## ကျေးဇူးတင်ရှိခြင်း

ဤစွယ်တော်ဝတ်ရွတ်စဉ်ကို စွယ်တော်ရတနာစေတီ ရွှေထီးတော်တင်ပွဲအမီ ထွက်ပေါ်လာနိုင်စေရန် အကူအညီ ပေးကြသော ဦးသူရိယ (ဇေယျာသိဒ္ဓိကျောင်း)၊ ဦးအာသဖ၊ ဦးသုဇာတ(လှုရတနာကျောင်း)၊ ဦးဝိလာသ(ချမ်းအေးရိပ်သာ)၊ ဒေါက်တာ မြင့်ဌေး(နဝဒွေး အထူးကုဆေးခန်း)၊မောင်ဝင်းမြင့်ဇော်(အမှတ်(၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်)၊ မစန္ဒာအေး (ဆန်းဖလားဝါး ကွန်ပျူတာ)တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ဝတ်ရွတ်စဉ် စာအုပ်ကို အမြန်စီစဉ်ရသဖြင့် ချွတ်ယွင်းချက်ပါရှိပါက သည်းခံခွင့်လွှတ်ပြီး ဖတ်ရှုကြစေလိုကြောင်းကိုလည်း စာရှုသူတို့အား တောင်းပန်အပ်ပါသည်။

**အရှင်နာရဒါဘိဝံသ**
**လှုရတနာကျောင်း**
**ပါဠိတက္ကသိုလ်ညောင်ကုန်းတိုက်**
**ဗဟန်း၊ ရန်ကုန်**

*၁၃၆၄ ခုနှစ်၊ တပေါင်းလဆန်း (၆)ရက်။*

*၈. ၃. ၂၀၀၃ ၊ စနေနေ့ ။*

http://www.dhammadownload.com

# မာတိကာ


စာအုပ်ဖြစ်ပေါ်လာပုံ နိဒါန်း

(က) ဝတ်တတ် ဝတ်ကပ် သီလဆောက်တည်ခန်း

| | | |
|---|---|---|
| ၁။ | ဩကာသကန်တော့ချိုးဖြင့် ကန်တော့ပုံ | ၁ |
| ၂။ | ငါးပါးသီလ ခံယူဆောက်တည်ပုံ | ၁ |
| ၃။ | ကောမာရ ဗြဟ္မစရိယသီလ | ၂ |
| ၄။ | ဧကဘတ္တိကသီလ | ၃ |
| ၅။ | ရှစ်ပါးသီလ | ၃ |
| ၆။ | ကိုး ပါးသီလ | ၄ |
| ၇။ | ဆယ်ပါးသီလ | ၅ |
| ၈။ | အာဇီဝဋ္ဌမကသီလ | ၆ |

(ခ) ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခန်း

| | | |
|---|---|---|
| ၉။ | အနေကဇာတိဂါထာ | ၇ |
| ၁၀။ | ပဋိစ္စသမုပ္ပါဒ် အနုလောမ | ၇ |
| ၁၁။ | ပဋိစ္စသမုပ္ပါဒ် ပဋိလောမ | ၇ |
| ၁၂။ | ဝစသာ ဥဒါန်းဂါထာ ၃-ပုဒ် | ၈ |
| ၁၃။ | ဘုရားဂုဏ်တော်ကိုးပါး ပါဠိ | ၈ |
| ၁၄။ | နတ်နဂါးဂဠုန် ဗြဟ္မာတို့၏ အဘိသေကဂါထာများ | ၈ |
| ၁၅။ | ပဋ္ဌာန်း (၂၄)ပစ္စည်း | ၉ |
| ၁၆။ | အဘိသိက်သွန်း ဂါထာများ | ၉ |

(ဂ) ရတနာသုံးပါး ဂုဏ်တော်များဖြင့် ရှိခိုးခန်း

| | | |
|---|---|---|
| ၁၇။ | ဘုရားဂုဏ်တော်အမျိုးမျိုး ဖြင့်ရှိခိုးခြင်း | ၁၁ |
| ၁၈။ | သမ္ဗဒါ(၃)ပါး ဘုရားရှိခိုး | ၁၁ |
| ၁၉။ | ခြေတော် စွယ်တော် ဘုရားရှိခိုး | ၁၂ |
| ၂၀။ | ဓါတ်တော်များ ဓါတုစေတီအား ရှိခိုးပူဇော်ပုံ | ၁၄ |
| ၂၁။ | ပရိယတ်တရား ဓမ္မစေတီအား ရှိခိုးပူဇော်ပုံ | ၁၆ |

http://www.dhammadownload.com



၂၂။ ဘုရား(၇)ဆူ ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုး ၁၈
၂၃။ အာဋာနာဋိယ ပရိတ်တော်နည်းဖြင့် ရှိခိုးပူဇော်ပုံ ၂၀
၂၄။ ခုနှစ်နေ့ ဘုရားရှိခိုးနှင့် ဆုတောင်း ၂၂
၂၅။ သတ္တဋ္ဌာနဘုန်းတော်ဘွဲ့ ဘုရားရှိခိုး ၂၄
၂၆။ ဗုဒ္ဓါဓိဝုတ္ထ ဝန္ဒနာ ၂၇
၂၇။ ဘုရားဂုဏ်တော်ကိုးပါး ပါဠိ နှင့် လက်ာ ၃၀
၂၈။ ဗုဒ္ဓုပ္ပါဒ ဝန္ဒနာပါဠိတော် နှင့် နိဿယ ၃၁
၂၉။ ဗုဒ္ဓရတနာဂါထာတော်နှင့် နိဿယ ၃၅
၃၀။ သဗ္ဗဗုဒ္ဓဂုဏ သင်္ဂါဟိကဂါထာ နှင့်နိ-ဿယ ၃၇
၃၁။ သိဒ္ဓိမင်္ဂလာဂါထာနှင့် နိဿယ ၄၀
၃၂။ မဟာဝဇီရဉာဏ်တော် ဘုရားရှိခိုး ဂါထာနှင့် နိဿယ ၄၄
၃၃။ ဇယမင်္ဂလာဂါထာ နှင့်နိဿယ ၄၅
၃၄။ အစိန္တေယျဂါထာနှင့်နိဿယ ၄၉
၃၅။ နာဂဝန္ဒနာပါဠိနှင့်နိဿယ ၅၃
၃၆။ အင်္ဂီရသဂါထာနှင့်နိဿယ ၅၆
၃၇။ လိုအင်ဆန္ဒ ပြည့်ဝစေသော အရဟံ ဂုဏ်တော်သုံးမျိုး ၅၇
၃၈။ တရားဂုဏ်တော် (၆) ပါးနှင့် တရားတော်အား ရှိခိုးခြင်း ၅၈
၃၉။ သံဃာဂုဏ်တော် (၉) ပါးနှင့် သံဃာတော်အား ရှိခိုးခြင်း ၅၉
၄၀။ ရတနတ္တယဂုဏာနုဘာဝသံသူစက ဘုရားရှိခိုး ၆၀

## (ဃ) လှူဖွယ်ဝတ္ထုပစ္စည်းကပ်လှူပူဇော်ခန်း

၄၁။ ဆွမ်းကပ်လှူပုံ ၆၉
၄၂။ ရေချမ်းကပ်လှူပုံ ၆၉
၄၃။ ပန်းကပ်လှူပုံ ၇၀
၄၄။ ဆီမီးအလင်းရောင်ကပ်လှူပုံ ၇၀

http://www.dhammadownload.com

# စွယ်တော်ဝတ်ရွတ်စဉ်



## (င) မေတ္တာဘာဝနာ ပွားများခန်း


၄၅။ မေတ္တာဘာဝနာ ပွားများပုံ ၇၁
၄၆။ မေတ္တသုတ်လာ မေတ္တာပွားနည်း ၇၁
၄၇။ ခန္ဓသုတ်လာ မေတ္တာပွားနည်း ၇၃
၄၈။ ဒိသာဖရဏ အရပ်(၁၀)မျက်နှာ မေတ္တာပွားနည်း ၇၅
၄၉။ သဗ္ဗသာမာရဏ မေတ္တာပွားနည်း ၇၇
၅၀။ အကြည်ဓာတ် (၆)ပါး မေတ္တာပွားနည်း ၇၈
၅၁။ ခရီးသွားမေတ္တာပို့နည်း ၇၉
၅၂။ အရပ် (၁၀) မျက်နှာ ဗြဟ္မဝိဟာရဘာဝနာ ပွားနည်း ၈၂
၅၃။ အတုမဲ့ ဗုဒ္ဓရတနာဖြင့် သစ္စာပြု မေတ္တာပို့ပုံ ၈၃


## (စ) ဆုတောင်းအမျှဝေခန်း


၅၄။ ကုသိုလ်အမျှ ပေးဝေထိုက်ပုံ ၈၅
၅၅။ ဝိဝဋ္ဋနိဿိတကုသိုလ်ဆုတောင်းခြင်း ၈၆
၅၆။ ကုသိုလ်အမျှပေးဝေခြင်း ၈၆


## (ဆ) ပရိတ်ကြီး (၁၁)သုတ်ပါဠိတော်များ


၅၇။ တရားနာလာကြရန် နတ်ဗြဟ္မာတို့ကို ပင့်ဖိတ်ပုံ ၈၉
၅၈။ မင်္ဂလသုတ္တ ၉၃
၅၉။ ရတနသုတ္တ ၉၅
၆၀။ မေတ္တသုတ္တ ၉၉
၆၁။ ခန္ဓသုတ္တ ၁၀၁
၆၂။ မောရသုတ္တ ၁၀၂
၆၃။ ဝဋ္ဋသုတ္တ ၁၀၃
၆၄။ ဓဇဂ္ဂသုတ္တ ၁၀၄
၆၅။ အာဋာနာဋိယသုတ္တ ၁၀၈
၆၆။ အင်္ဂုလိမာလသုတ္တ ၁၁၁
၆၇။ ဗောဇ္ဈင်္ဂသုတ္တ ၁၁၁
၆၈။ ပုဗ္ဗဏှသုတ္တ ၁၁၂

http://www.dhammadownload.com



## (ဈ) ကျက်မှတ်ရွတ်ဆိုရန် ပါဠိတော်များ


| | | |
|---|---|---|
| ၆၉။ | အဘိဏှသုတ် ပါဠိတော် | ၁၁၅ |
| ၇၀။ | ဓမ္မစကြာ ပါဠိတော် | ၁၁၆ |
| ၇၁။ | အနတ္တလက္ခဏသုတ်ပါဠိတော် | ၁၂၃ |
| ၇၂။ | နတ်များစွာ တရားနာယူသော သမစိတ္တသုတ်ပါဠိတော်နှင့် နတ်ပို့စာတမ်း | ၁၂၃ |
| ၇၃။ | ကျန်းမာရေးကောင်းရန်အတွက်ဂိရိမာနန္ဒသုတ်ပါဠိတော် | ၁၃၂ |
| ၇၄။ | နတ်တို့ချစ်သော မဟာသမယသုတ် ပါဠိတော် | ၁၃၈ |
| ၇၅။ | ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိတော် | ၁၄၈ |
| ၇၆။ | နတ်တို့ချစ်သော နတ်တို့ သာဓုခေါ်သော ဂါထာများ | ၁၆၂ |
| ၇၇။ | ကျန်းမာရေးကောင်းရန်အတွက် ဗောဇ္ဈင် (၃)မျိုး | ၁၆၃ |
| ၇၈။ | ဘုရားရှင်တိုင်း ရွတ်ဆိုပြသော ဩဝါဒ ဂါထာများ | ၁၆၈ |
| ၇၉။ | ငါးရံ့မင်းပရိတ် ပါဠိတော် | ၁၆၈ |


## (ည) အန္တရာယ်ကင်း အဆောင်ဂါထာများ


| | | |
|---|---|---|
| ၈၀။ | သဗ္ဗမင်္ဂလာဂါထာတော်နှင့်လင်္ကာ | ၁၇၀ |
| ၈၁။ | အဋ္ဌာနမေတ် ပါဠိတော် | ၁၇၁ |
| ၈၂။ | အန္တရာယ်မပြုနိုင်သော-အနန္တရာယိကဓမ္မ ဂုဏ်တော်(၄)ပါး | ၁၇၂ |
| ၈၃။ | အာဝေဏိကဂုဏ်တော် (၁၈) ပါး | ၁၇၃ |
| ၈၄။ | အရပ်ဆယ်မျက်နှာ စည်းချဂါထာများ | ၁၇၄ |
| ၈၅။ | နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး ဂါထာများ | ၁၇၆ |
| ၈၆။ | သမ္ဗုဒ္ဓေ ဂါထာတော်ကြီး | ၁၇၆ |
| ၈၇။ | သိရသ္မိံ ဂါထာ (ရှင်သူငယ်ပရိတ်) | ၁၇၆ |
| ၈၈။ | ကုန်းလမ်းခရီးသွား အန္တရာယ်ကင်းဂါထာ | ၁၇၇ |
| ၈၉။ | ရေလမ်းခရီးသွား အန္တရာယ်ကင်းဂါထာများ | ၁၇၇ |
| ၉၀။ | လေကြောင်းခရီးသွား အန္တရာယ်ကင်း ဂါထာ | ၁၇၇ |
| ၉၁။ | အချုပ်အနှောင်မှ လွတ်မြောက်စေသည့် ဂါထာ | ၁၇၇ |

http://www.dhammadownload.com

# စွယ်တော်ဝတ်ရွတ်စဉ်


၉၂။ မဲကောင်း(ထီ)ပေါက်စေသော ပါဠိတော် ၁၇၈

၉၃။ မထိတ်လန့် မကြောက်ရွံ့ကြောင်း တရားပြ ၁၇၈
အသက်ရှည်စေသော ဂါထာတော်

၉၄။ ရန်သူမမြင်နိုင်သော ကိုယ်ပျောက်ဂါထာ ၁၇၉

၉၅။ တစ္ဆေ သူရဲ ဘီလူးပြေးသော ဂါထာ ၁၇၉

၉၆။ မနောမယိဒ္ဓိဂါထာ ၁၇၉

၉၇။ စ. ဓ. ဗ. ဝ ဂါထာ ၁၇၉

၉၈။ လက်နက်ကိုးပါးကို အောင်မြင်စေသော ဂါထာ ၁၈၀

၉၉။ ကစ္စာနတ္ထေ ဂါထာတော် ၁၈၀

၁၀၀။ အင်္ဂုလိမာလ ဂါထာတော် ၁၈၀

၁၀၁။ သစ္စာ(၄)ပါးပြဂါထာ ၁၈၀

၁၀၂။ သစ္စာအနက် (၁၆)ချက်ပြဂါထာ ၁၈၀

(ည) စတုရာရက္ခသမထဘာဝနာပွားများနည်း

၁၀၃။ စတုရာရက္ခဘာဝနာ မည်ခြင်းအကြောင်း ၁၈၁

၁၀၄။ ဗုဒ္ဓါ နုဿတိ = ဘုရားဂုဏ် ပွားများပုံ ၁၈၂

၁၀၅။ မေတ္တာ ဘာဝနာ ပွားများပုံ ၁၈၃

၁၀၆။ အသုဘ ဘာဝနာ ပွားများပုံ ၁၈၃

၁၀၇။ မရဏာနုဿတိ = သေခြင်းကို ဆင်ခြင်ပုံ ၁၈၄

(ဋ) ဝိပဿနာ ဘာဝနာ သစ္စာ(၄)ဖြာ ပွားများနည်း

၁၀၈။ ဝိပဿနာဘာဝနာ ပွားများပုံ ၁၈၆

၁၀၉။ ဝိပဿနာဘာဝနာပြ ဂါထာများ ၁၈၆

၁၁၀။ သတိ သမ္ပဇည ဣန္ဒြိယဘာဝနာ လက်ာ ၁၈၇

၁၁၁။ ဝိဇယသုတ္တန်နည်း ၁၈၈

၁၁၂။ အနတ္တလက္ခဏာသုတ္တန်နည်း ၁၈၉

၁၁၃။ ဓာတုဝိဘင်္ဂ သုတ္တန်နည်း ၁၈၉

၁၁၄။ စူဠရာဟုလောဝါဒ သုတ္တန်နည်း ၁၈၉

http://www.dhammadownload.com



၁၁၅။ မင်းကွန်းတိပိဋက ဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ ၁၉၀
၁၁၆။ မဟာစည်ဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ ၁၉၁
၁၁၇။ လယ်တီဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ ၁၉၂
၁၁၈။ မိုးကုတ်ဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ ၁၉၂
၁၁၉။ ဝဋ္ဋသစ္စာဖြစ်သော ဒုက္ခသစ္စာ+သမုဒယသစ္စာတို့ကို
ဝိပဿနာရှုမှတ်ပုံ ၁၉၂
၁၂၀။ ပကိဏ္ဏက နမက္ကာရ အစိန္တေယျကြီး ဘုရားရှိခိုး ၁၉၃
၁၂၁။ ဗုဒ္ဓခြေတော်ရာ ပါဒစေတီ ဘုရားရှိခိုးနှင့် ဆုတောင်း ၂၀၄
၁၂၂။ ဗုဒ္ဓခြေတော်ရာ ပရိဘောဂ ပါဒစေတီ(၈)ဆူ ရှိခိုး ၂၀၆
၁၂၃။ (၁၀၈)ကွက် စက်လက္ခဏာ ဘုရားရှိခိုး လင်္ကာကြီး ၂၀၉
၁၂၄။ (၁၀၈)ကွက် စက်လက္ခဏာ ပုတီးစိပ်နည်း ၂၁၁

http://www.dhammadownload.com

စွယ်တော်ဝတ်ရွတ်စဉ်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က) ဝတ်တက် ဝတ်ကပ် သီလဆောက်တည်ခန်း

### ဩကာသကန်တော့ချီးဖြင့် ကန်တော့ပုံ

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

### ငါးပါးသီလ ခံယူဆောက်တည်ရန်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(အာမဘန္တေ)

http://www.dhammadownload.com



## ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးခေါက်ဆိုပါ။)

## သရဏဂုံ ဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## ငါးပါးသီလ သိက္ခာပုဒ်

၁။ ပါဏာတိပါတာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၂။ အဒိန္နာဒါနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၄။ မုသာဝါဒါ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

♥ ♥ ♥ ♥ ♥

## ကောမာရ ဗြဟ္မစရိယသီလ

ငါးပါးသီလတွင် ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်နေရာ၌ မေထုန်အကျင့်ဟူသမျှမှ ရှောင်ကြဉ်ခြင်း၊ အဗြဟ္မစရိယ သိက္ခာပုဒ်ကို **"အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ"** ဟူ၍ ဆောက်တည်လျှင် အမျိုးသားများ၌ ကောမာရဗြဟ္မစရိယ = လူပျိုစင်ကျင့်စဉ်သီလ ဟူ၍လည်းကောင်း၊ အမျိုးသမီးများ၌ ကောမာရီဗြဟ္မစရိယ = အပျိုစင်ကျင့်စဉ်သီလ ဟူ၍ လည်းကောင်း ခေါ်ရသည်။

http://www.dhammadownload.com



## ကောမာရဗြဟ္မစရိယသီလ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဒုတိယမ္ပိ တတိယမ္ပိ စသည် ဆက်ဆိုပါ။ အမျိုးသမီးများ၌မူ ကောမာရိ ဗြဟ္မစရိယသီလံဟူ၍ ဆိုပါ)

♥ ♥ ♥ ♥ ♥

## ဧကဘတ္တိကသီလ

ဧကဘတ္တိကသီလဟူသည် ကောမာရဗြဟ္မစရိယသီလ သိက္ခာပုဒ်ငါးပါးတွင် **"ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"** ဟူသော သိက္ခာပုဒ်ထည့်၍ ဆောက်တည်ရိုးပင် ဖြစ်သည်။ မွန်းလွဲပြီး နောက်ပိုင်း၌ အစာအာဟာရကို မစားရတော့ချေ။

♥ ♥ ♥ ♥ ♥

## ရှစ်ပါးသီလ ခံယူဆောက်တည်ရန်

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(သုံးခေါက်ဆိုပါ။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



## ရှစ်ပါးသီလ သိက္ခာပုဒ်

၁။ ပါဏာတိပါတာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၂။ အဒိန္နာဒါနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၄။ မုသာဝါဒါ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ, ဝေရမဏိသိက္ခာပဒံ, သမာဒိယာမိ။

♥ ♥ ♥ ♥ ♥

## (ဃ) ငါးသီလ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ၊ နဝင် သမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ (ဤသို့စသည်ဖြင့် ရှစ်ပါးသီလ၌ ပြခဲ့သည့်အတိုင်း ဆောက်တည်ရမည်။)

## ကိုးပါးသီလ ခံယူပုံ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿန မာလာဂန္ဓ ဝိလေပန ဓါရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

♥ ♥ ♥ ♥ ♥

## ဆယ်ပါးသီလ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ၊ ဒသ ဂဟဋ္ဌ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဤသို့စသည်ဖြင့် ရှစ်ပါးသီလ၌ ဆိုသည့်အတိုင်း ဆောက်တည်ရမည်။)

## ဆယ်ပါးသီလခံယူပုံ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓါရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



## အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ၊ အာဇီဝဋ္ဌမက သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဤသို့စသည်ဖြင့် ရှစ်ပါးသီလ၌ လာသည့်အတိုင်း ဆိုရမည်။)

## အာဇီဝဋ္ဌမကသီလ ခံယူပုံ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ ပိသုဏဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ဝတ်တက် ဝတ်ကပ် သီလဆောက်တည်ခန်းပြီး၏။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## (ခ) ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခန်း

### ဘုရားအနေကဇာတင်ပါဠိ

### အနေကဇာတိဂါထာ

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ'မဇ္ဈဂါ။

### ပဋိစ္စသမုပ္ပါဒ် အနုလောမ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### ပဋိစ္စသမုပ္ပါဒ် ပဋိလောမ

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

http://www.dhammadownload.com



## ဝစသာ ဥဒါန်းဂါထာ ၃-ပုဒ်

(က) ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

(ခ) ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

(ဂ) ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ'မန္တလိက္ခံ။

## ဘုရားဂုဏ်တော်ကိုးပါး ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

## နတ်နဂါးဂဠုန် ပြဟ္မာတို့၏ အဘိသေကဂါထာများ

(က) ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။

(ခ) ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။

http://www.dhammadownload.com



ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
သုပဏ္ဏသံဃာပိ ဇယံ မဟေသိနော။

(ဂ) ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါဒေဝဂဏာ မဟေသိနော။

(ဃ) ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဗြဟ္မဂဏာပိ တာဒိနော။

## ပဋ္ဌာန်း (၂၄)ပစ္စည်း

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယော။

## အဘိသိက်သွန်း ဂါထာများ

(၁) ဇယန္တော ဗောဓိယာ မူလေ၊ သက္ယာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

(၂) အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ-ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

http://www.dhammadownload.com



(၃) သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။
(၄) ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိ တေ ပဒက္ခိဏာ။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခန်း ပြီး၏။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## (ဂ) ရတနာသုံးပါး ဂုဏ်တော်များဖြင့် ရှိခိုးခန်း

## ဘုရားဂုဏ်တော် အမျိုးမျိုးရှိခိုးခြင်း

## သမ္ဗုဒ္ဓါ(၃)ပါး ဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော အနန္တောဟု ပြဟောသချာ ဂုဏ်ကိုရှာသော် မဟာသုဂတ အတုလဟု ဗုဒ္ဓမြတ်စွာ စောသတ္တာသည် ကမ္ဘာတွက်ရေ လေးသင်္ချေနှင့် သိန်းနေကာလ ကြာသမျှဝယ် အနန္တသတ္တာ ဝေနေယျာကို ကရုဏာလွှမ်းမင်း သနားခြင်းသည် သားရင်းမျှသာ မကပါတည်း မာတာပီတ မိနှင့်ဘဟု ရှိကြသူငါ ကရုဏာထက် ပြန်ရာထောင်သောင်း မယှဉ်ကောင်းအောင် ဆပေါင်းလွှမ်းလေ သင်္ချေမက ကြီးကျယ်လှ၏။

၂။ မဟန္တတြာ ကရုဏာကြောင့် ပါရမီစာဂ စရိယကို ဖြည့်ရသည်မှာ တို့မြတ်စွာသည် ကိုယ်မှာအသား လျှကြွားခဲ့လေ ဤမြေမက သွေးတော်မှလည်း လေးဝသမုဒြာ ရေထက်သာ၏ ရတနာမကိုဋ် သိုက်မြိုက်ပေါင်းလျော် ဦးခေါင်းတော်ကို တောင်းသော်ခုတ်ပိုင်း မဆုတ်ဆိုင်းပဲ လိုတိုင်းလှူရာ ပုံစုပါသော် မဟာနေရု မြင့်မိုရ်ထုတည်း လှူပြုမျက်လုံး မိုးကြယ်ရှုံးမျှ ကျင့်ထုံးစာဂီ ပါရမီဒါန တပါးမျှကို ပြောပမကုန် မြေမိုး တုန်အောင် ဗိုလ်ပုံစုပြီး လက်ဖျောက်တီး၍ အံ့ချည်းစရာ ဖြစ်ဖွယ်သာတည်း။

၃။ ပါရမီဆယ်ဆူ ဖြည့်ဟန်မူကို ကြံသူဟီးချ ကြက်သီးထမျှ ကြီးလှကရုဏာ မဟန္တာကို သမ္ဗုဒ္ဓါဟေတု အကြောင်းပြု၍ ပေါင်းစုကျိုးပေါ် တန်ခိုးတော်နှင့် ဉာဏ်တော်ရုပ်ဆင်း တုဘက်ကင်းလျက် ဖျက်ခွင်းကိလေ သမုစ္ဆေဟု ခေါ်ထွေပဟာန ဤလေးဝဖြင့် ဖလသမ္ဗုဒ္ဓါ ခြံရံကာလျှင် သတ္တာနုရင့် ထောက်မျှော်ချင့်၍ ကျွတ်ခွင့်ရှိသူ ချွတ်တော်မူလျှက် ဗိုလ်လူအနန္တ မြိုက်သုခကို ရကြကျိုးစု ကိုယ်တော်ပြုသား သတ္တုပကာရ မည်ရသမ္ဗုဒ္ဓါ ဂုဏ်ဖြာဖြာဖြင့် ထုံကာကြိုင်လတ် ကိုယ်တော်မြတ်၏ စက်မှတ်စုံလင် ဖဝါးပြင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

http://www.dhammadownload.com



## ဓာတ်တော် စွယ်တော် ဘုရားရှိခိုး

(၁) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿစေဝ

(၂) ဝရဓာတုနဥ္စ

(၃) ဝရဒါဌာယစ။

(၁) လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇာဝိသေ ခံယူထိုက်ပေသော အရဟံဂုဏ်ရှင်၊ တရားဉဿုံ အလုံးစုံကို အကုန်သိမြင်သော သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘဂဝါဂုဏ်ရှင် ဖြစ်တော်မူငြား ထိုမြတ်စွာဘုရားရှင်အားလည်းကောင်း။

(၂) ထိုမြတ်စွာဘုရားရှင်၏ အဓိဋ္ဌာန်ချက်ဖြင့် ထားရစ်ခဲ့သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မွှမ်းထုံအပ်သော၊ မကွဲမအက် မကျေမပျက်သော အသမ္ဘိန္န အမည်ရသော ဓာတ်တော်များ၊ အဆင်းသုံးမျိုး တန်ခိုးအနန္တ ပမာဏသုံးသွယ် အရွယ်သုံးစား ရှိကြကုန်ငြား ဓာတ်တော်များအား လည်းကောင်း။

(၃) မိစ္ဆာဇီဝ သက်မွေးမှုမှ ရှောင်ခဲ့ရသည့် ကုသလကြောင့် ကောင်းစွာမသွေ ရရှိပေသော သောက်ရှူးကြယ်၏ အရောင်ကိုပင် လွှမ်းမိုးလွန်ကျူး၍ လရောင်ကဲ့သို့ အထူးတင့်တယ် လွန်စွာစင်ကြယ် ဖြူဖွေးတောက်ပသော အရောင်တလက်လက် ပေါ်ထွက်သည့် လက်ဝဲအောက်ဓာတ် စွယ်တော်မြတ်အား လည်းကောင်း။

ဤသို့လျှင် ဂုဏ်အင်များစွာ ပြည့်စုံပါသည့် မြတ်စွာဘုရား + ဓာတ်တော်များ + စွယ်တော်တို့အား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

http://www.dhammadownload.com



**မိစ္ဆာဇီဝံ ဝိရတိယာ၊ သမဒန္တော တထာဂတော။**
**ဟောတိ သုသုက္ကဒါဌော စ၊ ဝိသုဒ္ဓပရိသော နမေ။**

ကြီးငယ်ကောင်းလျှင် ချိန်ခွင်တိုရှည် လိမ်လည်လုယက် ခိုးနှိုပ်စက်၍ အသက်မွေးခြင်း ကင်းခဲ့သောကြောင့် . . .

မခေါ်မသိ စိန်ကိုစီသို့ ပြေညီသွားတော် စွယ်တော်လေးဆူ ဆွတ်ဆွတ်ဖြူသား ကိုယ်တော့်သွား၏ နှစ်ပါးခြင်းရာ လက္ခဏာဖြင့် . . .

ယုတ်မာကောက်ကျစ် ဆိုးညစ်သောသူ မပါမူ၍ ဖြောင့်ဖြူသပ္ပါယ် လဲ့ကြယ်သို့ စင်ကြယ်သော အခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား . . . မြတ်စွာဘုရား . . .။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



# လှရတနာကျောင်း ကိန်းအောင်းစံပျော် မြတ်စွယ်တော် ရတနာစေတီ၌ ဌပနာထားသော ဓါတ်တော်များ ဓါတုစေတီအား ရှိခိုးပူဇော်ပုံ

(၁) မဟာကရုဏာရှင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် ဝါလေးဆယ့်ငါး သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးသည်ရှိသော် လူနတ်ပြဟ္မာ သတ္တဝါတို့၏ စီးပွားချမ်းသာ များရန်အလို့ငှာ နောင်ခါစင်စစ် ကိုးကွယ်ရစ်ဘို့ အနှစ်အမွေ ဓါတ်တော်အနေဖြင့် အရိုအသေပြုမှု ရှိခိုးပူဇော်မှု လှူဒါန်းမှု ပြုသူတို့အထံ၌သာ ကိန်းဝပ်စမ္ပါယ်ရန် အဓိဋ္ဌာန်ပြုကာ ထားရစ်ခဲ့သော. . .

(၂) အတုမရှိသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ် တို့ဖြင့် မွမ်းထုံအပ်သော+ဓါတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီ အားဖြင့် စေတီလေးမျိုး တို့တွင် အမြတ်ဆုံးစေတီဖြစ်သော+သက်တော်ထင်ရှား မြတ်စွာ ဘုရားကဲ့သို့ ခြောက်ပါးရောင်ခြည် လင်းထိန်ညီးလျက် ရေအယဉ်ထု မီးလျှံစုကဲ့သို့ကိုလွှတ်၍ တန်ခိုးပြာဋိဟာ အဖြာဖြာတို့ကို ပြတော် မူသော+ကြည်ညိုစိတ်ပွား သူတော်ကောင်းများ၏ ရှိခိုးမှု ခရီးဦး ကြိုဆိုမှု လက်အုပ်ချီမှု အရိုအသေပေးမှုတို့ကို ပြုရာဌာနဖြစ်သော +လူနတ်နိဗ္ဗာန် သုံးတန်သော စည်းစိမ်ချမ်းသာတို့ကို ပေးနိုင် ရစေနိုင်သော+ဆယ်ပါးသော ကာယဗလ ဉာဏဗလတို့နှင့် ပြည့်စုံသည်ဖြစ်၍ ဝဇိရစိန်နှင့်တူသော ခန္ဓာကိုယ်ရှိသော မြတ်စွာဘုရား၏ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်သော. . .

http://www.dhammadownload.com



(၃) နဖူးသင်းကျစ်ရိုးတော်+စွယ်တော်လေးဆူ+ညှပ်ရိုးတော်နှစ်ဆူအားဖြင့် မကွဲမအက် မကျေမပျက်သော **အသမ္ဘိန္န** အမည်ရသော ဓါတ်တော်များ. . .

(၄) ပဲနောက်လုံးစေ့ပမာဏ+ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပ+ကြည်ညိုဖွယ်ကောင်းလှသော (၅) ပြည် အရေအတွက်ရှိသော **အကြီးစား** ဓါတ်တော်များ. . .

(၅) ဆန်ကျိုးဆန်ကွဲစေ့ ပမာဏ+ပုလဲရောင်အဆင်းကဲ့သို့ ဖြူစင်တောက်ပ+ကြည်ညိုဖွယ်ကောင်းလှသော (၅) ပြည် အရေအတွက်ရှိသော **အလတ်စား** ဓါတ်တော်များ. . .

(၆) မုန်ညင်းစေ့ပမာဏ+မြတ်လေးပန်းငုံအဆင်း ချရားစေ့ရောင်အဆင်းကဲ့သို့ ကြည်ညိုဖွယ်ကောင်းလှသော (၆)ပြည် အရေအတွက်ရှိသော **အငယ်စား အသေးစား** ဓါတ်တော်များ. . .

(၇) ဤသို့လျှင် အဆင်းသုံးမျိုး တန်ခိုးအနန္တ ပမာဏသုံးသွယ် အရွယ်သုံးစား ဤသို့အားဖြင့် လူ့ပြည် နတ်ပြည် နဂါးပြည်နှင့် ဗြဟ္မာပြည်တဝ ထိုထိုသို့သော အရပ်ဒေသ ပြည်ဌာနတို့၌ ဝေနေယျများအားထောက်ထားငဲ့ညှာ ကောင်းမွန်စွာ ဖူးမြင်သူအများ သဒ္ဓါပွားအောင်ကိန်းဝပ် စမ္ပာယ်တော် မူကြကုန်သော အလုံးစုံသောဓါတ်တော်များ. . .

(၈) စကြာဝဠာ ကမ္ဘာအဆက်ဆက်တိုင်အောင် နတ်ဗြဟ္မာတို့ပင့်ဆောင်ကြကုန်သော ဆံတော် အမွေးတော် ခြေသည်း-လက်သည်းတော်-သွားတော်-ဓါတ်တော်များ အားလုံးတို့ကို. . .

(၉) ရှေးကုသိုလ်ကံ လွန်ထက်သန်သဖြင့် ဖူးရန်အသင့် ပူဇော်ခွင့်ရသော ဘုရားတပည့်တော်သည် သက်တော်ထင်ရှား မြတ်ဘုရားကိုစိတ်ထားရှယ်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား. . . ။ ။

http://www.dhammadownload.com



## လှုရတနာကျောင်း ကိန်းအောင်းစံပျော် မြတ်စွယ်တော် ရတနာစေတီ၌ ဌပနာထားသော ပရိယတ်တရား မဗ္ဗစေတီအား ရှိခိုးပူဇော်ပုံ

မုနိငါးမျိုး ခေါင်ကမိုး၍ တန်ခိုးရှိန်အား လွန်ကြီးမားသည့် မုနိသေဌ်နင်း တရားမင်းဖြစ်သော မြတ်စွာဘုရားရှင်၏ အာခံတွင်းတော် ကြာတိုက်၌ စွဲပိုက် ဖြစ်ခြင်းကြောင့် အပြစ်ကင်းလတ် ကောင်းမြတ် ပေထသော။

ငါးမာရ်အောင်မြင် သုံးလူ့ရှင်၏ ရွှေရင်တော်နှစ် သားရင်းအစစ်ဖြစ်ကြကုန်သော အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အရှင်မဟာကဿပ အရှင်မဟာကစ္စည်း အရှင်အနုရုဒ္ဓါ အရှင်ဥပါလိ အရှင်အာနန္ဒာ အရှင်ရာဟုလာ. . အစဖြာသည့် အရိယာသံဃာတော် ကလျာဏပုထုဇဉ် သံဃာတော်အရှင်မြတ် ဘာဏကမထေရ်မြတ်တို့၏ နှုတ်ခံတွင်းတော်တည်းဟူသော ပုဏ္ဍရိက်ကြာတိုက်၌ ကြိမ်ဖန်များစွာ နှစ်ပေါင်းများစွာ ဟောကြားပို့ချ လာခြင်း သင်ယူပြန်ဆိုခြင်း ပေါင်းစုရွတ်ကာ သင်္ဂါယနာတင်လာခြင်းဖြင့် မယိုယွင်းပဲ ကောင်းမွန်စွာ ဖြစ်တော်မူ နေတော်မူလာခဲ့သော။

ဘေးရန်ပယ်ပျောက် ချမ်းသာရောက်အောင် ပို့ဆောင် ကယ်တင်ပေးခြင်းဖြင့် စောင့်ရှောက်တော်မူသဖြင့် နတ်လူများစွာ သတ္တဝါတို့၏ အမြတ်ဆုံးသော ကိုးကွယ်အားထား မှီခိုရာလည်း ဖြစ်ပေထသော။

အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက် အနက်နှင့်လည်းပြည့်စုံ သဒ္ဒါပုဒ်ပါဠ် အက္ခရာနှင့်လည်းပြည့်စုံ အပိုအလိုမရှိ အလုံးစုံ ထက်ဝန်းကျင်အားဖြင့်လည်း ပြည့်စုံ ဒုစရိုက်အညစ်အကြေးမှလည်း ကင်းဝေးလျှက် သန့်ရှင်းစင်ကြယ်သော သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက အဗ္ဘုတဓမ္မ၊ ဝေဒလ္လဟု ဆိုအပ်သော အင်္ဂါ(၉)တန်ဖြင့် ရေတွက်အပ်သော **ပရိယတ္တိတရားတော်**ကိုလည်းကောင်း

http://www.dhammadownload.com



သီလ သမာဓိပညာ သိက္ခာသုံးရပ် သိမ်းကြုံးအပ်သည့် မြတ်သော အကျင့်ဖြစ်သော သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန်(၄)ပါး ဣဒ္ဓိပါဒ်(၄)ပါး ဣန္ဒြေ(၅)ပါး ဗိုလ်(၅)ပါး ဗောဇ္ဈင်(၇)ပါး မဂ္ဂင်(၈)ပါး ဤသို့အားဖြင့် (၃၇) ပါးသော ဗောဓိပက္ခိယတရားတို့ကိုလည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော သီလေသု ပရိပူရကာရိတာ၊ ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊ ဘောဇနေ မတ္တညုတာ၊ ဇာဂရိယာနုယောဂ၊ သတိသမ္ပဇည၊ ပုဗ္ဗဘာဂဝိပဿနာ ဤ(၆) ဖြာသော ကျင့်စဉ်ကိုလည်းကောင်း ဤသို့လျှင် သိက္ခာ(၃)ပါး ဗောဓိပက္ခိယတရား (၃၇)ပါး ကျင့်စဉ်တရား(၆)ပါးဟု ဆိုအပ်သော **ပဋိပတ္တိတရားတော်**ကိုလည်းကောင်း၊ မဂ်(၄)ပါး ဖိုလ်(၄)ပါး နိဗ္ဗာန်ဟုဆိုအပ်သော **ပဋိဝေဓ တရားတော်**ကိုလည်းကောင်း ကောင်းစွာ မသေွ ညွှန်ပြပေထသော။

မဟာကရုဏာလှုံ့ဆော် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ထုတ်ဖေါ်ကာ သွာက္ခာတတာ ဂုဏ်ခြောက်ဖြာနှင့် ကောင်းစွာပြည့်စုံအောင် အဖုံဖုံ တန်ဆာ ဆင်ပြီးလျှင် ဝိမုတ္တိရသ တစ်ပါးပြလျက် ဓမ္မဝိနယာ နှစ်ပါးလာသား သုံးဖြာ ပိဋကတ် ငါးရပ်နိကာယ် အင်ကိုးသွယ်နှင့် အကျယ်ထုတ်ပြန် ဓမ္မက္ခန်ပေါင်း လေးထောင်ဆောင်းလျက် ရှစ်သောင်း အရေအတွက်ရှိသော ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းတိုင် ပို့စွမ်းနိုင်ငြား မြတ်စွာဘုရား ဟောဖေါ်ကြားသည့် စကားတော်မြတ် **ပရိယတ်တရားတော်**ဟုဆိုအပ်သော **ဓမ္မစေတီ**ကိုလည်းကောင်း။

ပရိနိဗ္ဗာန် ဝင်စံပြီးရာ နောင်အခါ၌ ဟောကြားခဲ့ရာ ဒေသနာ တို့သည် ဘုရားကိုစွ ဆောင်ရွက်ကြသဖြင့် ဗုဒ္ဓဖြစ်ငြား တရားတော်များဟု ဆိုအပ်သော ဓမ္မဝိနယ အမည်ရသည့် **ဓမ္မစေတီ**ကို လည်းကောင်း။

ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား. . .။ ။

http://www.dhammadownload.com



# လှုရတနာကျောင်း တိုက်အောင်းစံပျော် မြတ်စွယ်တော် ရတနာစေတီ၌ သိတင်းသုံးတော်မူကြသော ဥဒ္ဒိဿစေတီဘုရား(၇)ဆူ ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုး

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အနန္တ၊ ဇေယျ၊ သေဋ္ဌ၊ အတုမရှိ အတိုင်းမသိသော ကျေးဇူးတော် တန်ခိုးတော် ဂုဏ်တော် အပေါင်း၏ တည်ရာစုဝေးရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

(၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဝိပဿီ**) မြတ်စွာဘုရားကိုယ်တော်။

(၂) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**သိခီ**) မြတ်စွာဘုရားကိုယ်တော်။

(၃) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ဝေဿဘူ**) မြတ်စွာဘုရား ကိုယ်တော်။

(၄) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ကကုသန်**) မြတ်စွာဘုရား ကိုယ်တော်။

(၅) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်(**ကောဏာဂုံ**) မြတ်စွာဘုရား ကိုယ်တော်။

(၆) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ကဿပ**) မြတ်စွာဘုရားကိုယ်တော်။

http://www.dhammadownload.com



(၇) ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဂေါတမ**) မြတ်စွာဘုရားကိုယ်တော်။

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင် (**ဝိပဿီ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**သိခီ**) မြတ်စွာဘုရား ကိုယ်တော်၊ အရှင် (**ဝေဿဘူ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကကုသန်**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကောဏာဂုံ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ကဿပ**) မြတ်စွာဘုရားကိုယ်တော်၊ အရှင် (**ဂေါတမ**) မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးတို့အား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

ဤခုနှစ်ဆူကုန်သော မြတ်စွာဘုရားကြီးအပေါင်းတို့သည် အကျွန်ုပ် တို့၏ ဦးခေါင်းထက်၌ အမြဲတည်ကြပါစေ ကုန်သတည်း။

ဤခုနှစ်ဆူကုန်သော မြတ်စွာဘုရားကြီးအပေါင်းတို့သည် အကျွန်ုပ်တို့၏ ဝဲယာနှစ်ဘက် ပုခုံးထက်၌ အမြဲ တည်ကြပါစေကုန်သတည်း။

ဤခုနှစ်ဆူကုန်သော မြတ်စွာဘုရားကြီးအပေါင်းတို့သည် အကျွန်ုပ် တို့၏ အဆုတ်၊ အသဲ၊ နှလုံးထဲ၌ အမြဲ တည်ကြပါစေကုန်သတည်း။

(လယ်တီဆရာတော်ဘုရားကြီး ရေးသားပူဇော်ရှိခိုးသော
ဘုရားရှိခိုးဖြစ်သည်။)

http://www.dhammadownload.com



# လှုရတနာကျောင်း ကိန်းအောင်းစံပျော် မြတ်စွယ်တော် ရတနာစေတီ၌ သိတင်းသုံးတော်မူကြသော ဥဒ္ဒိဿစေတီ အရှင်ဝိပဿီ စသား ဘုရား (၇)ဆူတို့အား အာဋာနာဋိယ ပရိတ်တော်နည်းဖြင့် ရှိခိုးပူဇော်ပုံ

(၁) **ဝိပဿိဿစ** နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။

(၂) **သိခိဿပိစ** နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

(၃) **ဝေဿဘုဿစ** နမတ္ထု၊ နှာတကဿ တပဿိနော။

(၄) နမတ္ထု **ကကုသန္ဓဿ**၊ မာရသေနာ ပမဒ္ဒိနော။

(၅) **ကောဏာဂမနဿ** နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။

(၆) **ကဿပဿစ** နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

(၇) **အင်္ဂီရသဿ** နမတ္ထု၊ သကျပုတ္တဿ သိရီမတော။

ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗ ဒုက္ခာ ပနူဒနံ။

၁။ ဗုဒ္ဓဓမ္မ သမန္တနှင့် ဒိဗ္ဗပညာ သဉ်ျာပေါင်းစု ဖက်မတူ နိုင်အောင် စက္ခုငါးတန် ဉာဏ်အမြင်သန်တော်မူသော၊ ရှေးဘုန်း ရှေးကံ ပညာဉာဏ်တို့ ပိုလျှံယှက်ဝေ ကျက်သရေရှိတော်မူသော = **အရှင်ဝိပဿီ** မြတ်စွာဘုရားအား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၂။ လုံးစုံများစွာ သတ္တဝါတို့ကို မဟာကရုဏာဖြင့် ကြင်နာသနား စောင့်ရှောက်တော်မူတတ်သော = **အရှင်သိခီ** မြတ်စွာ ဘုရားအား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါ စေသတည်း။

၃။ ကိလေသာညစ်ကြေး ရစ်အမြေးကို ဆေးလျှော် တော်မူပြီးသော၊ ကိလေသမာရ် ကိုယ်တွင်းရန်ကို ပူပန်စေတတ် အကြွင်းမဲ့ ဖျက်ဆီးတော်မူ တတ်သော = **အရှင်ဝေဿဘူ** မြတ်စွာဘုရားအား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



၄။ ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓမစ္စု အမည်ပြုကြသော မာရ်ငါးပါးကို လှံမဲးမဖက် ဉာဏ်လက်နက်ဖြင့် ပယ်ဖျက် နှိမ်နင်းတော်မူသော = **အရှင်ကကုသန်** မြတ်စွာဘုရားအား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၅။ အကုသိုလ်စု မကောင်းမှုကို အပပြုပြီး ပယ်ရှားပြီး ဖြစ်တော်မူသော၊ ကျင့်သုံးပြီးသည့် မဂ္ဂဗြဟ္မစရိယ အရိယဝါသ ရှိတော်မူသော = **အရှင်ကောဏာဂုံ** မြတ်စွာဘုရားအား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၆။ ခပ်သိမ်းများစွာ ကိလေသာတို့မှ ဝိမုတ္တိငါးပါး အစွမ်းအားဖြင့် အရှင်း ကျွတ်၍ ကင်းလွတ်တော်မူပြီးသော = **အရှင်ကဿပ** မြတ်စွာဘုရားအား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၇။ ဆင်းရဲခပ်သိမ်း ငြိမ်းစေလတ်လတ် ပယ်ဖျောက်တတ်သည့် ဆန်းကြယ်ခဲကပ် ဆယ်ပါးသော တရားတော် မြတ်ကို ကရုဏာရှေ့သွား မေတ္တာထား၍ ဟောကြားတော်မူတတ်သော၊ ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့် ပေါ်ထွက်သည့် ရောင်ခြည်ရှိတော်မူသော၊ ကိုယ်တော်မြတ်၏ လျောက်ပတ်သပ္ပါယ် လွန်တင့်တယ်၍ များကြွယ်သတ္တဝါ အုပ်စိုးကာဖြင့် သံသာငြိမ့်ညောင်း ခြွေရံကောင်းဟု စုပေါင်းယုံကြည်ဝေ ကျက်သရေရှိတော်မူသော၊ အသမ္ဘိန္န ခတ္တိယနွယ်ဖွား သာကီဝင်မင်းသား ဖြစ်တော်မူသော = **အရှင်ဂေါတမ** မြတ်စွာဘုရားအား ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခုနှစ်နေ့ ဘုရားရှိခိုးနှင့် ဆုတောင်း

### ကြာသပတေးနေ့ ပဋိသန္ဓေယူ

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။ *(မဟာသက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့ ပဋိသန္ဓေနေတော်မူသည်)*

### သောကြာနေ့ ဖွားမြင်

၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့၊ လမ်းပါကို။ *(မဟာသက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာနေ့ ဖွားတော်မူသည်)*

### တနင်္လာနေ့ တောထွက်

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊ ပျိုနုနယ်ဥ၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီး လစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရှယ်မှုနူဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ် ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရိပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခမ်းပါကို။ *(မဟာသက္ကရာဇ် ၉၇-ခု ဝါဆိုလပြည့် တနင်္လာနေ့ တောထွက်တော်မူသည်)*

### ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်

၄။ တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊

http://www.dhammadownload.com



**ရန်မြူခပင်း၊ အမိုက်သင်းကို၊ အလျှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်** ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့**ငြိမ်းပါ**ကို။ *(မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်တော်မူသည်)*

**စနေနေ့ ဓမ္မစကြာဟော**

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ **ငါးပါး** ဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ် သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်လူပြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။ *(မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့် စနေနေ့ ဓမ္မစကြာတရားဟောတော်မူသည်)*

**အင်္ဂါနေ့ ပရိနိဗ္ဗာန်စံ**

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက် သသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကုတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေး ဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်၊ ဝှမ်းဆူသောင်းလုံး ကျော်တယ်ကို။ *(မဟာသက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတော်မူသည်)*

**တနင်္ဂနွေနေ့ တေဇောဓာတ်လောင်**

၇။ နိဗ္ဗူစံပြီ၊ ရှုမအီသာ၊ ဘိင်္ဂါရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇော လျှင်၊ ရှင်စောညဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော် သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။ *(မဟာသက္ကရာဇ် ၁၄၈-ခု ကဆုန် လဆုတ်(၅)ရက်၊ တနင်္ဂနွေနေ့ တေဇောဓာတ်လောင်တော်မူသည်)*

http://www.dhammadownload.com



## ဆုတောင်း

၈။ ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူ လျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါး မွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိဓမ္မာနှင့်၊ ကြေငြာ ကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်အောင်မြို့၊ ရောက်စေသောဝ်။

သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါ ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုည၊ မြတ်ဓမ္မလည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်၊ သက်ဇိဝ်း ကြာမြင့် ရှည်စေသောဝ်။

♥ ♥ ♥ ♥ ♥

### သတ္တဋ္ဌာနဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

**ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။**
**တတိယံ စင်္ကမဋ္ဌာနံ၊ စတုတ္ထံ ရတနာဃရံ။**
**ပဥ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။**
**သတ္တမံ ရာဇာယတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။**

(၁) ဘုန်းရောင်ထွန်းထိန်၊ ဇောမုနိန်၊ ပညိန္ဒြေ၊ ချွေရာမှန်ဘိ၊ ဗောဓိ ကြင့်နှီး၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့ လောက်၊ မြေမှပေါက်သား၊ ရောင်တောက်မာရ်နှင့်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစမွယ်သည်၊

http://www.dhammadownload.com



ဘုန်းကြွယ်လက်ဦး ပွဲပေကို။ *(ဗောဓိပင်၏ အရှေ့ဘက် လေးတောင်ကွာဝေးသော အပရာဇိတပလ္လင်တော်၌ ကဆုန်လပြည့်ကျော် (၁) ရက်နေ့မှ ကဆုန်လှူပ် (၇)ရက်နေ့ထိ (၇)ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = ပလ္လက်သတ္တာဟ)*

(၂) နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံမှ၊ ဧသန်တူရှု၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိမ်းစိမ်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည်၊ ကြည်လင်ညွတ်နူး ဘွယ်ပေကို။ *(ဗောဓိပင်၏ အရှေ့မြောက်ဘက် တစ်ဆယ့်လေး လံကွာအရပ်၌ ကဆုန်လှူပ် (၈) ရက်နေ့မှ ကဆုန်လှူပ် (၁၄) ရက်နေ့ထိ ဗောဓိပင်နှင့် ပလ္လင်တော်ကို မမှိတ်သောမျက်စိဖြင့်ကြည့်၍ (၇)ရက်ပတ်လုံး သီတင်းသုံးတော် မူသည်=အနိမိသသတ္တာဟ)*

(၃) သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာ တုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်၊ တရားဆင်ခြင် လျက်ပေကို။ *(ဗောဓိပင်နှင့် အနိမိသ အရပ်ကြား အရှေ့အနောက်တန်း၍ အတောင်ခြောက်ဆယ်ရှိသော ရတနာစင်္ကြံ၌ ကဆုန်လှူပ် (၁၅) ရက်နေ့မှ နယုန်လဆန်း (၆) ရက်နေ့ထိ စင်္ကြံကြွ၍ (၇)ရက်ပတ်လုံး သီးတင်းသုံးတော်မူသည် = စင်္ကမသတ္တာဟ။)*

(၄) လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဘွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်၊ ရောင်ရှင်ခြောက်ဖြာ ညီးလို့ကိုး။ *(ဗောဓိပင်၏ အနောက်မြောက်ဘက် ဆယ်လံအကွာတွင် နတ်တို့ဖန်ဆင်းအပ်သော ရတနာ ရွှေအိမ်၌ နယုန်လဆန်း (၇) ရက်နေ့မှ နယုန်လဆန်း (၁၃) ရက်နေ့ထိ (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = ရတနာဃရ သတ္တာဟ။)*

http://www.dhammadownload.com



(၅) ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြုဗ္ဗာ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စမွယ်နေသည်၊ ရှိသေမြတ်နိုးဘွယ်ပေကို။ *(ဗောဓိပင်၏ အရှေ့ဘက် အဇပါလမည်သော ဆိတ်ကျောင်းညောင်ပင်၌ နယုန်လဆန်း (၁၄) ရက်နေ့မှ နယုန်လဆုပ် (၅) ရက်နေ့ထိ (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = အဇပါလသတ္တာဟ။)*

(၆) ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုး စုံသည်၊ မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင် ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စမွယ်နေသော၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ခြိုးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်၊ ရှေးကျိုး သမ္ဘာတော်ကြောင့်ကို။ *(ဗောဓိပင်၏ အရှေ့တောင်မျက်နှာ နှစ်ဆယ့်ကိုးလံကွာ၌ရှိသော မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၊ နဂါးမင်း၏အခွေအတွင်း၌ (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည်= မုစလိန္ဒသတ္တာဟ။)*

(၇) ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လကျာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည်၊ ကြီးမားဉာဏ်တော် ဖွင့်လိုကို။ *(ဗောဓိပင်၏တောင်ဘက် အလံလေးဆယ်ကွာ၌ရှိသော ရာဇာယတနဟု ခေါ်သော လင်းလွန်းပင်၌ နယန်လဆုပ် (၁၃) ရက်နေ့မှ ဝါဆိုလဆန်း (၅) ရက်နေ့အထိ (၇) ရက်ပတ်လုံး သီတင်းသုံးတော်မူသည် = ရာဇာယတန သတ္တာဟ။)*

ထိုခုနှစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့် ဦးချ ညွတ်ကျိုး ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ပြည့်စေသော၀်။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## ဗုဒ္ဓါဓိဝုတ္တ ဝန္ဒနာ
## သရီရဓာတုစေတီ တည်ရာဌာနများ

၁။ ရာဇဂြိုဟ်မြို့ ၂။ဝေသာလီမြို့ ၃။ကပိလဝတ်မြို့ ၄။အလ္လကပ္ပကတိုင်း ၅။ရာမဂ္ဂါ ၆။ဝေဋ္ဌဒီပကတိုင်း ၇။မလ္လတိုင်း၊ ပါဝေယျကမြို့ ၈။ ကုသိနာရုံမြို့တို့၌ ဘုရားရှင်၏ သရီရဓာတ်တော်များ ကိန်းဝပ်စံပါယ်တည်ရှိရာဓာတုစေတီတို့ကိုငှင်း။ သီရိဓမ္မာသောကမင်းကြီးသည် ဇမ္ဗူဒိပ် တစ်ကျွန်းလုံး ရှစ်သောင်းလေးထောင်သော မြို့တို့၌ ဆောက်လုပ်လှူဒါန်းစေအပ်သော ရှစ်သောင်းလေးထောင်သော ကျောင်းတို့၌ တည်ထားစေအပ်သော ရှစ်သောင်းလေးထောင်သော ဓာတုစေတီ တို့ကိုငှင်း။

## သံဝေဇနီယ(၄)ဌာန

၁။ မြတ်စွာဘုရား မွေးဖွားတော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတောဉယျာဉ် အရပ်ဌာန ၂။ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိပလ္လင်တည်ရှိရာ မဟာဗောဓိမဏ္ဍိုင်အရပ်ဌာန ၃။ ဓမ္မစကြာ တရားဦးကို ဟောကြားရာ ဣသိပတန မိဂဒါဝုန်တော အရပ်ဌာန ၄။ ခန္ဓပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းဉယျာဉ်တော အရပ်ဌာနအားဖြင့် သံဝေဂဉာဏ်ကို ရစေတတ်ကုန်သော သံဝေဇနီယအရပ် (၄) ဌာန တို့ကိုငှင်း။

## အဝိဇဟိတ(၄)ဌာန

၁။ မဟာဗောဓိပင် အပရာဇိတပလ္လင်တော်ပေါက်ရာ အရပ်ဌာန ၂။ ဓမ္မစကြာ တရားဦးဟောရာ ဣသိပတန မိဂဒါဝုန်တော အရပ်ဌာန ၃။ အဘိဓမ္မာတရားဟောအပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းရာတွင် ရှေးဦးစွာ လက်ျာခြေတော် ချတော်မူရာ သင်္ကဿမြို့တံခါး အရပ်ဌာန ၄။ ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋီ ကျောင်းတော်ရာအတွင်း ဘုရားရှင်အားလုံးတို့၏ အသုံးအဆောင်ဖြစ်သော ညောင်စောင်းတော် အခြေလေးခုတို့၏ တည်ရာအရပ်ဌာနအားဖြင့် ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်ပစ်အပ်ပဲ မြဲသောအရပ်ဌာနဟုဆိုအပ်ကုန်သော အဝိဇဟိတ အရပ်(၄)ဌာနတို့ကိုငှင်း။

http://www.dhammadownload.com



## ဝဿူပဂမန(၁၅)ဌာန

ဘုရားရှင် (၄၅) ဝါ ကာလပတ်လုံး ဝါဆိုဝါကပ်သီတင်းသုံး နေထိုင်တော်မူခဲ့ရာ အရပ်ဌာနများ ဖြစ်ကြသော ဗာရာဏသီပြည် မိဂဒါဝုန်တောအရပ်ဌာန ၂။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက် ၃။ ဝေသာလီပြည် မဟာဝုန်တော အတွင်းရှိစုလစ်မွန်းချွန် အထွဋ်ရှိတတ်သောကျောင်းတော် ၄။ မကုဋတောင် ချယားတောကျောင်းတိုက် ၅။ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ၆။ သုသုမာရဂိရမြို့ ပဲစင်းငုံတော ၇။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက် ၈။ ပါလိလေယျကတောအုပ် ၉။ နာဠပုဏ္ဏားရွာ နာဠိကာရုံကျောင်းတိုက် ၁၀။ ဝေရဉ္စာပြည် နဠေရုတမာပင်အနီး အရပ်ဌာန ၁၁။ စာလီယပြည် ဇန္တုရွာ စာလီယတောင်ကျောင်း ၁၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်နှင့် ပုဗ္ဗာရုံကျောင်းတိုက် ၁၃။ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း ၁၄။ အာဠဝီပြည် အဂ္ဂါဠဝနတ်ကွန်း ကျောင်းတိုက် ၁၅။ ဝေသာလီပြည် ဝေဠုဝရွာငယ် အရပ်ဌာနအားဖြင့် ဝါဆိုဝါကပ်သီတင်းသုံး နေထိုင်တော်မူခဲ့ရာအရပ် (၁၅) ဌာနတို့ကိုငှင်း။

## စေတီ(၄)မျိုး

ဘုရားရှင်၏ခန္ဓာကိုယ် သရီရဓာတ်တော်၊ ဆံတော် ၊ အမွေးတော်၊ ခြေသည်းလက်သည်းတော်၊ သွားတော်၊ ဓာတ်တော်များ၊ သပိတ်သင်္ကန်း၊ ရေစစ်၊ တောင်ဝှေးစသော အသုံးအဆောင် ပရိဘောဂပစ္စည်းများ၊ ဘုရားရှင် သီတင်းသုံးတော်မူခဲ့ဘူးသော နေရာထူးနေရာမြတ်တို့မှ မြေများကို ဌာပနာ ထည့်သွင်းကာ တည်ထားကြကုန်သော လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် နဂါးပြည်တို့၌ တည်ရှိကြကုန်သော ဓာတုစေတီ ဓမ္မစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီများ ဖြစ်ကြကုန်သော အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ အပရာဇိတ ပလ္လင်၊ မဟာဗောဓိညောင်ပင်၊ မဟာဗောဓိစေတီ၊ သတ္တဌာနစေတီ၊

http://www.dhammadownload.com



ဓမ္မရာဇိကစေတီ၊ ဓမေ္မခစေတီ၊ မဟာပရိနိဗ္ဗာနစေတီ၊ ဇေတဝန် ကျောင်းတော်ရာ၊ ပုဗ္ဗာရုံကျောင်းတော်ရာ၊ ဝေဠုဝန်ကျောင်းတော်ရာ၊ ပရိဘောဂစေတီ စသော ဘုရားစေတီတို့ကိုဂုဏ်း၊ တာဝတိံသာနတ်ပြည်မှ စူဠာမဏိစေတီ၊ အကနိဋ္ဌ ဗြဟ္မာပြည်မှ ဒုဿစေတီတို့ကိုဂုဏ်း၊

သီရိလင်္ကာနိုင်ငံမှ ၁။ ဒက္ခိဏာသာခါ သဃ်မိတ္တဗောဓိညောင်ပင် ၂။ ထူပါရုံစေတီ ၃။ မဟာစေတီ ၄။ မဟိယင်္ဂဏာစေတီ ၅။ နာဂဒီပ ရာဇာယတနစေတီ ၆။ ကလျာဏီစေတီ ၇။ သုမနကူဋပါဒစေတီ ၈။ ဒီဃဝါ ပိစေတီ ၉။ စေတိယတောင်သိလာစေတီ ၁၀။ မုတိယင်္ဂဏာစေတီ ၁၁။ မင်္ဂလာ စေတီ ၁၂။ သောမာဝတီစေတီ စသော ဘုရားစေတီတို့ကိုဂုဏ်း နဂါးပြည်၌ရှိသော စွယ်တော်ဓာတ်တော် စေတီကိုဂုဏ်း။ မြန်မာနိုင်ငံမှ ၁။ ရွှေတိဂုံစေတီ ၂။ ကျိုက်ထီးရိုးစေတီ ၃။ မဟာမုနိရုပ်ပွါးတော် ၄။ ရွှေစည်းခုံစေတီ ၅။ ကောင်းမှုတော်စေတီ စသော ဘုရားစေတီတို့ကို လည်းကောင်း၊

ဘုရားရှင်သည် ထူးသောဉာဏ်ဖြင့်သိ၍ ဟောကြားအပ်သော ကောင်းစွာသင်ယူ၍ မှီဝဲအပ်၊ ပွားများအပ်၊ အဖန်ဖန် လေ့ကျင့်အပ်ကုန်သော သတိပဋ္ဌာန် (၄) ပါး၊ သမ္မပ္ပဓါန် (၄) ပါး၊ ဣဒ္ဓိပါဒ် (၄) ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး၊ ဗောဇ္ဈင် (၇) ပါး၊ မဂ္ဂင် (၈) ပါး အားဖြင့် ဗောဓိပက္ခိယတရား (၃၇) ပါး ဟု ဆိုအပ်သော မြတ်သော အကျင့်သာသနာတော်၊ (၄၅) ဝါ ပတ်လုံး ဘုရားရှင်ဟောကြား ပညတ်တော်မူအပ်သော ဓမ္မဝိနယ အားဖြင့် (၂) ပါး၊ သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ အားဖြင့် အင်္ဂါ (၉) တန် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်အားဖြင့် နိကာယ် (၅) ရပ်၊ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာအားဖြင့် ပိဋကတ်သုံးပုံ ဤသို့ ပိုင်းခြားထား အပ်သော ဘုရားရှင်၏ ကိစ္စကို ဆောင်ရွက်နိုင်ကြကုန်သော ဓမ္မက္ခန္ဓာ

http://www.dhammadownload.com



တရားပေါင်း (၈၄,၀၀၀) ဒေသနာဟု ဆိုအပ်သော ဓမ္မစေတီတို့ကို လည်းကောင်း၊ ရှေးကုသိုလ်ကံ လွန်ထက်သန်သဖြင့် ဖူးရန်အသင့် ပူဇော်ခွင့်ရသော ဘုရားတပည့်တော်သည် သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်ထားရွယ်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ မြတ်စွာဘုရား။ ။

♥ ♥ ♥ ♥ ♥

## ဘုရားဂုဏ်တော်ကိုးပါး ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

တို့ဘုရားမူ နတ်လူတို့က ပူဇော်ရ၏ ဓမ္မဉာဏ်အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏ ဝိဇ္ဇာစရဏ ပြည့်စုံလှ ဖြောင့် စကားကောင်းကို ကိုယ်တော်ဆို၏ ထိုထိုလောက သိတတ်လှ၏ ဆုံးမထိုက်သူ အတူကင်းလတ် ဆုံးမတတ်၏ နတ်လူဆရာ သစ္စာသိမြင် ဘုန်းအရှင်သည် ကိုးအင်ဘုရား ဂုဏ်တော်တည်း။ (ရွှေဟင်္သာဆရာတော်)

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## ဗုဒ္ဓါပွါဒ ဝန္ဒနာတော်

ဣတိပိ သော ဘဂဝါ လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ + သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏ ဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ + သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။ (၁) ဣတိ အရဟတာဒိ နဝဂုဏေဟိ သမန္နာဂတံ (၂) သဗ္ဗလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တံ (၃) ဒေဝမနုဿာနံ အာဒိကလျာဏာဒိပ္ပကာရမေဝ ဓမ္မံ ဒေသေန္တံ ဗြဟ္မစရိယံ ပကာသေန္တံ - တံ တထာဂတံ အဟံ နမာမိ။

### (က) ဂုဏ်တော် (၉)ပါး

၁။ **ဣတိပိ-ဣတိပိသော ဘဂဝါ၊** ဤသတ္တလောက သတ္တဝါအပေါင်း၌။ **အရဟံ၊** ကိလေသာ မြူမှေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ်တော်မူ၍ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းဦးခိုက် ပူဇော်အထူးကို ခံယူတော်မူထိုက်သော။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** - မဖောက်မပြန် ကိုယ်တော်တိုင်သာ ဥဉ ယျေါင်းတန် တရားမှန်ကို စေ့န် ထိုးထွင်း၍သိတော်မူသော။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** - အသိဉာဏ်ဝိဇ္ဇာ (၃)ပါး၊ ဝိဇ္ဇာ (၈)ပါး၊ အကျင့်စရဏ (၁၅)ပါးတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသော။

၄။ **သုဂတော** - ကျိုးရှိဟုတ်မှန် ကြားနာခံခက် မခံခက်ဟု နှစ်ချက်ပေါင်းစပ် ကောင်းမြတ်သောစကားကိုသာ ဆိုသင့်ရာအခါ၌ မိန့်ဆိုတော်မူတတ်သော။

၅။ **လောကဝိဒူ** - သတ္တ သင်္ခါရ ဩကာသဟု လောကသုံးဘုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော။

http://www.dhammadownload.com



၆။ **အနုတ္တရော ပုရိသဒမ္မသာရထိ**-ဆုံးမသင့် ဆုံးမထိုက်သော သူတို့ကို လိမ္မာယဉ်ကျေးအောင် ဆုံးမတတ်သည့် အတုမဲ့ လွန်မြတ်သော ပုဂ္ဂိုလ် ဖြစ်တော်မူသော။

၇။ **သတ္ထာဒေဝမနုဿာနံ** - ပြဟ္မာ နတ် လူ သုံးဘုံလူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော။

၈။ **ဗုဒ္ဓေါ** - သစ္စာလေးပါး မြတ်တရားတို့ကို ကိုယ်တော်တိုင်လည်းသိ၍ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူနိုင်သော။

၉။ **ဘဂဝါ** - ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသဖြင့် စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ ဘုန်းတန်ခိုးကျက်သရေ သပ္ပါယ်တော်မူသော ။

**တထာဂတော၊** မြတ်စွာဘုရားရှင်သည်။ **ဥပ္ပဇ္ဇတိ၊** ပွင့်ထွန်းပေါ်ပေါက်တော်မူလာ၏။

## (ခ) အတ္တဟိတသမ္ပတ္တိ ဂုဏ်တော်

**သောတထာဂတော၊** ဤသို့လျှင် အရဟံအစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည်။

**သဒေဝကံ၊** အောက် ကာမာဝစရ နတ်ပြည်ငါးထပ်ရှိ နတ်အပေါင်းတို့နှင့်လည်းတကွဖြစ်သော။ **သမာရကံ၊** မာရ်နတ်မင်း၏ တည်နေရာ ဝသဝတ္တီနတ်ပြည်ရှိ နတ်အပေါင်းတို့နှင့်လည်းတကွဖြစ်သော။ **သဗြဟ္မကံ၊** ပြဟ္မာ့ပြည် နှစ်ဆယ်ရှိပြဟ္မာအပေါင်းတို့နှင့်လည်း တကွဖြစ်သော။ **ဣမံလောကံ၊** ဤသတ္တလောက, ဩကာသလောကကိုလည်းကောင်း။

**သဿမဏဗြာဟ္မဏိံ၊** သာသနာတွင်း, သာသနာပရှိ ရဟန်းပုဏ္ဏားတို့နှင့်လည်း တကွဖြစ်သော။ **သဒေဝမနုဿံ၊** မင်းများလူများ တို့နှင့်လည်းတကွ ဖြစ်သော။ **ဣမံ ပဇံ၊** ဤသတ္တလောကကိုလည်းကောင်း။ **သယံ၊** ကိုယ်တော်တိုင်သာ။

http://www.dhammadownload.com



**အဘိညာ-အဘိညာယ၊** ထူးမြတ်လွန်ကဲသော သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူပြီး၍။ **သစ္ဆိကတွာ၊** မျက်မှောက်ပြုလျက်။ **ဒေဝမနုဿာနံ၊** နတ်လူပြဟ္မာသတ္တဝါတို့အား။ **ပဝေဒေတိ၊** ဟောကြားထုတ်ဖော်သိစေတော်မူပါပေ၏။

## (၇) ပရဟိတပဋိပတ္တိ ဂုဏ်တော်

**သောတထာဂတော၊** ဤသို့လျှင်သတ္တောကာသ သင်္ခါရဟု လောကသုံးဘုံ အလုံးစုံကို ကိုယ်တော်တိုင်သာ ထူးမြတ်လွန်ကဲသော သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူပြီး၍ မျက်မှောက်ပြုလျက် နတ်လူပြဟ္မာသတ္တဝါတို့အား ဟောကြားထုတ်ဖော် သိစေတော်မူသော ထိုမြတ်စွာဘုရားသည်။ **သတ္တေသု၊** သတ္တဝါတို့အပေါ်၌။ **ကာရုညတံ၊** လွန်စွာသနားတော်မူခြင်း မဟာကရုဏာရှိတော်မူသည်၏ အဖြစ်ကို။ **ပဋိစ္စ၊** စွဲ၍။ **အနုတ္တရံ၊** အတုမရှိ အမြတ်ဆုံးဖြစ်သော။ **ဝိဝေကသုခံ၊** အရဟတ္တဖိုလ် ဖလသမာပတ် ချမ်းသာကို။ **ဟိတွာပိ၊** စွန့်ပယ်တော်မူ၍လည်း။ **အာဒိကလျာဏံ၊** အစ၌ ကောင်းခြင်းရှိသော။ **မဇ္ဈေကလျာဏံ၊** အလယ်၌ ကောင်းခြင်းရှိသော။ **ပရိယောသာနကလျာဏံ၊** အဆုံး၌ ကောင်းခြင်းရှိသော။ **သာတ္ထံ၊** သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသောအနက်အဓိပ္ပါယ်နှင့်လည်း ပြည့်စုံသော။ **သဗျဥ္ဇနံ၊** သိထိလ,ဓနိတစသော အက္ခရာ သဒ္ဒါနှင့်လည်း ပြည့်စုံသော။ **ကေဝလပရိပုဏ္ဏံ၊** ထည့်လောင်းဖြည့်စွက် ပယ်ဖျက်အပ်သော အနက်အဓိပ္ပါယ် မရှိသည်၏ အဖြစ်ကြောင့် အလုံးစုံ ထက်ဝန်းကျင်မှလည်း ပြည့်စုံသော။

**ပရိသုဒ္ဓံ၊** ပစ္စည်း လာဘ်မျိုး မမျှော်ကိုးဘဲ အကျိုးလိုလား မေတ္တာပွါးယှဉ် ထက်ဝန်းကျင်စင်ကြယ်သော။ **ဓမ္မံ၊** ပရိယတ်တရားတော်ကို။ **ဒေဝမနုဿာနံ၊** နတ်လူပြဟ္မာသတ္တဝါတို့အား။ **ဒေသေတိ၊** ဟောကြားတော်မူပါပေ၏။ **ကထံ၊** ဤသို့လျှင် . . .

http://www.dhammadownload.com



၁။ **အရဟာတာဒိ နဝဂုဏေဟိ သမန္နာဂတံ၊** ကောင်းကင်မြေကြီး ပဲ့တင်ဟီးအောင် ဝှဲချီးအပ်လျက် မဆံ့ဘဝဂ် ပျံ့နှံ့တက်ကာ ချီးမွမ်းအံ့ဩ ကျော်စောသံဖြစ်သော အရဟံအစ ဘဂဝါအဆုံး ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော

၂။ **သဗ္ဗလောကံ-သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တံ၊** နတ်လူပြဟ္မာ သတ္တဝါနှင့်တကွသော ကာမ ရူပအရူပဟု လောကသုံးဘုံ အလုံးစုံကို ကိုယ်တော်တိုင်ထူးမြတ်လွန်ကဲသော သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူပြီး၍ မျက်မှောက်ပြုလျက် နတ်လူပြဟ္မာသတ္တဝါတို့အား ဟောကြားထုတ်ဖော် သိစေတော်မူသော။

၃။ **ဒေဝမနုဿာနံ အာဒိကလျာဏာဒိပ္ပကာရမေဝ ဓမ္မံဒေသေန္တံ ဗြဟ္မစရိယံ ပကာသေန္တံ၊** အစ, အလယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံလျက် အနက်နှင့်လည်းပြည့်စုံ, သဒ္ဒါပုဒ်ပါဌ် အက္ခရာနှင့်လည်း ပြည့်စုံသော အပိုအလိုမရှိ အလုံးစုံ ထက်ဝန်းကျင်အားဖြင့်လည်း ပြည့်စုံသော ဒုစရိုက် အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော ပရိယတ် တရားတော်ကို ဟောကြားတော်မူလျှက် သီလ သမာဓိ ပညာ သုံးပါးသိက္ခာ ပဋိပတ္တိ သာသနာတည်းဟူသော မြတ်သောအကျင့်ကို နတ်လူ ပြဟ္မာ သတ္တဝါတို့အား ထင်ရှားပြတော်မူသော။ **တံ တထာဂတံ၊** ဂေါတမ နွယ်ဖွား ထိုရှင်တော် မြတ်ဘုရားကို။ **အဟံ၊** ဘုရားတပည့်တော်သည်။ **နမာမိ၊** ကိုယ်မကြော့ကြွမ်း နှုတ်မသွမ်းပဲ စိတ်ဝမ်းနှံ့ကျိုး မာန်ကိုချိုး၍ မြတ်နိုးကော်ရော် ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား ။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## ဗုဒ္ဓရတနာဂါထာတော်

**ယံကိဉ္စိဝိတ္တံ ဣဓဝါ ဟုရံဝါ၊**
**သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ၊**
**န နော သမံ အတ္ထိ တထာဂတေန၊**
**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

**ဣဓဝါ**၊ လူတို့နေရာ မြို့ရွာဌာန ဤလောက၌၎င်း။ **ဟုရံဝါ**၊ နဂါးဂဠုန် ဖုံဖုံနေကြ ဟိုအောက်လောက၌၎င်း။ **ယံကိဉ္စိ**၊ သက်မဲ့သက်ရှိ များဘိဥဿုံ အလုံးစုံသော။ **ဝိတ္တံ**၊ ပီတိအစွမ်း ကိုယ်စိတ်လန်း၍ ဝမ်းပန်းကြည်သာ နှစ်သက်စရာဖြစ်သော အသုံးအဆောင် ရတနာသည်၎င်း။

**သဂ္ဂေသုဝါ**၊ နတ်မြို့ခြောက်လီ ပြဟ္မာပြည်တို့၌လည်း။ **ပဏီတံ**၊ အရသာရှိ စားဖွယ်၏သို့ ကြည့်၍မဝ မွန်မြတ်လှစွာသော။ **ယံ ရတနံစ**၊ ဘုံဗိမာန်နန်း အခန်းခန်းနှင့် ထူးဆန်းထွေလာ အကြင်ရတနာသည်၎င်း။ **အတ္ထိ**၊ ရှေးကံအလျောက် ဘုန်းကံတောက်က ဝမ်းမြောက်ဖွယ်ရာ တင်ရှားရှိပါပေ၏။

**ဧတ္ထ**၊ ပီတိအစွမ်း လွန်ရွှင်လန်းဘိ သိန်းသန်းကုဋေ အထွေထွေသော ဤရတနာတို့တွင်။ **တထာဂတေန**၊ သုံးလူ့ထွဋ်ထား မြတ်ဘုရားနှင့်။ **သမံ**၊ တန်းတူထား၍ ရှုစားလောက်စွာ တစ်စုံတစ်ခုသော ရတနာသည်။ **နနောအတ္ထိ၊ နတ္ထိဧဝ၊** အကြောင်းကိုကြည့် အကျိုးကြည့်လည်း မရှိစကောင်း အမှန်ပင် ဖြစ်ပါ ပေတော့၏။ **ဗုဒ္ဓေ**၊ သုံးလူ့ထွဋ်ထား မြတ်ဘုရား၌။ **ပဏီတံ**၊ လောကီဥစ္စာ ရတနာထက် ကဲသာမြတ်မွန် တုဘက်လွန်သော။ **ဣဒမ္ပိရတနံ**၊ ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်း မြင့်မော် ဤသီလသမာဓိ ပညာတော်သည်လည်း။ **အတ္ထိ** အမြဲ့သော ရှိပါပေ၏။

http://www.dhammadownload.com



**ကူဒမ္မိဗုဒ္ဓေ-အယံဇဝေ ဗုဒ္ဓေါ**၊ ဤသုံးလူ့ထွဋ်ထား ငါတို့ရှင်တော် မြတ်ဘုရားသည်သာလျှင်။ **ပဏီတံ**၊ လောကီရတနာ အဖြာဖြာထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော။ **ရတနံ**၊ ရှိသေလေးမြတ် ဆည်းကပ်ဘို့ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။ **ရတနံ**၊ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

**ဧတေနသစ္စေန**၊ ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်။ **ပါဏီနံ**၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို များလူပိုလ်တို့အား။ **သုဝတ္ထိ**၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ **သုဝတ္ထိ**၊ ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွား ရတနာသည်။ **ဟောတု**၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## သဗ္ဗဗုဒ္ဓဂုဏ သင်္ဂါဟိတကဂါထာတော်

**ယော လောကတ္ထာယ ဗုဒ္ဓေါ မနေ သုတ ဘရိယာ အင်္ဂ ဇီဝေ စဇိတွာ၊**
**ပူရေတွာ ပါရမီယော တိဒသ မနုပမေ ဗောဓိပက္ခီယဓမ္မေ၊**
**ပတွာ ဗောဓိ ဝိသုဒ္ဓံ သကလဂုဏဒဒံ သေဋ္ဌဘူတော တိလောကေ၊**
**ကတွာ ဒုက္ခဿန္တံ ကတသုဘဇနတံ ဒုက္ခတော မောစယိတ္တ၊**
**ဇောတေန သဗ္ဗဝန္ဒေ၊ ဟောတု မေ ဇယမင်္ဂလံ၊**

### (က) သုမေဓာဘဝ (ဟေတုအဝတ္ထာ)

**ယော မဟာပုရိသော၊** ဒီပင်္ကရာ ထွန်းချသနင်း ခြေတော်ရင်းဝယ် ဘုရားဖြစ်ရန် စိတ်ရည်သန်၍ ဆုပန်ပြီးရာ ထိုအခါ၌ နိယတဗျာဒိတ် ခပ်နှိပ်ခံရ"သုမေဓမည်ငြား ဘုရားအလောင်း အကြွင်သူတော်ကောင်းသည်"။ **လောကတ္ထာယ၊** လုံးစုံများစွာ သတ္တဝါတို့၏ စီးပွားချမ်းသာများရန်အလို့ငှာ။ **အပရိမာဏဘဝေ၊** တစ် နှစ် သုံး လေး ဂဏန်းရွေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ-လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး။ **မနေ+သုတ+ဘရိယာ+အင်္ဂ+ဇီဝေ၊** သက်မဲ့သက်ရှိ များဘိလှစွာ စီးပွားဉစ္စာတို့ကိုငှင်း မိမိရင်သွေး အသက်ပေး၍ ချစ်သွေးဖြာစည် သည်းပွတ် နှင့်ပမာမှီရသည့် ဇာလီ ကဏှာဇိန်တို့ကဲ့သို့သော သားသမီးတို့ကို ငှင်း+မဒ္ဒီဒေဝီ တို့ကဲ့သို့သော ဇနီးမိဖုရားတို့ကိုငှင်း+မဟာသွေး+မဟာရည်+ ရာဇရုပ် ဂုဏ်အင်ညီ၍ ဖြိုးစည်သပ္ပါယ် မျက်စိစသော ကိုယ်အင်္ဂါ ကြီးငယ်တို့ကိုငှင်း+ လူဝယ်အမြတ် သတ်မှတ်တွင်ခေါ် ကိုယ်တော်၏ အသက်တော်တို့ကို လည်းကောင်း။ **စဇိတွာ၊** အလိုရှိအပ် ချဉ်းလာကပ်သည့် ယုတ်မြတ်မဟူ အလှူခံပုဂ္ဂိုလ်များထိုထိုအား သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ရှေ့ပြေး သဒ္ဓါရှေး၍ လှူပေးတော်မူပြီးလျှင်။ **ပါရမီယော တိဒသ၊** ဒါန သီလ နေက္ခမ္မနှင့် ပညာဝီရိ ခန္တီ သစ္စာ အဓိဋ္ဌာန မေတ္တာ၊ ဥပေက္ခာ ဆယ်ဖြာဖြစ်ငြား

http://www.dhammadownload.com



ပါရမီ(၁၀)ပါး+ဥပပါရမီ (၁၀)ပါး ပရမတ္ထပါရမီ(၁၀)ပါး အားဖြင့် အပြား(၃၀)သော နိဗ္ဗာန် ရောက်ကြောင်း ပါရမီတော် အပေါင်း တို့ကို။ **အနုပမေ၊** အများသူငါ သတ္တဝါတို့နှင့် နှိုင်းယှဉ်ဖွယ်ရာ ဥပမာ မရှိအောင်။ **ပူရေတွာ-ပူရေသိ၊** သဗ္ဗညုဉာဏ် ရဖို့ရန်ကို စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးဖြည့်ကျင့်တော် မူလေပြီ။

## (ခ) သိဒ္ဓတ္ထမင်းသားဘဝ(ဖလအဝတ္ထာ)

**ပူရေတွာ၊** သဗ္ဗညုဉာဏ် ရဖို့ရန်အတွက် ပါရမီသမ္ဘာရ အဝဝကို ဖြည့်ကျင့်ဆည်းပူး ပြည်စုံတော်မူပြီး၍။ **သော မဟာပုရိသော၊** သာကီယဇာတ် အမျိုးမြတ်မှ **"သိဒ္ဓတ္ထ ခေါ်ငြား ဘုရားအလောင်းထို သူတော်ကောင်းသည်"**။ **ဗောဓိပက္ခိယမမ္ဘေ၊** ဗောဓိမည်ငြား မဂ်ဉာဏ် တရား၏ ရင့်ကျက်စေကြောင်း တရားကောင်းဖြစ်ကုန်သော သတိပဋ္ဌာန် (၄)ပါး၊ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ် (၄)ပါး၊ ဣန္ဒြေ(၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး ဤသို့အားဖြင့် (၃၇)ပါးသော ဗောဓိပက္ခိယ တရားတို့ကို။ **အနုပမေ၊** ကြွင်းကျန်ကုန်ငြား သတ္တဝါများနှင့် နှိုင်းယှဉ်ဖွယ်ရာ ဥပမာ မရှိအောင်။ **ပူရေတွာ ဘာဝေတွာ၊** သဗ္ဗညုဉာဏ် ရဘို့ရန်ကို စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးပွားများပြီးလျှင်။ **သကလဂုဏဒဒံ၊** ဒသဗလဉာဏ် စတုဝေသာရဇ္ဇဉာဏ် ဆအသာဓာရဏဉာဏ် စုဒ္ဒသဗုဒ္ဓ ဉာဏ် တစ်ဆယ့်ရှစ် တန်သော အာဝေဏိက ဗုဒ္ဓဓမ္မစသော ရှိသမျှ ဥသုံ အလုံးစုံသော ဗုဒ္ဓဂုဏ်ကို ပေးနိုင်ထသော။ **ဝိသုဒ္ဓံ၊** ရာဂစသား ကိလေသာ မြူများ မရှိရကား အထူးသဖြင့် စင်ကြယ်လှစွာသော။ **ဗောဓိံ၊** အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်ကို။ **ပတွာ-ပတ္တော အဓိဂတော၊** ပစ္စဝေက္ခဏာဇော စောကာလွယ်ကူ ရတော်မူပေပြီ။ **ပတွာ-ပါပုဏိတွာ၊** သဗ္ဗညုထွဋ်ထား ရှင်တော်မြတ်ဘုရားအဖြစ်သို့ ထင်ရှားစွာ ရောက်တော်မူ သောကြောင့်။ **တိလောကေ၊** ကာမရူပ အရူပဟု

http://www.dhammadownload.com



လောကခေတ်တိုက်ဘောင် ဘုံသုံးဆောင်၌။ **သေဋ္ဌဘူတော**၊ ပြဟ္မာ နတ်လူ သုံးဘုံသူတို့တွင် မည်သူမျှ မယှဉ်အပ် ချီးမွမ်းအပ်သည့် အမြတ်ခေါင်မျိုး ပုဂ္ဂိုလ်ထူးအဖြစ်သို့ ရောက်တော်မူပေပြီ။

## (ဂ) ဘုရား (သတ္တုပကာရာဝတ္ထာ)

**သော ဗုဒ္ဓေါ**၊ အာဒိစ္စဝံသ "ဂေါတမနွယ်ဖွား ထိုရှင်တော်မြတ်ဘုရားသည်"။ **ကတ္တာဒုက္ခဿအန္တံ**၊ ကိုယ်တော်မြတ်၏ ဝဋ်ဆင်းရဲဒုက္ခ ဟူသမျှကို အရဟတ္တမဂ် သယမ္ဘူစက်ဖြင့် ကုန်ခမ်းစေတော်မူပြီးလျှင်။ **ကတသုဘဇနတံ**၊ ရှေးဘုရားတို့ထံ၌ ကုသိုလ်ကံကို ပြုစီမံဖူးကုန်သော ဝေနေယျများစွာ သတ္တဝါတို့ကိုလည်း။ **ပဋ္ဌစတ္တာလိသဝဿာနိ**၊ လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး။ **မမ္ဗံ ဒေသေတွာ**၊ နေ့လူ ညနတ် ပရိသတ်ကို ပြဿနာ မေးဖြေ ဟောမိန့်ခြွေလျက် မနေရပ်နား ကိုင်းတစ်ပါးနှင့် မိုးဖျားဘဝဂ် ဉာဏ်ကွန်ကြက်၍ စကြာဝဠာ တစ်ပါးသို့ပင် ကြွသွားတော်မူကာ အားကုန်မာန်တင်း ခြင်္သေ့မင်းသို့ တွင်းပြင်မထား ဝါဒခြားလည်း ဆရာစားမချန် ကောင်းသုံးတန်ဖြင့် နိဗ္ဗာန်ရရေး ချိန်မရွေးပဲ တိုက်ကျွေးဆုံးမလျက် သစ္စာလေးဖြာ တရားဒေသနာကို ကရုဏာထားကာ ဟောကြားပြသတော် မူ၍။ **နိဗ္ဗာန မဂ္ဂေ**၊ ဘေးရန်ငြိမ်းကြောင်း နိဗ္ဗာန်ခရီးကောင်းဖြစ်သော ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်၌။ **ပတိဋ္ဌာပေတွာ**၊ ကောင်းစွာမသွေ တည်စေပြီး လျှင်။ **ဒုက္ခတော မောစယိတ္ထ**၊ ဝဋ်ဆင်းရဲဒုက္ခ ဟူသမျှတို့မှ ကင်းလွတ်စေတော်မူပါပေပြီ။ **ဧတေန သစ္စဝဇ္ဇေန**၊ ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဝစီသစ္စာစကားကြောင့်။ **မေ**၊ ဘုရားဂုဏ်ကို စွဲမြဲထုံ၍ ယုံကြည်ပေငြား တပည့်တော်အား။ **ဇယမင်္ဂလံ**၊ နှစ်ဖြာတွင်းပြင် ဘေးရန်စင်၍ လိုအင်ဆန္ဒ ဟူသမျှလည်း ပြည့်ဝလျှင်စွာ စန်းသော်တာသို့ အောင်ရာအောင်ဆု အောင်ကြောင်းပြုသည့် အောင်မှုဖြာဖြာ အောင်ခြင်း မင်္ဂလာသည်။ **ဟောတု**၊ မြေကြီးလက်ခတ် ပုံနှုန်းအပ်သို့ ဆက်ဆက်မ... ဖြစ်ရပါစေသား မြတ်စွာ ဘုရား မြတ်စွာဘုရား။ ။

http://www.dhammadownload.com



## သိဒ္ဓိမင်္ဂလာဂါထာ

### သိဒ္ဓ မိဒ္ဓဂုဏံ ဣဒ္ဓ-ဒဒံ နာထံ တထာဂတံ၊ မုနိန္ဒဥ ဇိနံ နတွာ၊ ဒေတု မေ သိဒ္ဓိမင်္ဂလံ။

**သိဒ္ဓံ၊** ဗောဓိအောင်မြေ ပလ္လင်ဗွေဝယ် ကိလေသာမှန်သမျှ အနန္တကို ဝါသနာက အစမကျန် တွန်းလှန်တုံလစ် ဖြိုဖျက်ပစ်သဖြင့် သမ္မာသမ္ဗုဒ္ဓအဖြစ် ရောက်ကာ ဝိသုဒ္ဓိနတ် ဒေဝါတိဒေဝါမို့ နောက်ထပ်ခါခါ ပြုကျင့်စရာမရှိ ဆုံးခန်းတိုင်ခေါင်ထိ၍ အပြီးမြောက်ကြီး ပြီးမြောက်တော်မူပေထသော။

**ဣဒ္ဓဂုဏံ၊** ဗောဓိပင်ခြေ အောင်မြကနက် ပလ္လင်ထက်၌ ဖိုလ်မင်္ဂ အရဟတ် ဉာဏ်တော်မြတ်ကို ခူးဆွတ်ခိုက်တွင် ဉာဏ်သဗ္ဗဉ်နှင့် ထို့ပြင်ဖုံဖုံ သကလ ဗုဒ္ဓဂုဏ်ကို အကုန်ထိမိ ရတုံဘိ၍ မယုတ်လျော့သောဂုဏ် ပြည့်စုံသောဂုဏ်လည်း ရှိတော်မူပေထသော။

**ဣဒ္ဓဒဒံ၊** ကြံတိုင်းစည်တိုင်း မဆုတ်ဆိုင်းပဲ လိုတိုင်းပြီးပါ ပတ္တမြား ရတနာကဲ့သို့ မှန်စွာဆတ်ဆတ် လောကုတ်လောကီ နှစ်လီသော ချမ်းသာမြတ်ကို ကောင်းကောင်းကြီး ပေးသနားတော် မူပေထသော။

**နာထံ၊** ကျိုးမဲ့ခပင်း ရှောင်းရှားပေးခြင်းလျှင် လိုရင်းပဓာန ပယောဂ နှင့် ပြည့်ဝတုံဘိ သမ္ပတ္တိကြောင့် ရှိရှိသမျှ နတ်လူ သတ္တဝါ ဟူသမျှတို့၏ ထောက်တည်ရာအစစ် တစ်ဆူတည်းသော ကိုးကွယ်ရာ ဖြစ်တော် မူပေထသော။

**နာထံ၊** ချမ်းသာစီးပွား တင်းပြည့်အားဖြင့် ရငြားစေရန် စီအမံလျှင် ရင်းခံပင်မ ပယောဂနှင့် ပြည့်ဝတုံဘိ သမ္ပတ္တိကြောင့် ရှိရှိသမျှ နတ်လူ သတ္တဝါ ဟူသမျှတို့၏ အားထားကြရာအစစ် တစ်ဆူတည်းသော အားကိုးရာဖြစ်တော် မူပေထသော။

**နာထံ၊** မပိုမိုထ လွန်တိကျသည့် ပယောဂဖုံဖုံ စွမ်းအဟုန်နှင့် ပြည့်စုံတုံဘိ သမ္ပတ္တိကြောင့် ရှိရှိသမျှ နတ်လူ သတ္တဝါ ဟူသရွေ့တို့၏

http://www.dhammadownload.com



ပြကတေ့စင်စစ် တစ်ဆူတည်းသော ထောက်တည်ရာ အားကိုးရာဖြစ်တော်မူပေထသော။

**နာထံ**၊ အမြဲမပြတ် တလစပ်ပြုပါ ကျေးဇူးဂုဏ်ရောကြောင့် (ဝါ) အပိုင်းအခြားလွန်ကာ အစွမ်းကုန် ပြုပါသည့် ကျေးဇူးဂုဏ်ရောကြောင့် အလေးချိန်ပိဿာ တောင်းတာလက်သစ် အလင်းနှစ်ဖြင့် တွက်စစ်မရနိုင်းကာပြဖို့ ဥပမာနမမြင် စွမ်းအင်အဝဝ အဓိသီလ စတုံထူးကဲသော ဂုဏ်တို့နှင့် စုံစုံစိစိ ပြည့်စုံဘိသဖြင့် နှံ့သိစကြဝဠာ မရေတွက်နိုင်ရာသော သတ္တဝါတို့၏ ကိုးကွယ်ရာအစစ် တစ်ဆူတည်းသော ထောက်တည်ရာ ဖြစ်တော်မူပေထသော။

**မုနိန္ဒ**၊ ပစ္စုပ္ပန်လောက တမလွန်လောက ထိုနှစ်ဝကို ချိန်ဆနှိုင်းညှိ ကောင်းစွာသိ၍ ထိထိမိမိချုပ်ကိုင် လွှမ်းမိုးနိုင်၍ စိုးပိုင်တုံလျှင်း အကြောင်းရင်းကြောင့် မုနိသနင်း မုနိမင်း ဖြစ်တော်မူပေထသော။

(ဝါ) အဂါရိယမုနိ အနဂါရိယမုနိ သေခမုနိ အသေခမုနိဟု မုနိအပြား ဤလေးပါးတို့၏ ထွဋ်မှူးသနင်း မုနိတကာတို့၏မင်း ဖြစ်တော်မူပေထသော။

**မုနိန္ဒ**၊ ဣဓလောက ပရလောက ထိုနှစ်ဝကို ထောက်ဆနှိုင်းညှိ ကောင်းစွာသိ၍ ရှိရှိသမျှအရာ အသေအချာချုပ်ကိုင် လွှမ်းမိုးနိုင်ရွေ့ စိုးပိုင်တုံလျှင်း အကြောင်းရင်းကြောင့် မုနိသနင်း မုနိမင်း ဖြစ်တော်မူပေထသော။

(ဝါ) ဣဓလောက ပရလောက ထိုနှစ်ဝကို ကျကျနန သိကောင်း ဤအကြောင်းကြောင့် မုနိအပေါင်းတို့၏ အရှင်သခင် မုနိတကာတို့၏ ဘုရင်မင်း ဖြစ်တော်မူပေထသော။

**ဇိနံ**၊ အကုသိုလ်ညစ်ကျူ မကောင်းမှုတို့ကို တစ်ခုမကျန် တွန်းလှန်ဖြိုပစ် သတ်ညှစ်ပယ်ဖျဉ် ကောင်းကောင်းကြီး အောင်မြင်တော်မူပေထသော။

http://www.dhammadownload.com



(ဝါ) ဒေ, ကိ, ခန်, မစ်, ဘိမာရ်စစ်ကို သတ်ညှစ်ပယ်ဖျဉ် ပိုင်နိုင်စွာ အောင်မြင်တော်မူပေထသော။

**တထာဂတ်**၊ မွေးဖွားပြီးစ ထိုခဏ၌ တောင်မှမြောက်ဆီ ကြွချီ ခုနစ်ဖဝါး ရှေးဘုရားကဲ့သို့ "အဂ္ဂေါဟ မသ္မိ လောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ" ဟု ကြုံးဝါးကာသွားတတ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။

**တထာဂတ်**၊ ဝိပဿီစသား ရှေးဘုရားများကဲ့သို့ တစ်ဖက်သားအကျိုး ဆောင်သယ်ပိုးဖို့ စိတ်မျိုးရှေ့ထား မေတ္တာတရားဖြင့် ဆိုးဝါးစွာလှ မျက်ဒေါသ ကို ပယ်ချပြီးကာ အေးငြိမ်းရာစခန်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းရှေးရှု ကြွသွားတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။

**တထာဂတ်**၊ ပထဝီစသား ရုပ်တရားတို့၏ သဘောသွားလီလီ မှန်ကန်သော လက္ခဏာဆီသို့ ဉာဏ်ရည်သုံးလျှင်း လှမ်းလျှောက်ခြင်းကြောင့် မယွင်းသေချာ ဖြောင့်တန်းစွာရောက်လတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။

**တထာဂတ်**၊ သစ္စာလေးပါး အမှန်တရားကို မမှားဆတ်ဆတ် မဂ်ဉာဏ်မြတ်ဖြင့် သိမြင်တော်မူလတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။

**တထာဂတ်**၊ ရေတွက်၍မဆုံး လောကဓာတ်အားလုံး၌ ရှိမမှုန်းနိုင်ထ သတ္တဝါအနန္တတို့၏ ဒွါရခြောက်ဖုံ ပေါ်လာကုန်သည့် ရူပါရုံစသား ဓမ္မများကို ပဒအားဖြင့်တစ်တန် နာမအားဖြင့်တစ်တန် ဝါရအားဖြင့်တစ်တန် နယအားဖြင့်တစ်တန် ခွဲဝေဖန်သော် ဧကန်တိတိ ကောင်းကောင်းကြီး မြင်သိတော်မူလတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။

**တထာဂတ်**၊ ဗောဓိပင်နှင့်အင်ကြွင်းပင်ကြား လေးဆယ့်ငါး၌ ဟောကြားသမျှ မြတ်ဓမ္မသည် အတ္ထသဒ္ဒါ နှစ်ဖြာထိုထို ပိုလိုမရှိ ပြစ်ကင်းဘိ၍ ပကတိဖူလုံ ထက်ဝန်းကျင်ပြည့်စုံ၍ ရှိန်ဟုန်ပြင်းထန် ရာဂမာန်နှင့် ဒေါသမာန် မောဟ ယင်းသုံးဝကို နှိမ်ချပေသား ထိုတရားတို့၌ မြီးဆံဖျားမျှ

http://www.dhammadownload.com



အမှားမပါ တစ်ခုတည်းသော မင်းတံဆိပ်ဖြင့် ခတ်နှိပ်သည့် စာကဲ့သို့လည်းကောင်း၊ တစ်ခုတည်သော တောင်းစလယ်ဖြင့် ချင့်တွယ်သည့် အရာကဲ့သို့လည်းကောင်း တစ်ခုတည်းသော ချိန်ခွင်ချိန်စရာဖြင့် ချိန်တွယ်ထားသော ဥစ္စာကဲ့သို့ လည်းကောင်း၊ မမှန်ရာပယ်လတ် မှန်ကန်ရာကိုသာ ဟောကြားတော်မူတတ်သည့် နတ်လူတို့၏ထွဋ်ထီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။

**နမာမိ**၊ မြတ်မြတ်နိုးနိုး ပျပ်ဝပ်လျှိုး၍ ရိုကျိုးလှစွာ ရှိခိုးပါ၏ မြတ်စွာဘုရား။

**နတွာ**၊ ဆယ်ချောင်းအဥ္စလိ တင်ချီမြတ်နိုး ထိပ်မှာမိုး၍ ရှိခိုးကြည်သာ ပဏာမစေတနာကြောင့်။ **တထာဂတော**၊ ဝိပဿီစသား ရှေးဘုရားတို့အတူ ကြွလာတော်မူတတ် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

**မေ**၊ ပုဂ္ဂိုလ်သတ္တဝါ သူငါယောက်ျား မဟုတ်ငြားလည်း ပရမတ်သား ပျောက်ကွယ် ပညတ်နယ်ကို တကယ်အရှိ အဟုတ်ရှိဟု ထင်မိမှောက်မှား သိဖေါက်ပြား၍ ယောက်ျားမိန်းမ ကောင်အတ္တဟု စိတ်ကရည်ရော် ဘုရားတပည့်တော်အား။

**သိဒ္ဓိမင်္ဂလံ**၊ လောကုတ်လောကီ အလီလီထွန်းတောက် ကုန်ပြီးမြောက်၍ သိဒ္ဓိပေါက်ကာ ကျက်သရေမင်္ဂလာ အဖြာဖြာကို။

**ဒေတု**၊ ငုတ်ချီပေါ်ချီ စုန်ဆန်ချီဖြင့် လီလီပြေးသွား ဒုက္ခများမှ ရပ်နားဖို့ရာ ဖေးမ, ပေးသနားတော်မူပါ့ သုံးလူ့ထိပ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား။ ။

(စစ်ကိုင်း သဇ္ဇနောဒယ ဆရာတော် နိဿယရေးတော်မူသည်)

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



# မဟာဝဇီရဉာဏ်တော် ဘုရားရှိခိုး

**မဟာဝဇီရဉာဏမှို၊ သဒါ အမှိ နတော အဟံ၊**
**တံ စ သော ဓာတုဘာဝေန၊ တိဋ္ဌတံ မမ မာနသေ။**

**မဟာဝဇီရဉာဏမှို၊** သုံးကုဋေခြောက်သန်း ဂဏန်းသတ်မှတ် အသိဓာတ်ဟု ဝိပဿနာ မဟာဝဇီရ မည်ရအကျော် ဉာဏ်တော်မြတ်ကြီး၌။

**မဟာဝဇီရဉာဏမှို၊** အတုမရ နုတ္တရဟု ဗုဒ္ဓမြတ်ဂုဏ် အဖုံဖုံကို အကုန်နှင်းအပ် အရဟတ်ဟု အမြတ်မဂ်ကျော် မဟာဝဇီရဉာဏ်တော်ကြီး၌။

**မဟာဝဇီရဉာဏမှို၊** နှစ်ကုဋေလေးသန်း ဂဏန်းပြည့်ယှဉ် မရွေ့ထင်အောင် နေ့စဉ်သုံးမှန် ပျော်ပွဲခံဖို့ ဝင်စံမလတ် သမာပတ်ဖလ မဟာဝဇီရခေါ် ရွှေဉာဏ်တော်မြတ်၌။

**မဟာဝဇီရဉာဏမှို၊** တုဖက်မမြင် ယှဉ်ဖို့ဝေးကွာ အလေးသာသည် မဟာဝဇီရ ဉာဏသုံးလီ တည်ရာသခင် ဉာဏ်တော်ရှင် ဘုရားမြတ်၌။

**အဟံ၊** မြတ်ဗုဒ္ဓဂုဏ် အဖုံဖုံကို အာရုံပွားသည့် ဘုရားတပည့်သည် **နတော၊** ထက်လှသဒ္ဓါ ဝေဆာဆာနဲ့ စေတနာတိုး သတိဖြိုးလျက် ရှိခိုးညွတ်ခသည်။ **သဒါအမှိ၊** နေ့မှာကြိမ်ကြိမ် ညချိန်ခါခါ မကွာမလပ် အခါခပ်သိမ်းသာ ဖြစ်ပါတော့သည်ဘုရား။

**တံ စ၊** ထိုမဟာဝဇီရသုံးတန် ဉာဏ်တော်မြတ်သည်လည်းကောင်း၊ **သော စ၊** ထိုဉာဏ်တော်သခင်ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ **ဓာတုဘာဝေန၊** အာနုဘော်မျိုး တန်ခိုးတေဇာ ရှိန်ဝါတက်စေ ဓာတ်အနေအားဖြင့်။

**မမ မာနသေ၊** ရှင်တော်မြတ်ဂုဏ် အဖုံဖုံ၌ အာရုံတော်ထား ဆိတ်မသွားတဲ့ တရားပိတ်ဖုံး တပည့်၏စိတ်နှလုံး၌။ **တိဋ္ဌတံ-တိဋ္ဌတု၊** ပရိနိဗ္ဗာန် ဝင်စံရသည့် ဘဝထိအောင် စွဲငြိမှီချေ ဖည်မသွေဘဲ ရှည်စေကြာကြာ တည်နေပါစေသား အရှင်မြတ်ဘုရား။ (သပြေကန် ဆရာတော်)

http://www.dhammadownload.com



## အောင်ခြင်း ၈-ပါး အာသိသပတ္ထနာ-ဇယမင်္ဂလာဂါထာ

**မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာဏဉ္စသစ္စကံ၊**
**နာဂံ ဗကံ ဇိနိ ဇိနော၊ ဟောတု မေ ဇယ မင်္ဂလံ။**

(၁) **ဇိနော**၊ အောင်သူတကာတို့၏အထွဋ် တမွတ်ဥဿျှောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ **မာရဉ္စ**၊ ဂိရိမေခလာ ဆင်မဟာကို လျှင်စွာတက်စီး ပလ္လင်နီးဝယ် လေကြီးမိုးကြီး ပျာပူမီးနှင့် မှောင်ကြီးတစ်တန် ဓားလှံ့ မကြွင်း ပစ်ကာခွင်းလျက်. . . "အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ မတ်ရပ်ခြေကြွ အမြန်ထလော့ စိမ်းမြ ညိုလွင် ဗောဓိပင်နှင့် ပလ္လင်တော်ကား ထင်အရှားပင် သင်ကား မဆိုင် ငါသာပိုင်ဟု" စွဲကိုင်လက်နက် ရဲစစ်မက်ဖြင့် အောက်ထက် ဝန်းရံ သောသောသည်းအောင် အသံဟစ်ကြွေး မယဉ်ကျေးသည့် ရန်ဘေးတစ်သင်း မာရ်နတ်မင်းကိုလည်း။ **အဇိနိ**၊ ပါရမီလက်နက် တရားစက်ဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

(၂) **ဇိနော**၊ အောင်သူတကာတို့၏အထွဋ် တမွတ်ဥဿျှောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ **ယက္ခဉ္စ**၊ ဓားမိုးလှံမိုး မီးကျီးမိုး ကို ရွာဖြိုးသွန်းချ ယမ်းမီးကျသို့. . . "ဒေါသပြင်းထန်၊ ငါ့ဗိမာန်မှ အမြန်ထွက်သွား" နှင်ရက်အားသည့် တရားကင်းကွာ ကြမ်းကြုတ် စွာသား အာဠဝက တေဇထန်ပြင်း ဘီလူးမင်းကိုလည်း။ **အဇိနိ**၊ ဝင်လော့ထွက်သွား စေခိုင်းငြားသော် သနားကရုဏာ ရှေးရှုစွာဖြင့် ဝင်ခါထွက်ခါ သည်းခံကာပင် အမေးပုစ္ဆာ ပြဿနာကို လျှင်စွာ ဖြေပေး ကျေအေးစေခြင်းဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကို

http://www.dhammadownload.com



ချိုး သဒ္ဓါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

(၃) **ဝိနေယျ၊** အောင်သူတကာတို့၏အထွဋ် တမွတ်ဥသျှောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ **ဂဇဋ္ဌ၊** အစွယ်ထက်ချွန် အရက်မွန်လျက် အလွန်ဆိုးညစ် အမုန်ယစ်၍ ရှင်ချစ်သေဌ်နင်း သုံးလူ့မင်းကို အတင်းအကြပ် ဝိညာဏ်ပြတ်အောင် ထိုးသတ်ဘို့ရာ ရှေ့ရှုလာသည့် နာဠာဂိရိ တောင်ရှိနီးနီး ဆင်ပြောင်ကြီးကိုလည်း။ **အဝိနိ၊** သီးခြားသတ်မှတ် ပို့လွှတ်အပ်သည့် ဩဓိသမေတ္တာ သွန်းလောင်းကာဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

(၄) **ဝိနေယျ၊** အောင်သူတကာတို့၏အထွဋ် တမွတ်ဥသျှောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ **စောရဋ္ဌ၊** တဟုန်တည်းဖြင့် ခရီးဝေးကွာ သုံးယူဇနာကို လျင်စွာပြေးစွမ်း တောမြိုင်တန်းက လူဖမ်းလက်ဖြတ် သေအောင်သတ်၍ နန်းရပ်ကကျော် မွေး မယ်တော်ကို မြင်သော်စိုက်စိုက် ဓားဖြင့်လိုက်၍ မကိုင်မထွင်တင် ဘုရားရှင်ကို. . . "အသင်ရှောင်ဝေး ဘယ့်ကြောင့်ပြေးဟု" ဓားရေး ပြကာ သတ်မိလာသား လွန်စွာဆိုးဘိ အင်္ဂုလိမာလခေါ် ခိုးသူကျော်ကိုလည်း။ **အဝိနိ၊** မိမိဆီသို့ပြေး၍မမီ လိုက်၍မရ လက်မှိုင်ချရန် စိတ်ရည်သန်၍ မြေကိုဖြန့်ကာ ဝေးစွာပြုခြင်း တန်ခိုးဖန်ဆင်းခြင်းဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

http://www.dhammadownload.com



(၅) **ဇိနော**၊ အောင်သူတကာတို့၏အထွဋ် တမွတ်ဥဿျောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ **စိဉ္စမာဏဉ္စ**၊ အလွန် ကောက်ကျစ် တိတ္ထိညစ်တို့ အပြစ်ရှာကြံ မကောင်းဉာဏ်ဖြင့် စီမံဆုံးဖြတ် စေလွှတ်လတ်၍ ပရိသတ်ထဲ အရှက်ကွဲအောင် စွပ်စွဲ တတ်စွာ သညာဖေါ်ထုတ် စိဉ္စမာဏ မိန်းမယုတ်ကိုလည်း။ **အဇိနိ**၊ မတုန်လှုပ်ပဲ အမြဲတည်တံ့ ခိုင်ခန့်၍သာ ငြိမ်သက်စွာနေခြင်းဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

(၆) **ဇိနော**၊ အောင်သူတကာတို့၏အထွဋ် တမွတ်ဥဿျောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ **သစ္စကဉ္စ**၊ မစင်မဖြူ မိစ္ဆာယူဖြင့် မည်သူကိုမျှ မာန်မချပဲ ဝါဒချင်းပြိုင် သူကနိုင်အောင် အနိုင် လွှမ်းမိုး အယူဆိုးသည့် တိတ္ထိမျိုးမိုက် သစ္စကပရိဗိုဇ်ကိုလည်း။ **အဇိနိ**၊ ဝါဒရေးရာ အဖြာဖြာကို မှန်စွာမြင်သိ အဓိပညာ အမည် သာသော ဉာဏ်တော်အစွမ်း တရားဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော် အစွမ်းဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြား ကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

(၇) **ဇိနော**၊ အောင်သူတကာတို့၏အထွဋ် တမွတ်ဥဿျောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော်မြတ်ဘုရားသည်။ **နာဂဉ္စ**၊ ဒေါသလွှမ်းမိုး မျက်စောင်းထိုးက အရိုးကြေမွ ဖွဲ့ပြာကျအောင် တေဇထန်ပြင်း နန္ဒောပနန္ဒ နဂါးမင်းကိုလည်း။ **အဇိနိ**၊ မောဂ္ဂလာန်တွင်ခေါ် မည်တော်ထင်ရှား မထေရ်မြတ်အား တန်ခိုးဖန်ဆင်း နည်းလမ်း ပေးခြင်းဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုး၍

http://www.dhammadownload.com



ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

(၈) **ဝိနော၊** အောင်သူတကာတို့၏အထွဋ် တမွတ်ဥသျှောင် ဘုန်းခေါင် ဘုန်းဖျား ရှင်တော် မြတ်ဘုရားသည်။ **ဗကဥ္စ၊** ဉာဏ်မြင်ကင်းကွာ အတ္တသာဟု မိစ္ဆာလွှမ်းမိုး အယူဆိုးသည့် တန်ခိုးအရောင် ထိန်ပြောင်ညီးညီး ဗကပြဟ္မာကြီးကိုလည်း။ **အဝိနိ၊** ခန္ဓာ ကိုယ်ဖျောက် အသံရောက်ကာ တန်ခိုးပြာဋိဟာဖြင့် ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုး၍ ရှိခိုးတုပ်ကွ ပြားပြား ကျအောင် ဆုံးမသွန်သင် အောင်ပွဲတော် ယဉ်ခဲ့လေပြီ။

**ဧတောနသတ္တဝဋ္ဋေန၊** ဤသို့လျှင် ဘုရားရှင်၏ များဖျင်ဘုန်းဟုန် ကျေးဇူးဂုဏ်ကို ယုံကြည်မယွင်း နှလုံးသွင်း၍ အောင်ခြင်းရှစ်ချက် ဂုဏ်တော်နက်ကို နှုတ်မြွက်ဖော်ကြား မှန်ကန်စွာ ဆိုရသော ဤဝစီသစ္စာစကားကြောင့်။ **မေ၊** တပည့်တော်အား။ **ဇယမင်္ဂလံ၊** နှစ်ဖြာတွင်းပြင် ဘေးရန်စင်၍ လိုအင်ဆန္ဒ ဟူသမျှလည်း ပြည့်ဝ လျှင်စွာ စန်းသော်တာသို့ အောင်ရာအောင်ဆု အောင်ကြောင်း ပြုသည့် အောင်မှုဖြာဖြာ အောင်ခြင်းမင်္ဂလာသည်။ **ဟောတု၊** မြေကြီးလက်ခပ် ပုံနှုန်းအပ်သို့ ဆက်ဆက်မသွေ ဖြစ်ရပါစေသား မြတ်စွာဘုရား မြတ်စွာဘုရား။ ။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## အစိန္တိယဂါထာဖြင့် သစ္စာပြုပုံ

**ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။**
**အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။**
**ဧတေန သစ္စဝဇ္ဇေန၊ စိန္တာ မယှံ သမိဇ္ဈတု။**

## ဧဝံ ၌ မဟာအစ္ဆရိယ အဗ္ဘုတများ

**ဧဝံ ဣမေဟိ ပကာရေဟိ၊** ဤသို့ မဟာဗောဓိ သီရိဇေယျ မြေအခံ၌ ဝန်းခြံရံလည် မာရ်စစ်သည်ကို နှံ့လည်ပယ်သင် ဘုန်းတော်နှင့်၍ အောင်မြင်တော်မူခြင်း။

ယုဂန်ထိပ်ဖျား မြင့်မိုရ်ခါးဝယ် လှည့်သွားကုန်ကြ နေနှင့်လကို ဂန္ဓကုဋိ တိုက်တော်ဆီမှ လှမ်းမှီလက်ကိုင် သုံးသပ်နိုင်ခြင်း။

ရေမီးအစုံ မြေကြီးတုန်မျှ ရောင်ဟုန်စိုက်ဖြာ ယမိုက်ပြာဋိဟာကို နေရာဒေသ လေးဌာနတွင် ထင်စွာပြတော်မူခြင်း။

မြယုဂန်တောင်မြင့်မိုရ်မှ လိုတော်ရှိရာ စက်အောက်မှာလျှင် ညွှတ်ကာခံရောက်လာရခြင်း၊ မဏ္ဍိုင်ဗဟို လေးရောင်စိုသား မြင့်မိုရ်ထိပ်ပန်း ဝတိံနန်းကို နှစ်လှမ်းသုံးဘဝါး ကြွချီသွားခြင်း။

အလျားယူဇနာခြောက်ဆယ် အထုဝယ်တစ်ဆယ့်ငါး အနံကား ငါးဆယ် ကျယ်ပြန့်ယူဇနာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာလည်း ဝဲယာ ထုတ်သန်း ဒူးတော်စွန်းနှင့် သင်္ကန်းတော်အောက် ဖုံးကွယ်ပျောက်ခြင်း။

ကိုယ်တော်တိုင်အလား အပွားသောင်းထောင် မကအောင်လျှင် ဖန်ဆောင်စီမံတော်မူနိုင်ခြင်း။

ကိုယ်တော်မှီမိ သက်မရှိသည့် ဗောဓိပင်လျှင် ထက်အဇ္ဈာ အာကာ တိမ်ဖွေ တက်လေပြီးကာ ရောင်ခြောက်ဖြာကို ထင်ရှားလွှတ်လျက် မြေသို့ သက်၍ ပြကတေ့ တည်လာခြင်း။

http://www.dhammadownload.com



ပရိနိဗ္ဗာန် ဝင်စံပြီးရာ အခါမှာလည်း ဝိညာဉ်မပါ ခါတ်တော်သာ ဖြစ်လျက် ခန္ဓာတည်ငြား မြတ်ဘုရားကဲ့သို့ ခြောက်ပါးရောင်ခြည် လင်းထိန် ညီလျက် ရေအယဉ်ထု မီးလျှံစုတို့ကို လွှတ်၍ တန်ခိုးပြာဋိဟာကို ပြခြင်း။

စကြာဝဠာပေါင်း တိုက်တစ်သောင်းသည်လည်း ဘုရားရှင် ကိုယ်တော်မြတ် တစ်ဆူ၏သာ ဂုဏ်ကျေးဇူးတော်များကို ဆောင်နိုင်ခြင်း။ ဤသို့ အစရှိသော အသီးအသီး အံ့ဖွယ်ချီးလည်း အပြီးမတိုင် မကုန်နိုင်ရာ မဟာအစ္ဆရိယ အဗ္ဘုတ အပြားတို့ဖြင့်။ **ဗုဒ္ဓါ**၊ ဘုရားသခင် ဖြစ်အင်ကြောင်းချာ အရာရာတို့ကို။ **အစိန္တိယာ**၊ ကြံစည်ခြင်းငှာ မတတ်နိုင်ပါလေကုန်။ **ဗုဒ္ဓါ**၊ သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်။ **ဧဝံအစိန္တိယာ**၊ "**အစိန္တေယျာ ဟိ ဗုဒ္ဓါနံ ဗုဒ္ဓါနုဘာဝေါ**" ဟူသည်နှင့်အညီ ဤသို့ မကြံစည်အပ် မကြံစည် နိုင်သော တန်ခိုးတေဇော် အာနုဘော် ရှိတော်မူကြကုန်၏။

### ဧဝံ ၃ အစိန္တေယျ (၄)ပါး

**ဗုဒ္ဓါ**၊ (ဗုဒ္ဓဝိသယ+ဈာနဝိသယ+ကမ္မဝိပါက+လောကစိန္တာ) အမည် သာသော လေးဖြာသော အစိန္တေယျတို့ကို ဟောကြားသိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်။

**ဧဝံ ဣမေဟိ ပကာရေဟိ**၊ နတ်လူရှိရှိ ဖူးကြသူ မျက်စိဝယ် ပီတိဟုန်ဆင့် လွှမ်းအောင်တင့်ဆန်းသပ္ပာယ် ကိုယ်အင်္ဂါကြီးငယ်တို့နှင့် ဖြိုးကြွယ်ဝန်းရံ ပြည့်စုံတော်မူခြင်း ရူပအစိန္တေယျ။

သာယာချိုမြိန် နှစ်သိမ့်နာပျော် မြတ်သောအသံတော်နှင့် ပြည့်စုံတော်မူခြင်း ဝါစာအစိန္တေယျ။

ဣဒ္ဓိပါဒ်မျိုး တန်ခိုးတော်အလီလီ သန္တာဋီသလ္လေခ အပ္ပိစ္ဆ သုဘရာ အစဖြာသား သချာကမ်းခတ် ဂုဏ်နံးတတ်တို့ မမှန်းအပ် မရေးပိုင် မကြံနိုင် မနိုင်းအပ် ကျေးဇူးတော်အရပ်ရပ်တို့နှင့် ပြည့်စုံတော်မူခြင်း ဣဒ္ဓိအစိန္တေယျ။

အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး စွမ်းပကားနှင့် ထူးခြား လောက်လှံ့ ပြည့်စုံတော်မူခြင်း ဉာဏအစိန္တေယျ။

http://www.dhammadownload.com



ဤသို့လျှင် မကြံစည်အပ် မကြံစည်နိုင်သော ရူပအစိန္တေယျ၊ ဝါစာအစိန္တေယျ၊ ကာဒ္ဓိအစိန္တေယျ၊ ဉာဏအစိန္တေယျ အမည်ရသော အစိန္တေယျလေးပါး အပြားတို့ဖြင့်။ **အစိန္တိယာ**၊ မကြံစည်အပ် မကြံစည်နိုင်သော သဘောရှိကုန်၏။

## ဗုဒ္ဓဓမ္မာ ၌ ဘုရားဂုဏ်တော်များ

**ဗုဒ္ဓဓမ္မာ၊** ဘုရားရှင်တို့ အစဉ်ရမြဲ ပြည့်စုံမြဲဖြစ်သော လက္ခဏာတော်ကြီး (၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀)၊ ဗျာမပ္ပဘာ ရောင်ခြည်တော် အသီတိနိစ္စလောဘာသရောင်ခြည်တော် အနန္တဒိသာဖရဏရောင်ခြည်တော် နီလ ပီတ လောဟိတ ဩဒါတ မဉ္ဇိဋ္ဌ ပဘဿရ ဟုဆိုအပ်သော ရောင်ခြည်တော် (၆) သွယ် ကေတုမာလာရောင်လျှံတော်စသော ရူပကာယသရီရဂုဏ်တော်။

ဒသဗလဉာဏ်တော်(၁၀)ပါး၊ ဝေသာရဇ္ဇဉာဏ်တော်(၄)ပါး၊ အသာဓာရဏဉာဏ်တော်(၆)ပါး၊ ဗုဒ္ဓဉာဏ်တော်(၁၄)ပါး၊ အာဝေဏိက ဗုဒ္ဓဓမ္မ(၁၈)ပါး စသော မနှိုင်းယှဉ်အပ် မရေတွက်နိုင်အောင် များပြားလှသော နာမကာယ ဓမ္မဂုဏ်တော် ပညာဉာဏ်တော် တန်းခိုးကာဒ္ဓိပါဒ်တော် ဂုဏ်ကျေးဇူးတော် တို့ကိုလည်း။ အစိန္တိယာ၊ ကြံစည်ခြင်းငှာ မထိုက်ပါကုန်။

## ဗုဒ္ဓဓမ္မ ၌ ဘုရားဟော တရားတော်များ

**ဗုဒ္ဓဓမ္မာ**၊ အစိန္တေယျ အမည်ရသည့် လောကထွဋ်တင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည် ဟောကြားတော်မူအပ်ကုန်သော သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ကာဒ္ဓိပါဒ်(၄)ပါး၊ ကာန္ဒြေ(၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး ဤသို့အားဖြင့်(၃၇)ပါးသော ဗောဓိပက္ခိယတရား။ ခန္ဓာ(၅)ပါး၊ အာယတန(၁၂)ပါး၊ ဓါတ်(၁၈)ပါး၊ သစ္စာ(၄)ပါး၊ ကာန္ဒြေ(၂၂)ပါး၊ ပဋိစ္စသမုပ္ပါဒ် (၁၂)ပါး၊ ပဋ္ဌာန်း(၂၄)ပစ္စည်း အစရှိကုန်သော တရားတော်တို့သည်လည်း။ **အစိန္တိယာ "အစိန္တေယျာ**

http://www.dhammadownload.com



**နုဘာဝါ ဟိ ဘဂဝတော ဒေသနာ**" ဟူသည်နှင့်အညီ ဓမ္မအတ္ထ ဒေသနာ ပဋိဝေဓ အမည်ရငြား ဂမ္ဘီရလေးပါးနှင့် ပြည့်စုံသဖြင့် မကြံစည်အပ် မကြံစည်နိုင်သော တန်ခိုးတေဇော် အာနုဘော် ရှိတော်မူကြကုန်၏။

## အစိန္တိယ အကျိုးများ

**အစိန္တိယေ၊** မကြံစည်အပ် မကြံစည်နိုင်သော သဘောရှိကုန်သော တရားဒေသနာ အဖြာဖြာတို့ကို သေချာလှစွာ ပေါ်ပြတော်မူသော မကြံစည်အပ် မကြံစည်နိုင် များခိုင်လွန်ကျူး ဂုဏ်ကျေးဇူးရှိသော သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ်ကြီး၌။ **ပသန္နာနံ၊** သဒ္ဓါရွှန်းစို ကြည်ညိုကုန်သော ပုဂ္ဂိုလ်တို့အား။ **အစိန္တိယော၊** မကြံစည်အပ် မကြံစည်နိုင်သော။ **ဝိပါကော** လူ့ရပ်နတ်ထံ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးသည်၊ **ဟောတိ၊** မုချမသွေဖြစ်နိုင်ပေ၏။ **ဧတေန သစ္စဝဇ္ဇေန၊** ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဝစီသစ္စာစကားကြောင့်။ **မယှံ၊** ဘုရား ကပည့်တော်အား။ **စိန္တာ၊** ကုသိုလ်ယှဉ်တောင်း အကြံအစည်ကောင်း ဟူသမျှသည်။ **သမိဇ္ဈတု၊** လုံးဝဥဿုံ ပြီးပြည့်စုံ ပါစေသတည်း။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## နဝဂုဏ်ဝန္ဒနာ

### ဘုရားရှင်အား ရဟန္တာအရှင်မြတ်တို့ ရှိခိုးပုံ

၁။ ပုဗ္ဗေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

တံဘဂဝန္တံ အဟံ နမာမိ။

**၁။ ပုဗ္ဗေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။**

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **ဗုဒ္ဓေါ၊** သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသူဖြစ်ရကား။ **ဗောဓာယ၊** ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယွင်း သိမြင်ကြပါစေခြင်းအကျိုးငှာ။ **ဓမ္မံ၊** သစ္စာလေးတန် တရားမှန်ကို။ **ဒေသေတိ၊** လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ်လူအားလျှင် ဟောကြားမြွက်ဖော် ညွှန်ပြတော်မူပါပေ၏။ **တံ ဘဂဝန္တံ၊** သစ္စာလေးအင် ကိုယ်တိုင်မြင်၍ မြင်စေဟောဖေါ် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **အဟံ၊** တပည့်တော်သည်။ **နမာမိ၊** ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးညွတ်ပါ၏ အရှင်ဘုရား။

**၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။**

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **ဒန္တော၊** အာရုံထိခိုက် သတိလိုက်၍ ရိုင်းမိုက်ဆယ်ဖြာ ကိလေသာတို့ လာခွင့်မပေး အစဉ်ဝေးလျက် ဣန္ဒြေခြောက်ပါး တရားငြိမ့်အေး ကိုယ်တော်တိုင် ယဉ်ကျေးသိမ်မွေ့တော်မူပြီးသူဖြစ်ရကား။ **ဒမထာယ၊** ကျွတ်ထိုက်သူ

http://www.dhammadownload.com



များဗိုလ်လူတို့ ကိုယ်တူမယှွင်း ယဉ်ကျေးသိမ်မွေ့ကြပါစေခြင်း အကျိုးငှာ။ **ဓမ္မံ၊** ကြန္ဒြေခြောက်ထွေ သိမ်မွေ့စေလျက် ကိုယ်နှုတ်နှလုံး သုံးပါးအစဉ် ယဉ်ကျေးစေကြောင်း တရားကောင်းကို။ **ဒေသေတိ၊** လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ်လူအားလျှင် ဟောကြားမြွက်ဖော် ညွှန်ပြတော်မူပါပေ၏။ **တံ ဘဂဝန္တံ၊** သတိပဋ္ဌာန် သမ္မဇဉ်လေ့ ကိုယ့်နှယ်တွေ့လျက် သိမ်မွေ့ယဉ်ကျေးအောင် နည်းပေးညွှန်ပြ ဆုံးမတော်မူနိုင်သော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **အဟံ၊** တပည့်တော်သည်။ **နမာမိ၊** ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏ အရှင်ဘုရား။

## ၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **သန္တော၊** လှုပ်ရှားလောင်ပူ ကိလေဟူက မြူချမ်းတစေ့ မသမ်းငွေ့ပဲ ချမ်းမြေ့ငြိမ်သက်တော်မူပြီးသူ ဖြစ်ရကား။ **သမထာယ၊** ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယှွင်း ချမ်းမြေ့ငြိမ်သက်ကြပါစေခြင်း အကျိုးငှာ။ **ဓမ္မံ၊** ရာဂစဖြာ ကိလေသာတို့ ငြိမ်သက်စေကြောင်း တရားကောင်းကို။ **ဒေသေတိ၊** လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ်လူအားလျှင် ဟောကြားမြွက်ဖော် ညွှန်ပြတော်မူပါပေ၏။ **တံ ဘဂဝန္တံ၊** ကိုယ်နှင့်ထပ်တူ များဗိုလ်လူကို ချမ်းမြေ့ငြိမ်သက်စေတော်မူနိုင်သော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ **အဟံ၊** တပည့်တော်သည်။ **နမာမိ၊** ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏ အရှင်ဘုရား။

## ၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **တိဏ္ဏော၊** သံသရာနက်ဝှမ်း ယယက်ကြမ်းကို ကူးသန်းထုတ်ချောက်

http://www.dhammadownload.com



ကိုယ်တော်တိုင် ဖက်ကမ်းရောက်၍ လွန်မြောက်တော်မူပြီးသူ ဖြစ်ရကား။ **တရဏာယ၊** ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြ ပါစေခြင်း အကျိုးငှာ။ **ဓမ္မံ၊** ဩဃလေးဖြာ သံသရာမှ ကူးမြောက်ရာ ကူးမြောက်ကြောင်း တရားကောင်းကို။ **ဒေသေတိ၊** လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ်လူအားလျှင် ဟောကြားမြွက်ဖော် ညွှန်ပြတော်မူပါပေ၏။ **တံ ဘဂဝန္တံ၊** သံသရာရေပြင် သမုဒ်ပင်ကို ကိုယ်တိုင်ပင် ကူးမြောက်တော်မူပြီးလျှင် နောက်ပါဗိုလ်လူကို ထုတ်ဆောင်ကယ်တင်တော်မူနိုင်သော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **အဟံ၊** တပည့်တော်သည်။ **နမာမိ၊** ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏ အရှင်ဘုရား။

**၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။**

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **ပရိနိဗ္ဗုတော၊** ကိလေသ ပရိနိဗ္ဗာန် လေးကြိမ်တိုင် အောင်ပွဲခံသဖြင့် မကျန်ပူအေး ကိုယ်တော်တိုင် ငြိမ်အေးတော်မူပြီးသူဖြစ်ရကား။ **ပရိနိဗ္ဗာနာယ၊** ကျွတ်ထိုက်သသူ များဗိုလ်လူတို့ ကိုယ်တူမယွင်း ကိလေသာမှ ငြိမ်းအေးကြ ပါစေခြင်း အကျိုးငှာ။ **ဓမ္မံ၊** ကိလေသာငြိမ်းကြောင်း တရားကောင်းကို။ **ဒေသေတိ၊** လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကရုဏာရှေ့ထား နတ် လူအားလျှင် ဟောကြားမြွက်ဖော် ညွှန်ပြတော်မူပါပေ၏။ **တံ ဘဂဝန္တံ၊** အသင်္ခတ ဓမ္မဓာတ်ပိုင် မဂ်ဉာဏ်ကိုင်၍ ကိုယ်တိုင်အေးငြိမ်း ခပ်သိမ်းဗိုလ်လူ ငြိမ်းစေတော်မူနိုင်သော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ **အဟံ၊** တပည့်တော်သည်။ **နမာမိ၊** ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏ အရှင်ဘုရား။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## အင်္ဂီရသ ဝန္ဒနာတော်

**ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။**

**အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တ မာဒိစ္စ မိဝန္တလိက္ခေ။**

၁။ **ကောကနဒံ၊** ရွှတ်ဖတ်များထ အဆင်းလှ၍ ကောကနဒ အမည်ရသော။ **သုဂန္ဓံ၊** ရန့်ကောင်းကြိုင်လှိုင်ပေထသော။ **ပဒုမံ၊** ပွင့်ချပ်တရာ ပဒုမ္မာကြာပန်းသည်။ **ပါတော၊** နေအရုဏ်စက် တက်လက်ဦးစွာ နံနက်အခါ၌။ **ဖုလ္လံ၊** ကားကားစွင့်စွင့် ပွင့်သည်ဖြစ်၍။ **အဝီတဂန္ဓံ၊** ရန့်မကင်း လွန်ပျံ့သင်းလျှက်။ **ဝိရောစမာနံ၊** ရှုချင်စဖွယ် တင့်တယ်လှပသည်။ **သိယာ-ယထာစ၊** ဖြစ်လေသကဲ့သို့လည်းကောင်း။

၂။ **အန္တလိက္ခေ၊** အဇ္ဇောပြင် မိုးကောင်းကင်၌။ **အာဒိစ္စံ၊** သရဒအခါ တက်လာပေါ်ထွန်း နေစက်ဝန်းသည်။ **တပန္တံ၊** ကျွန်းငယ်နှစ်ထောင် ခြံရံဆောင်သော များမြောင်လေးဖြာ ကျွန်းကြီးသာ၌ ရောင်ဝါအဆင်း လင်းပြောင်ခြင်းဖြင့် ထွန်းလင်းတောက်ပလျှက်။ **ဝိရောစမာနံ ဣဝစ၊** ရှုချင်စဖွယ် တင့်တယ်လှပသကဲ့သို့ လည်းကောင်း။

၃။ **တထာ၊** ပမာထားယူ အလားတူသာပင်။ **ဖုလ္လံ၊** အရဟတ္တမဂ် နေရောင်စက်နှင့် ပေါင်းဖက်ရကား တရားဥဿုံ အလုံးစုံကို ဆုံးကုန်မြင်မှု စပ်ယှဉ်၍ မတုနိုင်သော သဗ္ဗညုတဉာဏ်တော်သို့ ရောက်သဖြင့် ပွင့်တော်မူထသော။ **သုဂန္ဓံ၊** ကိုယ်တော်ရန့် ဂုဏ်ရန့်ဖြင့် သင်းပျံ့မွှေးကြိုင် လှိုင်ပေထသော။ **တပန္တံ၊** ကိုယ်တော်မြတ်၏ တန်ခိုးရှိန်ဖြင့် တထိန်ထိန်သာ ဇာတိအာဏာ ဝိသယာဟူသော သုံးဖြာခေတ်၌ ပယ်လှစ်မိုက်မှောင် ပြောင်ပြောင်ပဝင်း ထွန်းလင်းတော်မူထသော။ **ဝိရောစမာနံ၊** ဖူးတိုင်းသပ္ပါယ် တင့်တယ်စွာထသော။ **အင်္ဂီရသံ၊** ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူသော။ **သမ္ဗုဒ္ဓံ၊** မြတ်စွာဘုရားကို၊ **ဘော၊** သင်သည်။ **ပဿ-ပဿာဟိ၊** အာရုံထင်ထင် သဒ္ဓါ ဇောသက်ဝင်၍ ဖူးမြင်လိုက်စမ်းပါတော့လော့။

http://www.dhammadownload.com



## ကောင်းကျိုးလိုရာဆန္ဒပြည့်ဝနိုင်သော
## အရဟံဂုဏ်တော် (၃)မျိုး ပုတီးစိတ်နည်း

၁။ **သော ဘဂဝါ ဣတိပိ-အရ+ဟံ** = (၁)ဘုရားအဖြစ်ကို ဆုတောင်းရာ ဒီပင်္ကရာဘုရား ခြေတော်ရင်းမှ အစပြု၍ ပါရမီဖြည့်ကျင့်ရာ ဘုရားလောင်း ဘဝတို့၌ပင် ဒါန သီလ နေက္ခမ္မစသား ပါရမီဆယ်ပါးတို့ဖြင့် ရန်သူဖြစ်ပြား လောဘစသား အကုသိုလ်များကို ပယ်စွန့်တော်မူပါပေသော မြတ်စွာဘုရား။ (၂) အရိယာမဂ် ဓားသန်လျက်ဖြင့် ငွေ့သက်မကျန် ကိလေသာရန်သူတို့ကို ကွန်းလှန်ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။ (၃) ကိလေသာ အညစ်အကြေး အပူဘေးအားလုံးတို့မှ အလွန်ဝေးကွာ တော်မူသော မြတ်စွာဘုရား။ (၄) သံသရာစက်ဘီး၏ သခ်ါရသုံးပါး အကန့်ထောက်ဆန်များကို ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။ (၅) ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်၏ သခ်ါရစသော အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။ (၆) ရာဂစသော ကိလေသာ ရန်သူ ဒေဝပုတ္တမာရ်စသော မာရ်(၅)ပါး၊ သာသနာတော်၏ ဆန့်ကျင်ဘက် တိတ္ထိရန်သူ၊ ဆန့်ကျင်ဘက် ပြုကြသော ရန်သူပုဂ္ဂိုလ်၊ ဝါဒရေးရာ ပညာရှင်ပုဂ္ဂိုလ်တို့ကို အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် တန်ခိုးပြာဋိဟာ ခန္တီမေတ္တာ စသည်တို့ဖြင့် ပယ်သတ် ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။

၂။ **သော ဘဂဝါ ဣတိပိ-အ+ရဟံ** = ဆိတ်ကွယ်ရာ၌လည်း မကောင်းမှု အကုသိုလ်ကို ကြံစည်ပြောဆို ပြုလုပ်တော်မမူသော မြတ်စွာဘုရား။ မကောင်းမှု အကုသိုလ်ကို ကြံစည်ပြောဆို ပြုလုပ်ဖို့ရန် ဆိတ်ကွယ်ရာဟူ၍ ရှိတော်မမူသော မြတ်စွာဘုရား။ မျက်မှောက်မျက်ကွယ် နှစ်သွယ်သော အရပ်ဌာနတို့၌ မကောင်းမှု အကုသိုလ်ကို ကြံစည် ပြောဆို ပြုလုပ်တော် မမူသော မြတ်စွာဘုရား။

၃။ **သော ဘဂဝါ ဣတိပိ အရဟံ**=လူနတ်ဗြဟ္မာ သတ္တဝါအားလုံး

http://www.dhammadownload.com



တို့၏ ပစ္စည်းလေးဖြာနှင့်တကွသော ပူဇော်အထူးကို ခံယူခြင်းငှာ ထိုက်တော်မူ ပါပေသော မြတ်စွာဘုရား။

♥ ♥ ♥ ♥ ♥

## တရားဂုဏ်တော် (၆) ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## တရားတော်အား ရှိခိုးခြင်း

၁။ ဓမ္မဂုဏော အနန္တောဟု ပြဟောမိန့်ဖေါ် တရားတော်သည် အဟော် အစ္ဆရိ အံ့ဘွယ်ရှိ၏။ အာဒိမဇ္ဈ, ပရိယောသာန ကလျာဏနှင့် လုံးဝပြည့်စွာ တရားမှာမူ လေးဖြာမဂ္ဂ ဖလလေးတန် မြတ်နိဗ္ဗာန်တည်း။ တဖန်ပရိယတ် တရားမြတ်မူ ခေါ်အပ်ဓမ္မ ဝိနယဟု နှစ်ဝနာမံ ခွဲဝေဖန်လျက် သုတ္တန်အဘိဓမ္မာ ဝိနည်းမှာမူ သုံးဖြာပိဋကတ် အမည်တတ်၏။ ငါးရပ်နိကာယ် တစ်မျိုးချယ်၍ ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာမူ မှန်စွာရှစ်သောင်း လေးထောင်ဆောင်း၏။

၂။ အပေါင်းဆယ်ဝ မြတ်ဓမ္မ၏ ဂုဏထင်ပေါ် ကျေးဇူးတော်သည် သုံးဖေါ်လောက ဝေနေယျကို ဒုက္ခပင်လယ် ဝဋ္ဋအပါယ်မှ ကယ်ဆယ်ယူဘိ သုဂတိနှင့် ဝိမုတ္တိမှန် ပြည်နိဗ္ဗာန်သို့ ဧကန်ဆတ်ဆတ် ပို့ဆောင်တတ်၏။ လောကဓာတ်ဘောင် အမိုက်မှောင်ကို တန်ဆောင်နေမင်း ပယ်ချွေလင်းသို့ မယွင်းတူစွာ ဒို့မြတ်စွာ၏ ဒေသနာပြောင်ကြည် နေရောင်ခြည်ကြောင့် မှောင်နည်းအဝိဇ္ဇာ လွတ်ကင်းကွာ၍ ခေမာအမတ နိဗ္ဗာနသို့ ရောက်ကြ ကုန်လေ ဗိုလ်ဝေနေကား အသချေ်ပေါင်း များတုံရှောင်း၏။

၃။ အပေါင်းနတ်လူ ခုရှိသူလည်း သုံးလူထွဋ်ထား နေမင်းဖျား၏ တရား ဒေသနာ ဂုဏ်တေဇာဖြင့် ပုညာကောင်းမှု ထိုက်လျော်ပြု၍ ဤလူ့ဘဝ နတ်ဘဝကို ရကြသည်မှာ မရေသာတည်း။ လွန်စွာဂုဏ အဗ္ဘုတဖြင့် ထွန်းပထင်ပေါ် တရားတော်ကို ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

http://www.dhammadownload.com



## သံဃာဂုဏ်တော် (၉) ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## သံဃာတော်အား ရှိခိုးခြင်း

၁။ သံဃဂုဏော အနန္တောဟု ပြဟောမှန်စွာ မြတ်သံဃာ၏ ဂုဏ်မှာ လွန်ဘိ ဆုံးမရှိတည့် သုပ္ပဋိပန် အစဖန်လျက် ကိုးတန်ဂုဏ အစုမျှတွင် ပုည ခေတ္တံ အစစ်မှန်၍ နောင်သံသရာ ရှည်ပြီးကာလျှင် စေတနာမညှိုး ဒါနမျိုးကို စိုက်ပျိုးမှန်ရာ လယ်ယာမြေကောင်း ဖြစ်တုံရှောင်း၏။

၂။ အပေါင်းဗိုလ်လူ ခုရှိသူတို့ သုံးလူထွဋ်ရတင် ဘုရားရှင်ကို မျက်မြင်ဒိဋ္ဌ မတွေ့ရလည်း ဓမ္မဒေသနာ အဖြာဖြာကို သံဃာတော်ပေါင်း အရှင်ကောင်းတို့ သံညောင်းမိန့်ချွေ ဟောပြပေ၍ ဝေနေခပင်း မျက်စိလင်းလျက် မယွင်း ဖြောင့်တန်း နတ်ရွာလမ်းနှင့် မဂ်လမ်းအစဉ် သိမြင်လိုက်သွား ချမ်းသားပွား၏။

၃။ လေးပါးမဂ္ဂဋ္ဌာန် ဖလဋ္ဌာန်ဟု ရှစ်တန်အရိယာ မြတ်သံဃာနှင့် ကလျာဏမှန် သီလဝန်ထေရ်ပေါင်း အရှင်ကောင်းတို့ ကြိုင်လှောင်းပြန့်ထုံ ကျေးဇူးဂုဏ်ကို ကြည်ယုံမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ ။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## "ရတနတ္တယဂုဏာနုဘာဝသံသူစက ဘုရားရှိခိုး"

**မှာထားချက်**။ ။ ဤဘုရားရှိခိုးကို မရွတ်ဆိုမီ မရွတ်ဖတ်ခင် "မိမိရဲ့ ခန္ဓာကိုယ်နှင့် ခံတွင်း" တို့ကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြော သုတ်သင်ပါ၊ ထို့အပြင် မိမိ၏ "ကိုယ်-နှုတ်-စိတ်" အားဖြင့် ဒွါရသုံးအင် အတွင်းအပြင် ရုပ်, နာမ်, ခန္ဓာ အစဉ်ကို "သီလရေ" ဖြင့် ဆေးကြော၍ "သမာဓိကျောက်ဖျာ" ပေါ်၌ရပ်တည်ကာ "ပညာဆပ်ပြာ" ဖြင့် ပွတ်တိုက် ပြီးလျှင် သန့်ရှင်းစင်ကြယ် ကြည်လင်အောင် ပြုလုပ်ပါ၊ ထို့နောက် "လဘတိ အတ္ထဝေဒ-ဓမ္မဝေဒ-ဓမ္မူပသံဟိတ ပီတိပါမောဇ္ဇ" ဖြစ်ပွားလာအောင် အောက်ပါဘုရားရှိခိုးကို "အသံမှန်မှန်ဖြင့် ဖြေးဖြေး" ရွတ်ဆိုဆင်ခြင် ပွားများပါ၊ ယင်းသို့ ရွတ်ဆိုဆင်ခြင်ပွားများလျှင် သင့်ရဲ့ခန္ဓာကိုယ်သည် "ဗုဒ္ဓဂုဏာနုဿတိယာ အဇ္ဈာဝုတ္ထသရီရ" (ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အာရုံပြု ရွတ်ဆိုဆင်ခြင် ပွားများ ခြင်းဖြင့် ဂုဏ်တော်များ-ကုသိုလ်ဓမ္မ ဓာတ်များ-ဗောဓိဓာတ်-ဗုဒ္ဓဓာတ်များ ကူးစက်စိမ့်ဝင် ကိန်းဝပ်မွမ်းထုံ ထားသော ခန္ဓာကိုယ်) ဖြစ်ပါလိမ့်မည်။ ။

### ၁။ သမ္မာသမ္ဗုဒ္ဓ ဝန္ဒနာတော်

၁။ "အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ သေဋ္ဌဇေဋ္ဌ အတုလပရမံ အရဟံ ဘဂဝါ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ မာရဇိ တိလောကန္တဂုဏ် သယမ္ဘူ ဘဝိဿရ" ဤသို့စသား အသင်္ချေယျ နာမတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် ဇမ္ဗူဒိပ်မှတက်၍ ဘဝဂ်တိုင် ကြော်ငြာလျက် ကာမ, ရူပ, အရူပဟု ဩကာသ သုံးရပ် လောကဓာတ်၌ အမြတ်ထက်မြတ် သမုတ်အပ်သော လူနတ်ဗြဟ္မာ မဟာကဝိန် သုခမိန်တို့သည် ပညိန္ဒြေရှိတိုင်းဖြင့် ခြားပိုင်းတွက်ကြံ၍ မဆုံး မကုန်နိုင် မကြံစည်နိုင် မအံ့ဩနိုင် ပြည့်လှိုင်ထွေပြား၊ များပြား ကျယ်ဝန်းသော ကျေးဇူးတော်အပုံ "ဂုဏ်တော်အနန္တ, ဘုန်းတော်အနန္တ, ကံတော်အနန္တ, (ကောင်းကင်အနန္တ, စကြာဝဠာအနန္တ, သတ္တဝါ

http://www.dhammadownload.com



အနန္တအားဖြင့် ဤအနန္တ သုံးပါးတို့ကို စေ့စပ်စုံလင်စွာ ခွဲခြမ်းဝေဘန်၍ သိမြင်သော) ဉာဏ်တော်အနန္တ, (စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ) တန်ခိုးတော်အနန္တ"တို့နှင့် ပြည့်စုံ တော်မူထသော-

၂။ အလွန်တရာ ပြုကျင့်နိုင်ခဲစွာသော ဒါနပါရမီစသော ပါရမီ (၁၀)ပါး- အပြား (၃၀)+အင်္ဂပရိစ္စာဂ-စသော စွန့်ခြင်းကြီး (၅) ပါး+ ဒါနစသော သင်္ဂဟဝတ္ထု (၄) ပါး+သစ္စာဓိဋ္ဌာန စသော အဓိဋ္ဌာန (၄)ပါး+လောကတ္ထစရိယ ဉာတတ္ထစရိယ ဗုဒ္ဓတ္ထစရိယ ဟု ဆိုအပ်သော စရိယ (၃) ပါး + ပုဗ္ဗယောဂ ပုဗ္ဗစရိယ ဓမ္မက္ခာန စသော အလုံးစုံသော ကုသိုလ်ကောင်းမှု+ သဗ္ဗညုတ ဉာဏ်၏ အဆောက်အဦးဖြစ်ကုန်သော ဘုရားအဖြစ်ကို ပြုတတ်ကုန်သော "ပုညသမ္ဘာရ + ဉာဏသမ္ဘာရ + ဗုဒ္ဓတ္တကရ တရား" တို့ကို ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းဝယ် သုမေဓာ ရသေ့ဘဝဖြင့် ဘုရားအဖြစ်ကို ဆုတောင်း၍ နိယတဗျာဒိပ်ပန်းကို ဆင်မြန်းသည်မှ အစပြု၍ လေးအသင်္ချေ နှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဟာနဘာဂိယ, သံကိလေသဘာဂိယ, ဋ္ဌိတိဘာဂိယ မဖြစ်စေပဲ ဥတ္တရုတ္တရိဝိသေသဘာဂိယ ဖြစ်ပွားအောင် သဗ္ဗ သမ္ဘာရ + သက္ကစ္စ + နိရန္တရ + စိရကာလဘာဝနာတို့ဖြင့် ဖြည့်ကျင့်ဆည်းပူး ပြည့်စုံ တော်မူပြီးထသော-

၃။ စိတ်ညစ်ညူးကြောင်း အညစ်အကြေးဖြစ်ကုန်သော- ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော နီဝရဏတရားငါးပါးတို့ကို ပယ်စွန့်၍ သတိပဋ္ဌာန်တရား လေးပါးတို့၌ ကောင်းစွာထားအပ်သော စိတ်ရှိသည်ဖြစ်၍ ဗောဇ္ဈင်တရား ခုနှစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ သဘောအားဖြင့် ပွားများ ပြီးလျှင် အတုမရှိ အမြတ်ဆုံးဖြစ်သော **"အရဟတ္တမဂ်ဉာဏ်+သဗ္ဗညုတ ဉာဏ်ဟု ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်"**ကို မျက်မှောက်ပြု ထိုးထွင်း၍သိမြင် ရရှိလျက် သဗ္ဗညုထွဋ်ထား ရှင်တော်မြတ်ဘုရားအဖြစ်သို့ ရောက်တော် မူထသော

http://www.dhammadownload.com



၄။ ကြီးကျယ်ဖွံ့ဖြိုး အကျိုးများမြတ် ချီးမွမ်းပူဇော်အပ်သော ကရုဏာ ဓာတ်၌ မပြတ်အစဉ် ယှဉ်တော်မူသော **"မဟာကရုဏာရှင်"** ဖြစ်တော်မူ ထသော-

၅။ ခပ်သိမ်းသော သင်္ခတ-အသင်္ခတ တရား၊ သင်္ခါရ-ဝိကာရ-လက္ခဏာ-နိဗ္ဗာန်-ပညတ်အားဖြင့် ဉေယျဓမ်တရား ငါးပါးဟု ဆိုအပ်သော ခပ်သိမ်းဉသုံ အလုံးစုံသော တရားတို့ကို သိစရာ မှန်သမျှ မကျန်ရအောင် ထိုးထွင်း၍ သိမြင်တတ်သော **"သဗ္ဗညုတ ဉာဏ်ရှင်"** ဖြစ်တော်မူထသော-

၆။ သိမ်မွေ့နက်နဲ ခက်ခဲသော တရားဒေသနာကို ဆန်းကြယ်သော နည်းတို့ဖြင့် ပေါ်လွင်ထင်ရှားအောင် ဟောကြားပြသတော် မူထသော-

၇။ အဆုံးအပိုင်းအခြားမရှိသော ကမ္ဘာလောကဓာတ် စကြာဝဠာတို့၌ ဖြစ်ကုန်သော အဆုံးအပိုင်း အခြားမရှိသော သတ္တဝါအားလုံးတို့၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းမှီခို အားထားရာအစစ် ကယ်တင်ရှင် ဖြစ်တော်မူ ထသော-

၈။ လောကသုံးပါး၌ ဗြဟ္မာနတ်လူတို့တွင် တူသောသူဟူ၍ မရှိ စကောင်း လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဦးခေါင်း ညွတ်လျှိုး ကိုးကွယ် ဆည်းကပ်ရာ မြတ်စွာဘုရား အချင်းချင်း သာလျှင် (၁) ပါရမီဖြည့်ကျင့်ရာ ကာလ (၂) အသက်တန်းပမာဏ (၃) ခန္ဓာကိုယ်, လုံးရပ်တော်ပမာဏ (၄)အမျိုးအနွယ် (၅) ဒုက္ကရစရိယာကျင့်ရာကာလ (၆) ရောင်ခြည်တော် ထွက်ရာပမာဏ (၇) တောထွက်သောအခါ စီးနင်းသည့်ယာဉ် (၈)ဗောဓိပင် (၉) ပလ္လင်တော်ပမာဏ=ဤကိုးမျိုးမှတစ်ပါး အလုံးစုံသော ဘုန်းတန်ခိုး အာနုဘော် ကျေးဇူးတော် ဂုဏ်တော်တို့မှာ တစုံတရာ ထူးထွေ ခြားနားခြင်း မရှိ၊ ရှေးရှေး သော ဘုရားရှင်တို့၏ အလားအလာအတိုင်း အလွန်တရာ ဖြစ်ပွင့်ခဲစွာဖြင့် ဖြစ်ပွင့်တော်မူလာသော-

http://www.dhammadownload.com



၉။ သုံးလောကထွဋ်ထား ဂေါတမရှင်တော်မြတ်ဘုရား အမှူးထား၍ **"ဝိပဿီဘုရားရှင်, သိခီဘုရားရှင်, ဝေဿဘူ ဘုရားရှင်, ကကုသန် ဘုရားရှင်, ကောဏာဂုမ်ဘုရားရှင်, ကဿပ ဘုရားရှင်, ဂေါတမ ဘုရားရှင်"**ဟု ဆိုအပ်သော **ခုနစ်ဆူ** ကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ

သေလ+ဘာသ+ဇေယျ+ရုစိ ဟုဆိုအပ်သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း၌ ပွင့်သော **"တဏှင်္ကရာ ဘုရားရှင်, မေဓင်္ကရာ ဘုရားရှင်, သရဏင်္ကရာဘုရားရှင်, ဒီပင်္ကရာဘုရားရှင်, ကောဏ္ဍညဘုရားရှင်, မင်္ဂလဘုရားရှင်, သုမနဘုရားရှင်, ရေဝတဘုရားရှင်, သောဘိတဘုရားရှင်, အနောမဒဿီဘုရားရှင်, ပဒုမဘုရားရှင်, နာရဒဘုရားရှင်, ပဒုမုတ္တရ ဘုရားရှင်, သုမေဓဘုရားရှင်, သုဇာတဘုရားရှင်, ပိယဒဿီဘုရားရှင်, အတ္ထဒဿီဘုရားရှင်, ဓမ္မဒဿီဘုရားရှင်, သိဒ္ဓတ္ထဘုရားရှင်, တိဿဘုရားရှင်, ဖုဿဘုရားရှင်, ဝိပဿီဘုရားရှင်, သိခီဘုရားရှင်, ဝေဿဘူဘုရားရှင်, ကကုသန်ဘုရားရှင်, ကောဏာဂုမ် ဘုရားရှင်, ကဿပဘုရားရှင်, ဂေါတမ ဘုရားရှင်"**ဟု ဆိုအပ်ကုန်သော **နှစ်ကျိပ်ရှစ်ဆူ** (၂၈) ကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ။

သဗ္ဗဗုဒ္ဓ-စသော ကိုးအသင်္ချေတွင်း၌ပွင့်သော **"ပုရာဏ ဂေါတမ ဘုရားရှင်"** စသော **သုံးသိန်းရှစ်သောင်းခုနှစ်ထောင်** (၃,၈၇၀၀၀) ကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ **နန္ဒ**-စသော **ခုနစ်** အသင်္ချေတွင်း၌ပွင့်သော **"ဗြဟ္မဒေဝဘုရားရှင်"** စသော **တစ်သိန်း နှစ်သောင်းငါးထောင်**(၁,၂၅၀၀၀) ကုန်သော ဘုရားရှင်ကိုယ်တော် မြတ်ကြီးများ၊ ဤသို့အားဖြင့် **ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ** (၅,၁၂၀၂၈) ကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ

http://www.dhammadownload.com



ကုဋေရာပေါင်းများစွာကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်ကိုယ်တော်မြတ် ကြီးများ၊ သမုဒ္ဒရာဝါလု သဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ၊ မရေတွက်နိုင်အောင် ပွင့်တော်မူကြကုန်ပြီးသော အလုံးစုံသော **"သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားရှင်"** ကိုယ်တော်မြတ်ကြီး တို့ကို လည်းကောင်း။

## ၂။ ပစ္စေကသမ္ဗုဒ္ဓ ဝန္ဒနာ

ထိုသမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ အဆုံးအမ ဩဝါဒနှင့်ကင်း၍ သံဝေဂဖြစ်နိုင်သော အနည်းငယ်မျှသော အာရုံဖြင့်-တပ်မက်မှု တွယ်တာကပ်ငြိမှု ရာဂဖြစ်ကြောင်း အရာဝတ္ထုဖြစ်ကုန်သော ဝတ္ထုကာမ ကိလေသာကာမတို့၌ တပ်မက်မှု တွယ်တာကပ်ငြိမှု မှကင်းသော အမှတ်သညာ ရှိကြကုန်သည်ဖြစ်၍၊ တပ်မက်ခြင်း တွယ်တာကပ်ငြိခြင်း သဘောရှိသော လောက၌ မတပ်မက် မတွယ်တာ မကပ်ငြိသော စိတ် ရှိကြကုန်သည်ဖြစ်၍ ပပဉ္စ-ဟု ဆိုအပ် ကုန်သော ကိလေသာတို့ကို ပယ်စွန့်၍ တုန်လှုပ်ကုန်သော ခြောက်ဆယ့်နှစ် (၆၂)ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို အောင်မြင်ပြီးလျှင် ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုကုန် ထိုးထွင်း၍သိကုန်သော-**"အရိဋ္ဌ ပစ္စေကဗုဒ္ဓါ, ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ, တဂရသိခီပစ္စေကဗုဒ္ဓါ, ယသဿီပစ္စေကဗုဒ္ဓါ, သုဒဿန ပစ္စေကဗုဒ္ဓါ, ပိယဒဿီပစ္စေကဗုဒ္ဓါ, ဂန္ဓာရပစ္စေကဗုဒ္ဓါ, ပိဏ္ဍောလပစ္စေကဗုဒ္ဓါ, ဥပါသဘ ပစ္စေကဗုဒ္ဓါ, နီတပစ္စေကဗုဒ္ဓါ, တထပစ္စေကဗုဒ္ဓါ, သုတဝါပစ္စေကဗုဒ္ဓါ, ဘာဝိတတ္တပစ္စေကဗုဒ္ဓါ"** အစရှိကုန်သော အလုံးစုံကုန်သော **"ပစ္စေကဗုဒ္ဓါ ဘုရားရှင်"** ကိုယ်တော်မြတ်ကြီး တို့ကိုလည်းကောင်း။

http://www.dhammadownload.com



## ၃။ ဓမ္မ ဝန္ဒနာ

၁။ ထိုသမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည် ကိုယ်တော်တိုင် ထိုးထွင်း၍ သိအပ်ပြီးလျှင် ဂေါစရသေဝန ဘာဝနာသေဝန တို့ဖြင့် မှီဝဲခံစားအပ်ထသော-

၂။ "ဝေနေယျ သတ္တဝါတို့ သန္တာန်၌တည်အောင် ကောင်းမွန် ရိုသေစွာ တရားဟောကြားခြင်း အာဒိကလျာဏံ အရိယံ စသည်ဖြင့် ချီးမွမ်းခြင်း၊ ရိုသေလေးစား အမှီပြု၍နေခြင်းဖြင့်" ဆရာ့အရာ၌ထား၍ ပူဇော်အပ်ထသော-

၃။ ပူလောင်ညစ်နွမ်း စိတ်ပင်ပန်းကြောင်းဖြစ်၍ သတ္တဝါတို့ကို ဖွဲ့နှောင်ရစ်ပတ် ပိတ်ဖုံးတတ် ကြောင်းလည်း ဖြစ်သော အဝိဇ္ဇာ-တဏှာ စသော ကိလေသာပိုက်ကွန်ယက်ကို အကြွင်းမရှိသောအားဖြင့် ဖျက်ဆီးလေ့ ရှိထသော-

၄။ ဝိဇ္ဇာစရဏနှင့် ပြည့်စုံနိုင်၍ စင်စစ် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော-

၅။ "မဂ်လေးပါး-ဖိုလ်လေးပါး-နိဗ္ဗာန်-ပရိယတ္တိအားဖြင့်" **"ဆယ်ပါးသော တရားတော်မြတ်"** ကိုလည်းကောင်း။

## ၄။ သံဃ ဝန္ဒနာ

၁။ "ထိုသမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည် ဟောကြားတော်မူအပ်သော တရားဒေသနာကို နာကြားပြီးသည့်အဆုံး၌ အရိယာဇာတ်အဖြစ်သို့ ရောက်သဖြင့်" ထို သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ ရင်၌ဖြစ်ကာ ကြီးပွားလာသော သားတော်အစစ် ဖြစ်ကုန်ထသော-

၂။ ကိလေသာ-စသော အပြစ်ဒေါသတို့မှ ကင်းစင်သော အကျင့်မြတ်ကို ကျင့်ကုန်ထသော-

http://www.dhammadownload.com



၃။ ယုတ်ညံ့သည်၏အဖြစ်သို့ ရောက်ကြောင်းဖြစ်သော ရာဂ-အစရှိသော ကိလေသာ အညစ်အကြေး မရှိထသော-

၄။ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ ရှိသောကြောင့် ကုသိုလ်ကို အလိုရှိကုန်သောသူတို့၏ အတူမရှိ လယ်ယာမြေကောင်း သဖွယ်ဖြစ်ထသော-

၅။ မဂ်ဖိုလ်တို့၌တည်သော ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်တို့၏ အပေါင်းဖြစ်သော-

၆။ **"အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာ ကဿပ, အရှင်မဟာကစ္စည်း, အရှင်အနုရုဒ္ဓါ, အရှင်ဥပါလိ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ, အရှင်သီဝလိ"** စသော**"ပရမတ္ထ အရိယာ သံဃာတော်မြတ်"** တို့ကို လည်းကောင်း-

ဘုရားတပည့်တော်သည် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ဘယလာဘ ကုလစာရာ မိစ္ဆာဒိဋ္ဌိ မသိမောဟ ကင်းစင်ပလျက် လောကဝန်ချောက် ဂုဏ်တလျှောက်ကို အောက်မေ့၍သာ ရိုသေစွာ သဒ္ဓါမြတ်နိုး, လက်စုံမိုး၍, ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါသည် အရှင်မြတ်တို့ဘုရား။

## ၅။ အဝိကာရ ကထာ

ဤမွန်မြတ်လှူစွာကုန်သော (ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ် အရသာ) ပန်းနံ့သာ ဆီမီး ရေချမ်း တို့ကိုလည်း အရိုအသေ အလေးအမြတ် ဆက်ကပ် လှူဒါန်း ပူဇော်ပါသည် အရှင်မြတ်တို့ဘုရား။

## ၆။ နိမန္တန ကထာ

ဤသို့ပြုရ မြတ်ပုညကြောင့် သုံးလောကထွဋ်မှထား ဂေါတမ ရှင်တော်ဘုရား အမှူးထား၍ မရေတွက်နိုင်အောင် ပွင့်တော်မူကြကုန်ပြီးသော အလုံးစုံသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများအားလုံးတို့၏ "ဂုဏ်တော် အနန္တ, ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ,

http://www.dhammadownload.com



တန်ခိုးတော် အနန္တ, အနညသာဓာရဏဖြစ်သော သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တော်, အာဏာ စက်တော်, ဓမ္မစက်တော် မဟာကရုဏာတော် အနန္တမေတ္တာ ဓာတ်တော်" တို့သည် ဘုရား တပည့်တော်တို့၏ "အဆုတ် အသဲ နှလုံးသား ဦးခေါင်း"ဟု ဆိုအပ်သော မြင့်မြတ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်း တို့၌ အထူးပဲ အမြဲတမ်း သနား ကရုဏာ မေတ္တာ တော်မိုး ရွာသွန်းဖြိုး၍ လွှမ်းမိုးအုပ်စိုး တည်နေ ကိန်းဝပ်တော်မူ ကြပါစေကုန်သတည်း အရှင်မြတ်တို့ ဘုရား။

## ၇။ အာသီသ ကထာ

ဤသို့လျှင် သနားကရုဏာ မေတ္တာတော်မိုး ရွာသွန်းဖြိုး၍ လွှမ်းမိုး အုပ်စိုးတည်နေ ကိန်းဝပ်တော်မူကြကုန်သော "သုံးလောကထွဋ်ထား ဂေါတမရှင်တော်ဘုရား အမျိုးထား၍ မရေတွက်နိုင်အောင် ပွင့်တော်မူကြ ကုန်ပြီးသော အလုံးစုံသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ အားလုံးတို့၏ "ဂုဏ်တော်အနန္တ, ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ, အနညသာဓာရဏ ဖြစ်သော သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန ဂုဏ်တော်, အာဏာစက်တော်, ဓမ္မစက်တော်, မဟာကရုဏာတော်, အနန္တမေတ္တာဓာတ်တော်တို့၏" တန်ခိုးတေဇော် အာနုဘော် အစွမ်းသတ္တိတို့ကြောင့်လည်းကောင်း

တဏှင်္ကရာဘုရားရှင် စသော (၂၈) ဆူကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ + ဝိပဿီ ဘုရားရှင် စသော (၇) ဆူကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ + သကျပုတ္တ-အင်္ဂီရသ အမည်ရသည့် ဂေါတမဘုရားရှင် ကိုယ်တော်မြတ် ကြီး+အရိဋ္ဌပစ္စေက ဗုဒ္ဓစသော ပစ္စေက ဗုဒ္ဓါဘုရားရှင် ကိုယ်တော်မြတ်ကြီးများ+ အရှင်သာရိပုတြာ စသော အရိယာသံဃာတော် အရှင်မြတ်ကြီးများ အားလုံးတို့၏ ဂုဏ်တော်အနန္တ ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ,

http://www.dhammadownload.com



အနည္သာဓာရဏ ဖြစ်သော သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏ ဒဿန ဂုဏ်တော်, အာဏာစက်တော်, ဓမ္မစက်တော်, မဟာကရုဏာတော်, အနန္တမေတ္တာ ခတ်တော်တို့၏" တန်ခိုးတေဇော် အာနုဘော် အစွမ်းသတ္တိတို့ ကြောင့်လည်းကောင်း

ကြည်လင်ရွှင်ပျသော စိတ်အစဉ် ဉာဏ်ပညာရှိသော ဘုရားတပည့်တော်တို့သည် "စင်စစ်ဧကန် အမှန်အားဖြင့် အခါ ခပ်သိမ်း အမြဲမပြတ် ရှိခိုးအပ်သော ရတနာသုံးပါးအပေါင်းကို ကိုင်းညွတ်ရိုကျိုး ရှိခိုးခြင်း, ရွတ်ဆို ချီးမွမ်းခြင်း, အာရုံပြုခြင်းဖြင့် ဖြစ်စေအပ် ရအပ်သော ပြန့်ပြောများပြားသော ဆက်ကာဆက်ကာ မပြတ်ဖြစ်ပေါ်၍ လာသော ကောင်းမှုကုသိုလ် စေတနာ အယဉ်၏" တန်ခိုးတေဇော် အာနုဘော်အစွမ်းသတ္တိတို့ကြောင့် လည်းကောင်း + ဘုရားတပည့်တော်တို့ "နေ့စဉ်နှင့်အမျှ ဆည်းပူးပွားများ အားထုတ်ထား ရသော ဒါန သီလ သမာဓိ ပညာ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစုတို့၏" တန်ခိုးတေဇော် အာနုဘော် အစွမ်းသတ္တိတို့ကြောင့်လည်းကောင်း။

ဘုရားတပည့်တော်တို့သည် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန် ခပ်သိမ်း ကင်းပျောက် ငြိမ်း၍ ကောင်းကျိုးသုခ ဣဋ္ဌမင်္ဂလာ အဖြာဖြာတို့သည် တနေ့တခြား တိုးပွားပြည့်စုံ ကြကုန်ပြီးလျှင် (ဤယခုဘဝ၌ပင်လျှင်) နိဗ္ဗာန် ချမ်းသာကို လွယ်ကူချမ်းသာ လျင်မြန်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့် မျက်မှောက်ပြုရပါလိုကုန်၏ အရှင်မြတ်တို့ ဘုရား။ ။

(ရတနာသုံးပါး ဂုဏ်တော်များဖြင့် ရှိခိုးခန်းပြီး၏။)

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## (ဃ) လှူဖွယ်ဝတ္ထုပစ္စည်းကပ်လှူပူဇော်ခန်း

### ဆွမ်းကပ်လှူပုံ

အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော လူနတ်တို့၏ ကိုးကွယ်ရာလည်းဖြစ်တော်မူထသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား အဆင်းအနံ့ အရသာနှင့်ပြည့်စုံသော၊ ဤဆွမ်းခဲဖွယ် ဘောဇဉ်အရသာကို၊ ကပ်လှူပါ၏။ အကျွန်ုပ်၏ ဤကောင်းမှု သည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း။ ရသာမွေးကြူ ဆွမ်းဖွေးဖြူကို ပေးလှူပါရ ဤပုညကြောင့် ဘဝတိုင်းဝယ်၊ ပညာကြွယ်လျှက် မြန့်ယ်ရွှေနှင့် အနေတင့် ဆင့်ဆင့်မြင့်ရပါလို၏ အရှင်ဘုရား။

### ရေချမ်းကပ်လှူပုံ

အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော လူနတ်တို့၏ ကိုးကွယ်ရာလည်းဖြစ်တော်မူထသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား သန့်ရှင်းအေးမြ ကြည်လင်လှသော ဤသောက်တော်ရေ၊ သုံးဆောင်တော်ရေကို ရိုရိုသေသေကပ်လှူပါ၏။ အကျွန်ုပ်၏ ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရွက်ဆောင် နိုင်သည် ဖြစ်ပါစေသတည်း၊ ကြည်လင်အေးမြ ရေလှူရ၍ ဘဝတိုင်းဝယ် ပညာကြွယ်လျက် ကိုယ်ဝယ်တွင်းပြင် ညစ်ကြေးစင်ကြည်လင်အေးမြ ရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



## ပန်းကပ်လှူပုံ

အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော လူနတ်တို့၏ ကိုးကွယ်ရာလည်းဖြစ်တော်မူထသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား အဆင်းအနံ့ ပြည့်စုံသော၊ ဤပန်းကို ရိုရိုသေသေ ကပ်လှူပါ၏။ အကျွန်ုပ်၏ ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း။ အနံ့လည်းသင်း အဆင်းလည်းလှ ပန်းလှူရ၍ ဘဝတိုင်းဝယ် ပညာကြွယ်လျက် သွယ်သွယ်ဂုဏ်မြင့် အစုံတင့် ထုံသင်းကြိုင်ရပါလို၏ အရှင်ဘုရား။

## ဆီမီးအလင်းရောင်ကပ်လှူပုံ

အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည်စုံတော်မူသော သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်တော်တို့ဖြင့် သုံးပါးသောလောက၌ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းတောက်ပ စေနိုင်သော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီတော်မြတ်အား အရောင်အဆင်းတို့ဖြင့် အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော ဤဆီမီးလျှံကို ရိုရိုသေသေ ကပ်လှူပူဇော်ပါ၏ အကျွန်ုပ်၏ ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း။ ထွန်းလင်းတောက်ပ မီးလှူရ၍ ဘဝတိုင်းဝယ် ပညာကြွယ်လျက် လနှယ်နေနှင့် အသေရေတင့် ဆင့်ဆင့်ထွန်းတောက်ရပါလို၏ အရှင်ဘုရား။

(လှူဖွယ်ဝတ္ထုပစ္စည်းကပ်လှူပူဇော်ခန်းပြီး၏။)

http://www.dhammadownload.com



# (င) မေတ္တာဘာဝနာ ပွားများခန်း

## မေတ္တာဘာဝနာ ပွားများပုံ

လောကမှာ မြွေနဲ့မြွေပါတို့ တွေ့လို့ရှိရင် မြွေပါက နိုင်ပြီး မြွေက ရှုံးပါသည်၊ မြွေပါက အပြင်ကိုထွက်မည် သွားမည်ဆိုလျှင် မြွေကို နိုင်တဲ့ဆေးကို လူးပြီးမှ သွားသောကြောင့် ဖြစ်ပါသည်။ ထို့အတူ လောက လူသားတွေအဖို့ ပတ်ဝန်းကျင်နှင့် ဆက်ဆံမယ်ဆိုရင် မေတ္တာတည်းဟူသော ဆေးကို လိမ်းကျံပြီးမှ မေတ္တာပို့သပြီးမှ ပတ်ဝန်းကျင်နှင့် ဆက်ဆံလျှင် ပြောဆို လုပ်ကိုင်ပါလျှင် အရာရာမှာ အဆင်ပြေနိုင်ပါသည်။ မေတ္တာပို့သတဲ့အခါမှာ တကယ့်ကို အကျိုးလိုလားတဲ့စိတ်ဓါတ်နှင့် ကိုယ်ပို့မည့် ပုဂ္ဂိုလ်၏ ရုပ်သွင် သဏ္ဌာန်ကို စိတ်ထဲမှာပေါ်အောင် ဖော်ပြီးမှပို့လျှင် ထိရောက်မှုရှိပါသည်။ အကျယ်ကို **"မိမိကို မိမိချစ်လျှင်နှင့် ဓမ္မရသစာပဒေသာ"** စာအုပ်၊ **"စတုရာရက္ခဘာဝနာ"** တရားတော်မှ မေတ္တာဘာဝနာခန်း၌ ရှုပါ။ ဤ၌မူ ရှေးဆရာတော်တို့၏ မေတ္တာပွားများပို့သနည်းလင်္ကာတို့ကိုသာ ထုတ်ပြထား ပါသည်။

### ၁။ မေတ္တာသုတ်လာ မေတ္တာပွားနည်းလင်္ကာ

### ဧကကမေတ္တာ (၁) မျိုး

(၁) လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

### ဒုကမေတ္တာ (၄) မျိုး

(၁) ကြောက်တတ်+မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

http://www.dhammadownload.com



(၂) မြင်အပ်+မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊၁၂
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) ဝေးနေ+နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၄) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## တိကမေတ္တာ (၃) မျိုး

(၁) ရှည်+တို+အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၂) ကြီး+ငယ်+အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) ဆူ+ကြုံ+အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

## အဟိတာပနာသယနာခိပ္ပါယမေတ္တာ (၃) မျိုး

(၁) လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။
(၂) အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။
(၃) ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## (၂) ခန္ဓသုတ်လာ မေတ္တာပွားနည်းလက်ာ

### နာဂရာဇကုလမေတ္တာ

(၁) ဆိပ်တောက်ထန်ပြင်း **ဝိရူပက္ခနဂါးမင်း**၏ = အသင်းရံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသောမေတ္တာသည် ဖြစ်ပါစေ သတည်း။

(၂) ဆိပ်တောက်ထန်ပြင်း **ဧရာပထနဂါးမင်း**၏ = အသင်းရံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေ သတည်း။

(၃) ဆိပ်တောက်ထန်ပြင်း **ဆဗျာပုတ္တနဂါးမင်း**၏= အသင်း ရံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေ သတည်း။

(၄) ဆိပ်တောက်ထန်ပြင်း **ကဏှာဂေါတမနဂါးမင်း**၏= အသင်း ရံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေ သတည်း။

### ဒွိပဒိသတ္တ စတုဘာဂ မေတ္တာ

(၁) မြွေ+ငါး စသည့် **ခြေမရှိသည့် မျိုးဇာတိများစွာ** = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေ သတည်း။

(၂) လူ+ငှက် စသည့် **ခြေနှစ်ချောင်းရှိသည့် မျိုးဇာတိ** များစွာ = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေ သတည်း။

(၃) ဆင်+မြင်း+ကျွဲ+နွား အစထားသည့် **ခြေလေးချောင်း ရှိသည့် မျိုးဇာတိများစွာ** = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေ သတည်း။

http://www.dhammadownload.com



(၄) ကင်းမြီးကောက်+ကင်းခြေများ အစထားသည့် **ခြေများ စွာရှိသည့် မျိုးဇာတိများစွာ** = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေသတည်း။

## အာယာစနမေတ္တာ

(၁) **ခြေမရှိတောင်း** သတ္တဝါမျိုးအပေါင်းသည် = အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန်ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါ စေလင့်။

(၂) **အခြေနှစ်ချောင်း** သတ္တဝါမျိုးအပေါင်းသည် = အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန် ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။

(၃) **အခြေလေးချောင်း** သတ္တဝါမျိုးအပေါင်းသည်= အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန် ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။

(၄) **အခြေများတောင်း** သတ္တဝါမျိုးအပေါင်းသည်= အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန်ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါစေလင့်။

## အနောဒိဿကမေတ္တာ+ဟိတာဓိဂမမေတ္တာ+အဟိတာပနယနမေတ္တာ

(၁) ရှိသမျှ အလုံးစုံ ခပ်သိမ်းကုန်သော ငါးခန္ဓာဝယ် တွယ်တာတတ်စွာ သတ္တဝါတို့သည်၎င်း၊ ထွက်လေ ဝင်လေ ရှုကြကုန်သော သတ္တဝါတို့သည်၎င်း၊ ဖြစ်ပြီး ဖြစ်ဆဲကုန်သော သတ္တဝါတို့သည်၎င်း၊ ဤသို့အားဖြင့် ခပ်သိမ်းများစွာ သတ္တဝါဟူသမျှတို့သည် စီးပွားဥစ္စာ မင်္ဂလာ ဖြစ်ကြောင်း သစ်သစ်လောင်းသား နှစ်ထောင်းဘွယ်စုံ ကောင်းမြတ်သော အာရုံတို့ကို အမြဲနိစ္စ တွေ့မြင်ကြပါစေကုန်သတည်း။

(၂) ခပ်သိမ်းများစွာ ထိုသတ္တဝါဟူသမျှတို့တွင် တစ်စုံ တစ်ယောက်သော သတ္တဝါသို့သော်မျှ မကောင်းဆိုးဝါး အကျိုးတရားဖြစ်သော

http://www.dhammadownload.com



အသက်ဆုံးခန်း ဘုန်းတမ်း ညှိုးမှိန် တန်ခိုးတိမ်သော စိုးရိမ်ဘွယ်မှု မကောင်းသော အာရုံစု ဆင်းရဲဒုက္ခဟူသမျှသည် မကျမလာ မကပ်မရောက် မပေါ်ပေါက်ပါစေလင့်။

(၃) လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည် အတွင်းအပ ဘေးရန်မရှိကြကုန်သည်၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒမှ ကင်းကြကုန်သည်၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း ကင်းကြကုန်သည်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍ ချမ်းသာလွယ်ကူစွာ မိမိတို့ ခန္ဓာကိုယ် အတ္တဘောကို ဆောင်နိုင်ကြပါစေ ကုန်သတည်း။

♥ ♥ ♥ ♥ ♥

## ၃။ ဒိသာဖရဏ အရပ်(၁၀)မျက်နှာ မေတ္တာပွားနည်းလင်္ကာ

(၁) အရှေ့အရပ်၌ရှိသော = အနန္တစကြာဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၂) အနောက်အရပ်၌ရှိသော = အနန္တစကြာဝဠာ အနန္တ သတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်း ကြပါစေ။

(၃) မြောက်အရပ်၌ရှိသော = အနန္တစကြာဝဠာ အနန္တ သတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၄) တောင်အရပ်၌ရှိသော = အနန္တစကြာဝဠာ အနန္တ သတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

http://www.dhammadownload.com



(၅) အရှေ့တောင်ထောင့်အရပ်၌ရှိသော = အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၆) အနောက်မြောက်ထောင့်အရပ်၌ရှိသော = အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၇) အရှေ့မြောက်ထောင့်အရပ်၌ရှိသော = အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြ ပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၈) အနောက်တောင်ထောင့်အရပ်၌ရှိသော = အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့ ဘေးရန် ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်း ကြပါစေ။

(၉) အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြာဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့ = ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၁၀) အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြာဝဠာ အနန္တနတ်ပြဟ္မာတို့ = ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်း ကြပါစေ။

http://www.dhammadownload.com



## ၄။ သဗ္ဗသာဓာရဏနည်း

(၁) စကြာဝဠာအနန္တ၌ ရှိကြကုန်သော နတ်လူတိရစ္ဆာန် သတ္တဝါ အားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၂) အရပ်ဆယ်မျက်နှာ၌ နေကြကုန်သော အနန္တ စကြာဝဠာ အနန္တသတ္တဝါတို့၊ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြ ပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၃) အကျွန်ုပ်အပေါ်မှာ ချစ်သူ+မချစ်မမုန်းသူ+ရန်သူများ အပါအဝင် အားလုံးသော(၇)ရက် (၇)နေ့ သားသမီး တို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝ ကြပါစေ။

(၄) တနင်္ဂနွေဗြိုလ်မင်းနှင့်တကွ အားလုံးသော (၇)ရက် (၇)နေ့ သားသမီးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။ (တနင်္လာ နေ့စသည်၌ တနင်္လာဗြိုလ်မင်း နှင့်တကွ စသည် ပြောင်း၍ဆိုပါ။)

(၅) ကျောင်းစောင့်နတ်များအပါအဝင် အားလုံးသော (၇)ရက် (၇)နေ့ သားသမီးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၆) ကိုယ်စိတ်မချမ်း ပင်ပန်းဆင်းရဲခြင်းသို့ ဆိုက်ရောက် နေကြ ကုန်သော လုံးစုံများစွာ သတ္တဝါ မှန်သမျှတို့သည် ဆင်းရဲကင်းပ ချမ်းသာအေးမြကြပါစေ။

http://www.dhammadownload.com



(၇) ကြောက်ထိတ်လန့်ဘွယ် ဘေးရန်အန္တရာယ်သို့ ဆိုက်ရောက်နေကြကုန်သော လုံးစုံများစွာ သတ္တဝါ မှန်သမျှတို့သည် ဘေးရန်ကင်းပ ချမ်းသာအေးမြ ကြပါစေ။

(၈) ဉာတိဘောဂ သီလ ဒိဋ္ဌိ ကပ်ငြိရောဂ ဗျသနကြောင့် စိုးရိမ်ပူဆွေးခြင်းသို့ ဆိုက်ရောက် နေကြကုန်သော လုံးစုံများစွာ သတ္တဝါမှန်သမျှတို့သည် စိုးရိမ်ပူဆွေးခြင်း ကင်းပ ချမ်းသာ အေးမြကြပါစေ။

(၆) ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

(၇) ဘယပ္ပတ္တာစ နိဗ္ဘယာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

(၈) သောကပတ္တာစ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

## ၅။ အကြည်ဓာတ် (၆)ပါး မေတ္တာပွားနည်း

(၁) အကျွန်ုပ်၏ စက္ခုပသာဒ - မျက်စိအကြည်ဓာတ်ရုပ်+ စက္ခုဝိညာဏ် မြင်သိစိတ်=ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာသလို (. . .)၏ စက္ခုပသာဒ-မျက်စိ အကြည်ဓာတ်ရုပ်+ စက္ခုဝိညာဏ် မြင်သိစိတ်လည်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာပါစေ။

(၂) အကျွန်ုပ်၏ သောတပသာဒ - နားအကြည်ဓာတ်ရုပ် + သောတဝိညာဏ် ကြားသိစိတ် = ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာသလို (. . .) ၏ သောတပသာဒ- နားအကြည်ဓာတ်ရုပ်+ သောတဝိညာဏ် ကြားသိ စိတ်လည်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာပါစေ။

(၃) အကျွန်ုပ်၏ ဃာနပသာဒ-နှာခေါင်းအကြည်ဓာတ်ရုပ် +ဃာနဝိညာဏ် နံသိစိတ်=ဘေးရန်ခပ်သိမ်း ကင်းငြိမ်း

http://www.dhammadownload.com



ချမ်းသာသလို (. . . )၏ ယာနပသာဒ-နှာခေါင်း အကြည်ဓာတ်ရုပ် +ယာနဝိညာဏ် နံသိစိတ်လည်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာ ပါစေ။

(၄) အကျွန်ုပ်၏ ဇိဝှါပသာဒ - လျှာအကြည်ဓာတ်ရုပ် + ဇိဝှါဝိညာဏ် စားသိစိတ် = ဘေးရန် ခပ်သိမ်း ကင်းငြိမ်း ချမ်းသာသလို (. . . )၏ ဇိဝှါပသာဒ-လျှာအကြည် ဓာတ်ရုပ်+ ဇိဝှါဝိညာဏ် စားသိစိတ်လည်း ဘေးရန် ခပ်သိမ်း ကင်းငြိမ်း ချမ်းသာပါစေ။

(၅) အကျွန်ုပ်၏ ကာယပသာဒ-ကိုယ်လုံးအကြည်ဓာတ်ရုပ် + ကာယဝိညာဏ်-ထိသိစိတ် =ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာသလို (. . . )၏ ကာယပသာဒ-ကိုယ်လုံး အကြည်ဓာတ်ရုပ် + ကာယဝိညာဏ်-ထိသိစိတ်လည်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာပါစေ။

(၆) အကျွန်ုပ်၏ မနောဒွါရ-ဘဝင်မနောအကြည်ဓာတ်+ မနောဝိညာဏ်-သိစိတ် = ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာသလို(. . . )၏ မနောဒွါရ - ဘဝင်မနော အကြည် ဓာတ် +မနောဝိညာဏ်-သိစိတ်လည်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာပါစေ။

## ၆။ ခရီးသွားမေတ္တာပို့နည်း

(၁) ငါ၏ ရှေ့တူရူအရပ် သွားမည့်နေရာ၌ ရှိကြကုန်သော = နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံး တို့သည် ဘေးရန် ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၂) ငါ၏ နောက်အရပ်၌ ရှိကြကုန်သော = နတ်လူ တိရစ္ဆာန်

http://www.dhammadownload.com



သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၃) ငါ၏ လက်ဝဲဘက်အရပ်၌ ရှိကြကုန်သော=နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၄) ငါ၏ လက်ျာဘက်အရပ်၌ ရှိကြကုန်သော = နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၅) ငါ၏ အထက်အရပ်၌ ရှိကြကုန်သော = နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

(၆) ငါ၏ အောက်အရပ်၌ ရှိကြကုန်သော = နတ်လူ တိရစ္ဆာန် သတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

## ၇။ မြို့+ရွာ+ရပ်ကွက်+အိမ်+ရုံး+ကျောင်းတို့သို့ ခရီးသွား မေတ္တာပို့နည်း

(၁) မြို့စောင့်နတ်များ အမှူးထား၍ မြို့သား မြို့သူ= ခပ်သိမ်း သူတို့ ကြည်ဖြူကိုယ်စိတ် ချမ်းသာကြပါစေ၊ ကြည်ဖြူ ကိုယ်စိတ် ကျန်းမာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

http://www.dhammadownload.com



(၂) ရွာစောင့်နတ်များ အမှူးထား၍ ရွာသား ရွာသူ= ခပ်သိမ်း သူတို့ ကြည်ဖြူကိုယ်စိတ် ချမ်းသာကြပါစေ၊ ကြည်ဖြူ ကိုယ်စိတ် ကျန်းမာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(၃) ရပ်ကွက်စောင့်နတ်များ အမှူးထား၍ ရပ်ကွက်သား ရပ်ကွက်သူ= ခပ်သိမ်းသူတို့ ကြည်ဖြူ ကိုယ်စိတ် ချမ်းသာ ကြပါစေ၊ ကြည်ဖြူ ကိုယ်စိတ် ကျန်းမာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေး ကြပါစေ။

(၄) အိမ်စောင့်နတ်များ အမှူးထား၍ အိမ်သား အိမ်သူ = ခပ်သိမ်းသူတို့ ကြည်ဖြူကိုယ်စိတ် ချမ်းသာကြပါစေ၊ ကြည်ဖြူကိုယ်စိတ် ကျန်းမာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(၅) ရုံးစောင့်နတ်များ အမှူးထား၍ ရုံးသား ရုံးသူ = ခပ်သိမ်း သူတို့ ကြည်ဖြူကိုယ်စိတ် ချမ်းသာကြပါစေ၊ ကြည်ဖြူ ကိုယ်စိတ် ကျန်းမာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(၆) ကျောင်းစောင့်နတ်များ အမှူးထား၍ ကျောင်းသား ကျောင်းသူ = ခပ်သိမ်းသူတို့ ကြည်ဖြူကိုယ်စိတ် ချမ်းသာကြပါစေ၊ ကြည်ဖြူကိုယ်စိတ် ကျန်းမာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(၇) ကျောင်းစောင့်နတ်များ အမှူးထား၍ စာချ စာသင် ရဟန်းရှင်တို့= ကြည်ဖြူကိုယ်စိတ် ချမ်းသာကြပါစေ၊ ကြည်ဖြူကိုယ်စိတ် ကျန်းမာကြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## အရပ် (၁၀) မျက်နှာ ပြဲ့ဟွ ဝိဟာရဘာဝနာ ပွားနည်း

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ

သဗ္ဗေသတ္တာ သဗ္ဗေပါဏာ သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ သဗ္ဗာကတ္တိယော သဗ္ဗေပုရိသာ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ သဗ္ဗေဝိနိပါတိကာ

အဝေရာ ဟောန္တု အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု ၊ (မေတ္တာဘာဝနာ)

ဒုက္ခာ မုစ္စန္တု ၊ (ကရုဏာဘာဝနာ)

ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု ၊ (မုဒိတာဘာဝနာ)

ကမ္မဿကာ။ (ဥပေက္ခာဘာဝနာ)

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## အတုမဲ့ ဗုဒ္ဓရတနာဖြင့် သစ္စာပြု မေတ္တာပို့ပုံ

**ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊ သဂ္ဂေသုဝါ ယံရတနံ ပဏီတံ။**
**နနော သမံ အတ္ထိ တထာဂတေန၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

ဤလူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ အသုရာပြည်၊ ရေမြေတောတောင် ပင်လယ်မဟာ သမုဒ္ဒရာနှင့် နတ်ပြည် ဗြဟ္မာပြည်ဟု ဆိုအပ်သော ဤစကြာဝဠာ ကမ္ဘာလောကဓာတ်၊ အနန္တစကြာဝဠာ အနန္တလောကဓာတ်တို့၌ စိတ်နှလုံးအလိုကို တိုးပွားစေတတ်သဖြင့် ကောင်းမြတ်သည်ဟု သတ်မှတ်၍ ထားအပ်ကုန်သော ရွှေငွေစိန်ကျောက် ထိန်ထိန်တောက်ပြောင် ပတ္တမြား အစရှိသော အမျိုးမျိုးသော သက်ရှိသက်မဲ့ အသုံးအဆောင် ရတနာတို့သည် ရှိကြပါပေကုန်၏။ **ထိုအမျိုးမျိုးသော သက်ရှိသက်မဲ့ အသုံးအဆောင်ရတနာတို့တွင် တစ်စုံတစ်ခုသော ရတနာသည်မျှ မြတ်စွာဘုရားရှင်နှင့် တူသောရတနာ** မည်သည် မရှိပါပေ။

**မြတ်စွာဘုရားရှင်တည်းဟူသော ရတနာသည်သာလျှင်** သတ္တဝါအပေါင်းတို့အား ဘေးရန်ကင်းပျောက် ချမ်းသာစစ် ချမ်းသာမှန်သို့ ရောက်အောင် ထုတ်ဆောင် ကယ်တင်တော်မူတတ်သဖြင့် ဤကမ္ဘာလောကဓာတ် တစ်ခုလုံးရှိ သက်ရှိသက်မဲ့ အသုံးအဆောင် ရတနာအားလုံးအပေါင်းတို့တွင် အကောင်းဆုံး အသာလွန်ဆုံး အမွန်မြတ်ဆုံး အမြင့်မြတ်ဆုံး **အစစ်မှန်ဆုံးသော အားထားရာ ရတနာအစစ်ကြီး ဖြစ်တော်မူပါပေ၏။** ရှိရှိသမျှ ရတနာအားလုံးတို့ထက် မြတ်စွာဘုရားရှင်ဟု ဆိုအပ်သော သမ္မာသမ္ဗုဒ္ဓရတနာသည်သာလျှင် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ ဒဿနဂုဏ်အားဖြင့် ကြီးကျယ်များပြား မြင့်မြတ်သည်၏ အဖြစ်ကြောင့် အမြတ်ဆုံးသော ရတနာ ဖြစ်တော်မူပါပေ၏။

http://www.dhammadownload.com



**ထိုမြတ်စွာဘုရားရှင်သည် စိတ်၌စွဲကပ်အလေးပြုအပ်သော** ရတနာ လည်း ဖြစ်တော်မူပါပေ၏။ **တန်ဖိုးမဖြတ်နိုင်အောင် အဖိုးများစွာ ထိုက်တန် သော** ရတနာလည်းဖြစ်တော်မူပါပေ၏။ နှိုင်းလတ်ပြိုင်ဖွယ်ရာ အတူမရှိသော ရတနာလည်းဖြစ်တော်မူပါပေ၏။ **တွေ့ကြုံ ဆုံခဲ မြင်ရခဲသော** ရတနာလည်း ဖြစ်တော်မူပါပေ၏။ **မယုတ်ညံ့သူ မြင့်မြတ်သူ ဘုန်းကံရှိသူတို့၏သာ သုံးဆောင်ရာ** ရတနာလည်း ဖြစ်တော်မူပါပေ၏။ **နှစ်သက်မွေ့လျော် ပျော်ရွှင်မှုကို ဖြစ်စေတတ်သော** ရတနာလည်း ဖြစ်တော်မူပါပေ၏။ **ဤစကား သည် မှန်ကန်သော စကားဖြစ်ပါ၏။**

အကျွန်ုပ်တို့သည် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ သီတင်းသုံးသော မြတ်စွာဘုရားရှင်၏ လက်ဝဲအောက်ခါတ် စွယ်တော်မြတ်မှ ပွားယူပင့်ဆောင် လာသော စွယ်တော်မြတ်နှင့်တကွ ဓာတ်တော်မွေတော်များ ကိန်းဝပ်စမွယ် နိုင်စေရန် နဝရတ်ရတနာ (၉) ပါးစသော ရတနာများဖြင့် စီခြယ်မွမ်းမံ ထားသော **"စွယ်တော်ရတနာစေတီ"**ကို တည်ထားကိုးကွယ် လှူဒါန်းပူဇော် ကြပါကုန်၏။ ဤစကားသည်လည်း မှန်ကန်သောစကားဖြစ်ပါ၏။

**ဤသို့ မှန်ကန်သော ဝစီသစ္စာစကားတို့ကို ဆိုရခြင်းကြောင့်** အကျွန်ုပ်တို့ တကျောင်းလုံး၊ တတိုက်လုံး၊ တအိမ်သားလုံး၊ (တရပ်ကွက်လုံး၊ တမြို့နယ်လုံး၊ တခရိုင်လုံး၊ တတိုင်းလုံး၊ တနိုင်ငံလုံး၊ တကမ္ဘာလုံး၊ စကြဝဠာအနန္တ) ရှိရှိသမျှ ကုန်းနေ ရေနေ ကောင်းကင်နေ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့သည် အချင်းချင်း ညီရင်းအစ်ကို မောင်ရင်းနှမပမာ ချစ်ခင်ညီညွတ်မျှတစွာ ငြိမ်းချမ်းသာယာ ဝပြောကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ၊ **သူတော်ကောင်းတရားတို့ကို ပွားများအားထုတ်နိုင်ကြပါစေ ကုန်သတည်း။**

မေတ္တာဘာဝနာ ပွားများခန်းပြီး၏။

http://www.dhammadownload.com



## (စ) ဆုတောင်းအမျှဝေခန်း

## ကုသိုလ်အမျှ ဝေးဝေထိုက်ပုံ

ဘုရားဝတ်တက် ဝတ်ကပ်မှု ပြုရာ၌ ဝတ်တက် ဝတ်ကပ်သူမှာ ဘုရားရှင်အား ပန်းနံ့သာ အမွှေးတိုင် ဆီမီးအလင်းတိုင် စသည်ဖြင့် လှူဒါန်းရခြင်း ဒါနကုသိုလ်၊ ငါးပါးသီလ ခံယူဆောက်တည်ခြင်း သီလကုသိုလ်၊ ဂုဏ်တော်တွေကို ဆင်ခြင်ရွတ်ဆိုခြင်း သမထဘာဝနာကုသိုလ်တို့ကို ဖြစ်ပွားရရှိပေသည်။ ဝတ်တက် ဝတ်ကပ်သူအနေဖြင့် မိမိရရှိထားသော ကုသိုလ်တွေကို အခြားသူတွေ ရရှိနိုင်စေရန် အမျှပေးဝေလိုက်လျှင် ပတ္တိဒါနကုသိုလ် တစ်မျိုး ထပ်တိုးပြီးရရှိပြန်ပေသည်။ အမျှဝေသံကို ကြားသိရ၍ ဝမ်းမြောက်နုမော် သာဓုခေါ်သူတို့မှာလည်း သာဓုခေါ်ဆိုမှုကြောင့် ပတ္တာနုမောဒနာကုသိုလ် ရရှိကြပြန်ပါသည်။ ဆွေမျိုးတော်စပ်သော ပြိတ္တာများမှု သာဓုခေါ်မှုကြောင့် ပြိတ္တာဘဝမှ လွတ်မြောက်ပြီး အထက်နတ်ပြည်သို့ပင် ရောက်ရှိနိုင်ပါသည်။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ လောကစောင့်နတ် တို့မှာလည်း သာဓုခေါ်ဆိုမှုကြောင့် လက်ရှိစည်းစိမ်ထက် သာလွန်သော နတ်စည်းစိမ်တွေကို ရရှိကြသည်။ သို့ဖြစ်၍ အဆိုပါနတ်တို့က ကုသိုလ်အမျှပေးဝေသူကို ဆင်းရဲဒုက္ခ မကြုံတွေ့ရအောင် ပြန်လည်၍ စောင့်ရှောက်ကြသည် ဤကဲ့သို့ အကျိုးများစွာ ရရှိနိုင်သဖြင့် ကုသိုလ်ပြုပြီးတိုင်း အမျှပေးဝေကြရသည်။

## ကျင့်ဝတ်ပဋိပတ်ဖြင့် ပူဇော်ခြင်း

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ ။

http://www.dhammadownload.com



## ဝိဝဋ္ဋနိဿိတကုသိုလ်ဆုတောင်းခြင်း

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ ။

ဣဒံမေပုညံ အာသဝက္ခယာ ဝဟံ ဟောတု ။

ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု ။

## ကုသိုလ်အမျှပေးဝေခြင်း

ဣဒံမေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ ။

ဣဒံမေ ပုညဘာဂံ သဗ္ဗေသတ္တာ သမံ ပဋိလဘန္တု။

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရဖြားပါစေ အမျှဝေ၏။

မသွေနိစ္စ ဤကာယကို စောင့်ထပေတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေ၍၏။

မိတ္တဆွေညာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ဣန္ဒဘုမ္မာ၊ အာကာသနတ် အထူးမှတ်၍ မပြတ်ပုည ကုသလကို ရကြပါစေ အမျှဝေ၏။

သဗ္ဗေသတ္တာ သတ္တဝါဟု နာနာလောက အနန္တတွင် မပြတ်စဉ်ကာ သတ္တာဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး များစွာလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျအား အမျှကုသိုလ် ပေးဝေလို၏။

ထိုကုသလ ဤပုညကို အမျှရကြသည် ဖြစ်စေသော၀်၊ ဝသုန္ဒရေ ဤမြေပံသု သိလာထုလည်း သက်သေအမှု တည်စေသော်။

http://www.dhammadownload.com



## အမျှပေးဝေပုံနှင့် မေတ္တာဓါတ် ခံယူပုံ

ဤယနေ့ယခု အကျွန်ုပ်တို့ပြုရသော (၁) မြတ်စွာဘုရားရှင်အား ဆွမ်း ခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာ ပန်းနံ့သာ ဆီမီး ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ရသော ဒါနကုသိုလ်၊ သံဃာတော်အရှင်မြတ်တို့အား ဆွမ်း ခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာတို့ကို လှူဒါန်းရသော ဒါနကုသိုလ်၊ (၂) သရဏဂုံ (၃) ပါးနှင့်တကွ (၅) ပါးသီလတို့ကို ခံယူဆောက်တည်ရသော သီလကုသိုလ်၊ (၃) ဘုရားဟောပါဠိတော် (သမစိတ္တသုတ် စသော) တရားဒေသနာတို့ကို ရွတ်ဆိုသရဇ္ဈာယ်ခြင်း၊ ဂုဏ်တော်ပွားခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပွားခြင်း၊ တရားရှုမှတ်ခြင်း စသော ဘာဝနာကုသိုလ်

ဤသို့ပြုရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစုတို့၏ အဖို့ဘာဂ ဟူသမျှကို (၄) သက်ရှိထင်ရှား ရှိနေကြသော မိဘ၊ ဆရာသမားများ အမှူးထား၍ အားလုံးသော ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ တိုက်ခန်းစောင့်နတ်၊ ခြံ စောင့်နတ်၊ လမ်းစောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ နယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ် ကျောင်းစောင့်နတ်၊ ကျောင်းတိုက်စောင့်နတ်၊ ဘုရားစေတီစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊ ပင်လယ်သမုဒ္ဒရာ မြစ်ချောင်း စောင့်နတ်၊ ဝလာဟကနတ်၊ ပဇ္ဇုန်နတ်၊ စန္ဒန နတ်၊ ဇနဝသဘနတ်၊ ပဉ္စသိခနတ်၊ အနာထပိဏ္ဍိကနတ်၊ ဓတရဋ္ဌနတ်မင်း၊ ဝိရူဠှကနတ်မင်း၊ ဝိရူပက္ခနတ်မင်း၊ ဝေဿဝဏ်နတ်မင်း ဟု ဆိုအပ်သော လောကပါလ နတ်မင်းကြီး (၄) ပါး၊

သိကြားနတ်မင်း၊ သုယာမနတ်မင်း စသောနတ်မင်း၊ သဟမ္ပတိ မဟာဗြဟ္မာမင်း၊ ယဋိကာရဗြဟ္မာ၊ သနင်္ကုမာရဗြဟ္မာ၊ ဟတ္ထက ဗြဟ္မာ၊ တိဿဗြဟ္မာ စသော ဗြဟ္မာမင်းများ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခိုသ်များ၊

http://www.dhammadownload.com



အာဠာဝကဘီလူး၊ သာတာဂိရဘီလူး၊ ဟေမာဝတဘီလူး၊ မဟာရာဒအသုရာ၊ ဝေပစိတ္တိအသုရာ၊ ရာဟုအသုရိန် စသော ဥပါသကာအပေါင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ အစရှိသော သူတော်ကောင်းအပေါင်း၊ ငရဲသနင်း ယမမင်းနှင့်တကွ သုခိတ၊ ဒုက္ခိတ သတ္တဝါ၊ နတ်ပြိဟ္တာအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အမျှယူတော်မူကြပါ။ အသီးအသီး အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ ပါစေ။

သမထကမ္မဋ္ဌာန်း ဘာဝနာ (၄၀) တို့တွင် ရဟန်းတော်တို့ နေ့စဉ်နေ့တိုင်း အမြဲမပြတ် ဆင်ခြင်နှလုံးသွင်းအပ် ပွားများအပ်သော ကမ္မဋ္ဌာန်းလေးမျိုးကို၊ အဋ္ဌကထာတို့၌ **"စတုရာရက္ခဘာဝနာ"** အမည်ဖြင့်လည်းကောင်း၊ **"သဗ္ဗတ္ထက ကမ္မဋ္ဌာန်း"** အမည်ဖြင့်လည်းကောင်း သတ်မှတ်လျက် ထုတ်ပြကြသည် ထိုကမ္မဋ္ဌာန်း (၄) ပါးတို့ကား -

**ဗုဒ္ဓါနုဿတိ မေတ္တာစ၊ အသုဘာ မရဏဿတိ။**

**အတ္တနာ ရက္ခိတဗ္ဗာစ၊ အတ္တာနံ ရက္ခကာစ တေ။** ဟူသောဂါထာနှင့် အညီ (၁) ဗုဒ္ဓါနုဿတိ = ဘုရားမြတ်စွာ၏ အရဟံ စသောဂုဏ်တော်တို့ကို အဖန်တလဲလဲ ကြံစည်အောက်မေ့ ပွားများခြင်း၊ (၂) မေတ္တာ = သတ္တဝါတို့အား မေတ္တာပွားများ ပို့သခြင်း၊ (၃) အသုဘ = (၃၂) ပါးသောကောဋ္ဌာသနှင့် (၁၀) ပါးသော အသုဘကို ပွားများခြင်း၊ (၄) မရဏဿတိ = သေခြင်းသဘော ကို အောက်မေ့ပွားများခြင်း တို့ ဖြစ်သည်။ ဤကမ္မဋ္ဌာန်း (၄) ပါးတို့သည် မိမိသည် စောင့်အပ်သောတရား မိမိကို စောင့်တတ်သောတရားတို့ မည်ကုန်၏၊ ဤ စတုရာရက္ခကမ္မဋ္ဌာန်း (၄) ပါးကို နေ့စဉ်နေ့တိုင်း ပွားများရန် စူဠဝိ အဋ္ဌကထာ၌ **"ဒိဝသေ ဒိဝသေ သီလာနိ အာဝဇ္ဇေန္တော စတုရာရက္ခံ အဟာပေန္တော ယောနိသော မနသိကာရ ဗဟုလာ ဝိဟရထ"** ဟူ၍ သြဝါဒစကားအဖြစ် မှာကြားတိုက်တွန်းထားသောကြောင့် နေ့စဉ်နေ့တိုင်း မနက်တစ်ကြိမ် ညတစ်ကြိမ်အားဖြင့် တစ်နေ့နှစ်ကြိမ် ပွားများအားထုတ်ရပေမည်။

### စတုရာရက္ခဘာဝနာ မည်ခြင်းအကြောင်း

ကောက်ပင်ကို စားတတ်သောနွားကို စောင့်ရှောက်သော နွားကျောင်းသားကဲ့သို့ မိမိစိတ်ကို လောကီအာရုံ ကာမဂုဏ်သို့

http://www.dhammadownload.com



မသွားအောင် စောင့်ရှောက်ထားကြောင်း ဘာဝနာလေးပါးကို စတုရာရက္ခာဟု ခေါ်၏။

စတုရာရက္ခဘာဝနာ ပွားများပုံကိုမူ **"မိမိကိုမိမိချစ်လျှင်နှင့် ဓမ္မရသ စာပဒေသာ"** စာအုပ်မှ **"စတုရာရက္ခဘာဝနာ"** တရားတော်၌ အကျယ်ဖတ်ရှု နိုင်ပါသည်။ ဤ **"စွယ်တော်ဝတ်ရွတ်စဉ်"** ၌ကား ရွတ်ဆိုဆင်ခြင် ပွားများ နိုင်ရန် လင်္ကာတို့ကိုသာ ထုတ်ပြလိုက်ပါသည်။

## (၁) ဗုဒ္ဓါ နုဿတိ = ဘုရားဂုဏ် ပွားများပုံ

တို့ဘုရားမူ (၁) နတ်လူတို့ကပူဇော်ရ၏ (၂) ဓမ္မဉာဉ် အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏ (၃)ဝိဇ္ဇာစရဏ ပြည့်စုံလှငြား (၄)စကားကောင်း ကို ကိုယ်တော်ဆို၏ (၅) ထိုထိုလောက သိတတ်လှ၏ (၆) ဆုံးမထိုက်သူ အတူကင်းလတ် ဆုံးမတတ်၏ (၇) နတ်လူဆရာ (၈) သစ္စာသိမြင် (၉) ဘုန်းအရှင်သည် ကိုးအင်ဘုရားဂုဏ်တော်တည်း။

**နမော ဗုဒ္ဓဿ**

**နမော ဗုဒ္ဓဿ**

**နမော ဗုဒ္ဓဿ**

**ဗုဒ္ဓဿ၊** သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်ပင် သိမြင်တော်မူသောကြောင့် သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူပြီးလျှင် ဒသဗလဉာဏ် ဆယ်တန်တို့၌လည်း ဝသီဘော်မြောက် ရောက်တော်မူပြီးသော လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်လှစွာ ကိုယ်အင်္ဂါဝယ် ပါရမီတော်အဟုန် ကိုယ်လုံးခြုံ၍ မွှမ်းထုံသင်းကြူ သဿမျှုဟု ဉာဏ်တူကင်းလတ် အရဟတ်ဖြင့် သတ်ဖြတ်ခပင်း ကိလေရှင်းသား ဉာဏ်ရင်းမဟာ ကရုဏာနှင့် သမ္မာသမ္ဗောဓိ အစရှိလတ် ဉာဏ်တော်မြတ်၏ ကိန်းဝပ်စံပျော် ခန္ဓာပေါ်ဝယ် ဘွဲ့တော်ဗုဒ္ဓ တင်ပါရသည့် လောကထွဋ်ထား မြတ်ဘုရားအား။ **မေ၊** တပည့်တော်၏။ **နမော၊** ရှိခိုးဦးညွှတ်ခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေ သတည်း။

http://www.dhammadownload.com



## (၂) မေတ္တာပွားများပုံ

**သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု =**

ကြွင်းမဲ့ဥဿုံ အားလုံးကုန်သော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ၊ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ကြပါစေ။

**သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု**
**အဗျာပဇ္ဈာ ဟောန္တု**
**အနီဃာ ဟောန္တု**
**သုခီ အတ္တာနံ ပရိဟရန္တု။**

လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည် အတွင်းအပ ဘေးရန် မရှိကြပါစေ။ စိုးရိမ်ကြောင့်ကြ ဗျာပါဒမှ ကင်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း ကင်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြပါစေ။ ချမ်းသာ လွယ်ကွယ်စွာ မိမိ မိမိတို့ ခန္ဓာကိုယ် အတ္တဘောကို ဆောင်နိုင်ကြပါစေ။

## (၃) အသုဘ = ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ကို ဆင်ခြင်ပုံ

**အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ၊**
**ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။**

ချစ်သမီးခေမာ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လွှမ်းစွာခံခက် နှိပ်စက်အပ်ထသော၊ အမြဲနေ့စဉ် ဆေးသုတ်သင်လည်း မစင်မကြယ် ရွံဖွယ်ကောင်းထသော၊ ဆေးကြောသုတ်သင် တန်ဆာဆင်လည်း အမြင်သာဟုတ် အတွင်းပုပ်၍ နေထသော၊ မျက်စိနားနှာ အင်္ဂါရှိတိုင်း အထက်ပိုင်းဝယ် ရွံဖွယ်သိုးပုပ် အန်ထုတ်၍နေထသော၊ ကျင်ကြီး ကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေ့ည ယိုချ၍ နေထသော၊ ဘဝါဘဝ သံသရာက ရာဂစရိုက်ပွား ငမိုက်သားတို့သည်၊ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်နှစ်သက် စွဲမက်အပ်ထသော၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့ လုံးဝခိုမှီး ဤခန္ဓာကိုယ်ကြီးကို၊ ဉာဏ်ရောင်လင်းသလောက် အတွင်းရောက်အောင် ထွင်းဖေါက်စေ့ငု ကြည့်ရှုစမ်းပါလော့။

http://www.dhammadownload.com



## (၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်းပါဠိနှင့် မြန်မာပြန်

### အတ္ထိ ဣမသ္မိံ ကာယေ -

**ကေသာ လောမာ နခါ ဒန္တာ တစော၊**
**မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ**
**ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ**
**အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊**
**ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။**
**အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။**

### ငါ၏ကိုယ်မှာ

(၁) ဆံပင် (၂) မွေးညင်း (၃) ခြေသည်းလက်သည်း (၄) သွား (၅)အရည် (၆)အသား (၇) အကြော (၈) အရိုး (၉) ရိုးတွင်းချဉ်ဆီ (၁၀) အညို့ (၁၁)နှလုံး (၁၂) အသည်း (၁၃) အမြှေး (၁၄) အဖျဉ်း (၁၅) အဆုပ် (၁၆)အူမ (၁၇)အူသိမ် (၁၈) အစာသစ် (၁၉)အစာဟောင်း (၂၀)ဦးနှောက် (၂၁)သည်းခြေ (၂၂) သလိပ် (၂၃)ပြည် (၂၄)သွေး (၂၅)ချွေး (၂၆)အဆီခဲ (၂၇)မျက်ရည် (၂၈) ဆီကြည် (၂၉) တံတွေး (၃၀) နှပ် (၃၁) အစေး (၃၂) ကျင်ငယ် တို့သာ ရှိကုန်သည်တကား။

## (၄) မရဏာနုဿတိ = သေခြင်းကို ဆင်ခြင်ပုံ

အသက်စည်းစိမ် ခန္ဓာအိမ်ကား တည်ငြိမ်ကင်းလျက် ကြည့်ရင်း ပျက်သို့ မျက်စိအောက်တွင် ပျောက်လွင့်စဉ်လျက် သင်္ခါရစက် သူ့ပိုင်နက်သို့ သွက်သွက်လည်ကာ ပါရှာသည် ခန္ဓာအနိစ္စ ပါတကား။

အသက်စည်းစိမ် ခန္ဓာအိမ်ကား (ပ) ခန္ဓာဒုက္ခ ပါတကား။

အသက်စည်းစိမ် ခန္ဓာအိမ်ကား (ပ) အနတ္တ ပါတကား။

ဘယ်သက်ရွယ်မှာ ဘယ်ရောဂါနှင့် ဘယ်ခါကာလ ဘယ်ဒေသရှိ ဘယ်ဂတိ၌ သေရမည့်တာ ဒို့သူငါ မှန်စွာမသိ ပါတကား။

http://www.dhammadownload.com



ဘုန်းကံကြီးမား ခြွေရံများ၍ ခွန်အားပြည့်မတ် ဣန္ဒြိယါဒ်နှင့် အတတ်ပညာ ကြီးမြင့်ပါလည်း သတ္တဝါအားလုံး ကုန်အောင်ချုံး နောက်ဆုံး သေရမည်ပါတကား။

## ရှင်သမျှ အားလုံးသေရမည်

ခန္ဓာဘာရ ဒွတ္တိံသကား ရုပ်ဝါနုနယ် ရှုစဖွယ်နှင့် တင့်တယ်ရွှန်းစို နင်လှလိုလည်း အအိုစာရင်း သူကသွင်း၏။

ဘေးကင်းရန်ကွာ လွန်ချမ်းသာ၍ မနာရလို တောင်းဆုဆိုလည်း နင့်ကိုမညှာ ဘေးရောဂါနှင့် ခါခါမငဲ့ မိတ်ဆွေဖွဲ့၏။

နင်နှင့်တူညီ ချစ်ကြိုးသီသား ပလီပလာ အပြစ်ကွာသည့် ချစ်စွာမယား သမီးသားနှင့် စီးပွားဥစ္စာ ဉာတကာကို ဘယ်ခါမခွဲ အတူတွဲ၍ အမြဲပြုံးချို နေရလိုလည်း နင့်ကိုမထောက် နင့်နောက်မလိုက် အပူတိုက်၍ နင်ဟိုက်နင်ခွေ နင့်ကိုသေအောင် ကျားမြွေခံတွင်း အစာသွင်းသို့ သေမင်းသူ့လက် ပဏ္ဏာဆက်၏။

ငါ့အရွယ်တွေ နေ့တိုင်းသေ အသေမစဲ ပါတကား။
ငါ့အောက်ငယ်တွေ နေ့တိုင်းသေ အသေမစဲ ပါတကား။
ငါ့ထက်ကြီးတွေ နေ့တိုင်းသေ အသေမစဲ ပါတကား။
ဧကန်မလွဲ ငါလဲပဲ သေပွဲဝင်ရမှာ ပါတကား။
ကိုယ့်ကုသိုလ်မျိုး ကိုယ်ထုပ်ပိုး အားကိုးရမှာ ပါတကား။

(စတုရာရက္ခ သမထဘာဝနာ ပွားများနည်းပြီး၏။)

♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## ( ၃ ) ဝိပဿနာ ဘာဝနာ သစ္စာ(၄) ဖြာ ပွားများနည်း

### ဝိပဿနာ ဘာဝနာ ပွားများပုံ

ဝိပဿနာဟူသည် **"ပစ္စုပ္ပန္နဉ္စ ယောဓမ္မံ တတ္ထတတ္ထ ဝိပဿတိ"** ဟူသော ဘဒ္ဒေကရတ္တသုတ်၌ လာသည့်အတိုင်း မိမိ၏ ခန္ဓာကိုယ် စိတ်အစဉ်၌ ဖြစ်ပေါ်လာသော ရုပ်နာမ်တရားတို့ကို ပေါ်ဆဲဖြစ်ဆဲ အခိုက်၌ ပင် သိလျက် အနိစ္စ = မမြဲသောသဘောလက္ခဏာ၊ ဒုက္ခ = ဆင်းရဲသော သဘောလက္ခဏာ၊ အနတ္တ = အစိုးမရသော သဘောလက္ခဏာ အားဖြင့် လက္ခဏာရေး (၃) ပါးဖြင့် ရှုမှတ်ပွားများမှုပင် ဖြစ်သည်။ ရုပ်နာမ်တို့အပေါ်၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘော၊ ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘော အချုပ်အားဖြင့် ဖြစ်မှုပျက်မှုကို အဖန်ဖန်ရှုမှတ်နေမှုပင် ဖြစ်သည်။ ဝိပဿနာရှုမှတ်နည်းအကျယ်ကိုမူ ကမ္မဋ္ဌာန်းဆရာတော်ကြီးတို့၏ ကမ္မဋ္ဌာန်း ရှုနည်းကျမ်းတို့၌ လေ့လာပါ။ ဤ၌ကား **"မိမိကို မိမိချစ်လျှင်နှင့် ဓမ္မရသ စာပဒေသာ"** စာအုပ်မှ ကုသိုလ်ပန်းကုံးတရား၊ ခန္ဓာမီးလောင်အိမ်တရား၊ စူဠသောတာပန်နှင့် အာရဒ္ဓဝိပဿကပုဂ္ဂိုလ် တရားထဲမှ ဝိပဿနာဆိုင်ရာ ပါဠိနှင့်လင်္ကာတို့ကိုသာ ထုတ်ပြလိုက်ပါသည်။

### ဝိပဿနာ ဘာဝနာပြ ဂါထာများ

၁။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၂။ ဒုက္ခာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၃။ အနတ္တာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၄။ သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

http://www.dhammadownload.com



၅။ သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၆။ သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

## သတိ သမ္ဗဇည ဣန္ဒြိယဘာဝနာ လင်္ကာ

၁။ ဣန္ဒြိယဘာဝနာ မည်သညာဖြင့် မဟာခေါ်ထိ တုမရှိသား သတိသမ္ပဇဉ် နှစ်ပါးယှဉ်သည့် ဂုဏ်တော်ကြီးစွာ ကျင့်စဉ်မှာကား -

၂။ ခြောက်ဖြာဒွါရ ခြောက်ဝအာရုံ ထင်လာကုန်သော် မတုန်လှုပ်ရှား သတိထားကာ မှတ်သားကြည့်ရှု ဥာဏ်ယှဉ်ပြု၍ အကုသိုလ်ပ ကုသိုလ်ရအောင်

၃။ မနာပအာရုံ ထင်လာကုန်သော် မျိုးစုံနိမိတ် သဏ္ဌာန်ရိပ်ကို တဆိတ်တာမျှ မယူကြနှင့် ထိုမှတဖြာ အဘိဇ္ဈာရာဂ မဖြစ်ကြနှင့် အမနာပ ထင်လာကလည်း ဒေါသအမျက် မထွက်ကြနှင့် ဖြစ်ကြပျက်ဟန် အတန်တန်ကို ဖန်ဖန်ကြိုးကုတ် ပွားအားထုတ်လျက်

၄။ တိုးဆုတ်ရှေ့ဘေး ကြည့်ရေးထို့ပြင် ဆန့်လျှင်ကွေးရ ဝတ်ကျ ကိုင်တွယ် စားဖွယ်သောက်မျိုး သုံးရိုးမြော်မြင် ကျင်ငယ်ကျင်ကြီး စွန့်နည်း မကျန် သွားပြန်ရပ်ထိုင် ပိုင်ပိုင်အိပ်နိုး ပြောမျိုးစိတ်မှု အစုစုကို

၅။ ပြုကဆင်ခြင် သမ္ပဇဉ်ဖြင့် ဉာဏ်မြင်တွေ့ဆ သင့်ကြောင့်ကြစေ သင့်ကကပ်မြော် တော်မတော်တည့် တော်သော်မှချ ကျိုးမရနှင့် အရကိုချိန် ကြံမတိန်နှင့် မမှိန်ဉာဏ်သွား စီစဉ်ထားလော့

၆။ စီးပွားလောကီ ကြီးကြောင်းမှီ၍ မဂ်ဆီအရဟတ္တ နိဗ္ဗာန်ကျအောင် ရ၏အကျိုး မောက်ကာပြိုး၍ စဉ်တိုးသတိ သမာဓိဖြင့် မိမိစိတ်တွင် သမ္ပဇဉ်ကို ဆင်မြင်၍မြော် ကြံတိုင်းပေါ်လိမ့် အဟော်ဝတ ကျိုးကြီးလှသည် ဗုဒ္ဓမြတ်စွာ ဟောရင်းဟည်း။ (မြန်မာပညာရှိအမတ်ကြီး ဖိုးရာဇာ)

http://www.dhammadownload.com



# (၁)ဝိဇယသုတ္တန်နည်း

(က) သွားလို ရပ်လို ထိုင်နေလို အိပ်လို စိတ်ဟုသိ။
(ခ) စိတ်ကြောင့်ဖြစ်သော ဓာတ်ဝါယော နှံ့နှော ကိုယ်ဝယ်ပြည့်။
(ဂ) ဝါယောပြည့်သော် ဝိညတ်ပေါ် ရုပ်သော် သွားလာ၏။
(ဃ) ပုဂ္ဂိုလ်မသွား ငါမသွား ရုပ်သွား ဉာဏ်ဖြင့်ကြည့်။
(င) ပုဂ္ဂိုလ်မရပ် ငါမရပ် ရုပ်ရပ် ဉာဏ်ဖြင့်ကြည့်။
(စ) ပုဂ္ဂိုလ်မထိုင် ငါမထိုင် ရုပ်ထိုင် ဉာဏ်ဖြင့်ကြည့်။
(ဆ) ပုဂ္ဂိုလ်မအိပ် ငါမအိပ် ရုပ်အိပ် ဉာဏ်ဖြင့်ကြည့်။
(ဇ) ပုဂ္ဂိုလ်မကွေး ငါမကွေး ရုပ်ကွေး ဉာဏ်ဖြင့်ကြည့်။
(ဈ) ပုဂ္ဂိုလ်မဆန့် ငါမဆန့် ရုပ်ဆန့် ဉာဏ်ဖြင့်ကြည့်။
(ည) ပုဂ္ဂိုလ်မပြော ငါမပြော ရုပ်ပြော ဉာဏ်ဖြင့်ကြည့်။
(ဋ) ပုဂ္ဂိုလ်မကြား ငါမကြား ရုပ်ကြား ဉာဏ်ဖြင့်ကြည့်။

(ဓမ္မနာဒဆရာတော် ဦးပညာစက္က)

၁။ ဤကိုယ်ကာယ တလံမျှ၌ နှစ်ဝနာမ်ရုပ် ဖြစ်၍ ချုပ်၏။ နာမ်ရုပ် နှစ်ပါး အလွတ်ထား၍ ဤကား လိပ်ပြာ ဤကား ငါတည့် ဤမှာ ဇီဝ ဤအတ္တဟု ညွှန်ပြဖွယ်ရာ မရှိပါသည် ခန္ဓာနာမ်ရုပ် မျှသာတည်း။

၂။ နာမ်ရုပ်နှစ်ပါး ဤနှစ်ပါးလည်း ရှည်လျားကာလ မတည်ကြပဲ ခဏဖြစ်လျှက် ခဏပျက်၏ နှိပ်စက်ခြင်းရာ လိုမပါဘူး သဘာဝအား ဤသုံးပါးကြောင့် ဖြစ်ပွားသမျှ အနိစ္စသည် ဒုက္ခ+အနတ္တ ချည်းသာတည်း။

http://www.dhammadownload.com



## (၂) အနတ္တလက္ခဏာသုတ္တန်နည်း

ရုပ်ဟုတွင်မည် ခန္ဓာသည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျော်မာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

(ဝေဒနာတွင်မည် ခန္ဓာသည်ကား စသည်ဖြင့် ကြွင်းခန္ဓာ လေးပါးကိုလည်း အထက်ပါအတိုင်း ဆင်ခြင်ပါ)

## (၃) ဗာဟိယ သုတ္တန်နည်း

၁။ ကြားအပ် ကြားတတ် ဤနှစ်ရပ်ကား ဓာတ်အစုမျှ မည်သုတ ဓမ္မသက်သက်ပါတကား။

၂။ ပုဂ္ဂိုလ်မဟုတ် ငါမဟုတ် နာမ်ရုပ်အစု ပါတကား။

၃။ ဖြစ်ပြီးလျှင်ပျက် သူ့အနက် သက်သက် အနိစ္စ ပါတကား။

၄။ အဖြစ်အပျက် လွန်နှိပ်စက် သက်သက် ဒုက္ခ ပါတကား။

၅။ လိုမပါချက် သူ့အနက် သက်သက် အနတ္တ ပါတကား။

## (၄) စူဠရာဟုလောဝါဒ သုတ္တန်နည်း (သောတပဒွက)

(က) နားဟုတွင်မည် ရုပ်အကြည်ကား ရှည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျော်မာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

(ခ) အသံတွင်မည် ရုပ်ထို့ဤလည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ) ဓမ္မ သက်သက် ပါတကား။

http://www.dhammadownload.com



(ဂ) နားဉ်စွဲမှီ ဝိညာဏ်သည်လည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ) ဓမ္မ သက်သက် ပါတကား။

(ဃ) နားဉ်စွဲမှီ အတွေ့သည်လည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ) ဓမ္မ သက်သက် ပါတကား။

(င) နားဉ်အတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များစွာ ဝေဒနာနှင့် သညာ သင်္ခါရ ဝိညာဏဟု အစုလေးမည် ခန္ဓာသည်လည်း ရှည်မြင့်ကာလ မတည်ထပဲ (ပ) ဓမ္မ သက်သက် ပါတကား။

(မင်းကွန်းတိပိဋက ဆရာတော်)

## ဓမ္မစကြာပါဠိတော်လာ

## သစ္စာလေးပါးဆိုင်ရာ စတုသစ္စကမ္မဋ္ဌာန်း လင်္ကာများ

## မင်းကွန်းတိပိဋက ဆရာတော် ၏ စတုသစ္စကမ္မဋ္ဌာန်း လင်္ကာ

၁။ ပဋိသန္ဓေ အိုနာသေဟု လေးထွေရင်းမြစ် ဒုက္ခဖြစ်၏ မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလည်းမရ အကျဉ်းပြသော် ပဉ္စုပါဒါ ငါးခန္ဓာ သစ္စာဒုက္ခ မှန်မောလှ။

၂။ ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ လောဘမှာ သစ္စာ သမုဒယ မှန်မောလှ။

၃။ တဏှာချုပ်ရာ နိဗ္ဗာန်မှာ သစ္စာ နိရောဓ မှန်မောလှ။

၄။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအသိ ကောင်းဘိအကြံ ကောင်းသံဆိုပြော ကောင်းသောအပြု မကောင်းမှုသက်မွေး ကောင်းရေးလုံ့လ ကောင်းထသတိ ကောင်းဘိတည်ကြည် ဤရှစ်မည် တွင်ညီမဂ္ဂ မှန်မောလှ။

http://www.dhammadownload.com



## မဟာစည်ဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်း လင်္ကာ

### (၁) ဒုက္ခသစ္စာ

၁။ ဖြစ်အိုသေရေး စိုးရိမ်ဆွေး ငိုကြွေး ကိုယ်နာကျင်။

၂။ နှလုံးမသာ စိတ်ပြင်းစွာ ပူတာဆင်းရဲပင်။

၃။ မုန်းတာနှင့်တွဲ ချစ်တာကွဲ ဆင်းရဲအမှန်ပင်။

၄။ မရတာလို ဒုက္ခဆို တိုတိုပြောရလျှင်။

၅။ စွဲလမ်းနိုင်ရာ ငါးခန္ဓာ သစ္စာ ဒုက္ခပင်။

### (၂) သမုဒယသစ္စာ

၁။ ကာမတဏှာ ကောင်းနိုးရာ သာယာနှစ်သက်မှု။

၂။ ဘဝတဏှာ သဿတာ ထင်ကာနှစ်သက်မှု။

၃။ ဝိဘဝမှာ ဥစ္ဆေဒ ထင်ကာနှစ်သက်မှု။

၄။ ဆင်းရဲပွားရန် အကြောင်းမှန် သုံးတန်တဏှာစု။

### (၃) နိရောဓသစ္စာ

တဏှာချုပ်က နိရောဓ ဒုက္ခအငြိမ်းမှန်။

### (၄) မဂ္ဂသစ္စာ

မှန်စွာမြင်သိ ကြံမိမှန်ကန် မှန်စွာပြောပြု ရှာမှုလမ်းမှန်။ မှန်စွာကြောင့်ကြ မှတ်ရမှန်ကန် စူးစိုက်ကပ် ရှစ်ရပ် မဂ်လမ်းမှန်။ မူလ ပုဗ္ဗ အရိယ သုံးဝ မဂ္ဂင်မြတ်၊ ဖြစ်ပွားစေလျှင် ဤမဂ္ဂင် ပြေးဝင်နိဗ္ဗာန်ခေတ်။

http://www.dhammadownload.com



## လယ်တီဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ

၁။ ခန္ဓာငါးလီ ဘုံလောကီကို ဒုက္ခဆိုလေ့။
၂။ ထိုဒုက္ခပေါင်း ပွားကြောင်းအမှု လောဘစုမှာ သမုဒယ အမည်ရ၏။
၃။ လောဘခပင်း အကြွင်းမရှိ ချုပ်ငြိမ်းဘိသည် သန္တိသဘော အစဉ်ချောကို နိရောဓဟူ။
၄။ ရှစ်ဆူသီးသီး မဂ္ဂင်ကြီးကို မဂ္ဂဆို၏။

## မိုးကုတ်ဆရာတော်၏ စတုသစ္စကမ္မဋ္ဌာန်းလင်္ကာ

၁။ ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်။
၂။ ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်။
၃။ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်။
၄။ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။

## ဝဋ္ဋသစ္စာဖြစ်ကြသော ဒုက္ခသစ္စာ+သမုဒယသစ္စာတို့ကို ဝိပဿနာရှုမှတ်ပုံ

(က) သစ္စာဒုက္ခ ထိုဓမ္မကား ရှုည်မြင့်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျောမာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခအနတ္တာ မှန်လှစွာ၏ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

(ခ) သစ္စာသမုဒယ ထိုဓမ္မလည်း ရှုည်မြင့်ကာလ မတည်ထပဲ(ပ) ဓမ္မသက်သက်ပါတကား။

(ဝိပဿနာ ဘာဝနာ သစ္စာ(၄) ဖြာ ပွားများနည်းပြီး၏။)

♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



ရွှေတောင်မြို့
ကျီးသဲလေးထပ် ဆရာတော် ဘုရားကြီး
ရေးသားတော်မူအပ်သော

# ပကိဏ္ဏက နမက္ကာရ အစိန္တေယျကြီး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလ ပရမံ၊ အရဟံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရမာရဇိ၊ တိ လောကန္တဂူ၊ သယမ္ဘူ ဘဝိဿရ၊ ဤသို့စသား၊ အသချေ ယျ၊ နာမတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်၊ ဇမ္ဗူဒိပ်မှတက်၍၊ ဘဝဂ် တိုင်ကြော်ငြာလျက်၊ ကာမရူပ၊ အရူပဟု၊ ဩကာသသုံးရပ်၊ လောကဓာတ်၌၊ အမြတ်ထက်မြတ်၊ သမိုက်အပ်သော၊ လူနတ်ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့သည်၊ ပညိန္ဒြေရှိ တိုင်းဖြင့်၊ ခြားပိုင်းတွက်ကျုး၍၊ မဆုံးမကုန်နိုင်၊ မကြံ စည်နိုင်၊ မအံ့ဩနိုင်၊ ပြည့်လှိုင်ထွေပြား၊ များပြားကျယ် ဝန်းသော၊ ကျေးဇူးတော်အပုံ၊ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူထသော။

၂။ အမျိုးဖြင့် မြတ်သောသူ၊ ဘုန်းဖြင့် မြတ်သောသူ၊ ဂုဏ်ဖြင့် မြတ်သောသူတို့သည်၊ မာန်မူဖက်ပြိုင်၊ ခြင်း ငှာမထိုက်၊ မကိုင်ငှမဂ်လာ၊ ဤကမ္ဘာ၌ ပဌမာဒိက၊ ဘူမိပါ လ၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ သမ္မုတိ ဒေဝရာဇ်၊ နေနွယ် ဖြစ်၍၊ စင်စစ်အမျိုးတော်အားဖြင့် မြတ်သော၊ ဇာတိ မဟတ္တဂုဏ်၊ သုံးဘုံသုံးရပ်၊ ညွှတ်ရုံးကော်ရော်၊ ပူဇော်ဦး ညွတ်ရာဖြစ်၍၊ စင်စစ် ဘုန်းတော်အားဖြင့် လွန်မြတ်

http://www.dhammadownload.com



သော၊ ပုညမဟတ္တဂုဏ်၊ ဝသုန်သေလာ၊ အဏ္ဏဝါကို၊ မြူလွှာ ပြုလျက်၊ နှိုင်းတု စက်လည်း၊ ကျေးဇူးနက်တိုင်၊ မကုန်နိုင် သည်ဖြစ်၍၊ စင်စစ် ဂုဏ်တော်အားဖြင့် မြတ်သော၊ ဂုဏ မဟတ္တဂုဏ်၊ ဤသုံးစုံကြောင့်၊ လူ့ဘုံနတ်ဌာန်၊နှစ်နိုင်ငံ၌ ပြိုင်စံယှဉ်သော်၊ မပေါ်မပြူ၊ တဆူတည်းသော အပ္ပဋိ ပုဂ္ဂိုလ်ဖြစ်တော်မူထသော။

၃။ ဇမ္ဗူ့ကျက်သရေ၊ ချက်မြေဘူမိ၊ အပရာဇိ ခရိုင်၊ ညောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူအံ့သော ကာလ၌၊ ကာမလောကဓာတ်၊ ခုနစ်ရပ်လုံး၊ ဆတ်ဆတ် လှိုက်ခုန်၊ တုန်ဘနန်းမျှ၊ သန်းအကုဋေ၊ နတ်ဗိုလ်ခြေနှင့်၊ မိုးမြေ ကြည်းဟည်း၊ ပွဲတင်တီးအောင်၊ ဖျက်ဆီးလုယက်လာ သော၊ မေခလာဂီရိ၊ တောင့်တရှိမျှ၊ ပြောင်ကြီးသေဌ်နင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော၊ ပါရမီဉာဏ်၊ ကံသမ္ဘာရှိန်၊ ဝရဇိန်လျှံပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော်မူစေ၍၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက်တိုက်လှန် ခြင်းငှာ၊ အာနာပါန ဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုက္ကသမာပတ် တို့ကို၊ အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ ပစ္စဝေက္ခဏဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီတည်း ဟူသော၊ ဝသီဘော်ငါး တန်ဖြင့်။ အဖန်ဖန်လေ့လာတော်မူပြီးလျှင်၊ ရှေးတီး ကာလ၊ ဘဝရှည်ကျူး၊ ဖြစ်ဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည် အမျိုးစသော၊ ပရမတ်ပညတ်တို့ကို၊ တပ်အပ်သိစွမ်းနိုင်သော၊ ပုဗ္ဗေနိဝါသ ဉာဏ်၊သုံးတန်ဘုံသား၊ အများသတ္တ၊ ဝေနေယျတို့၏၊ ကမ္မဂတိ၊ စုတိပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒူရပဋိစ္ဆန္န၊ သဏှသုခုမဖြစ်သော ရူပါရုံကို၊ အကုန် မြင်နိုင်စွမ်းသော၊ ဒိဗ္ဗစက္ခုဉာဏ်၊ လေးတန်ဩဃ၊ အာသဝနှင့်၊ ယောဂ ဂန္ထာ၊ လေးဖြာဥပါ ဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယခုနှစ်အင်၊ သံယော ဇဉ် ဆယ်တန်၊ ခြံရံလက်သား၊ များစွာသောအကုသိုလ်၊ ဗိုလ်ခြေကွပ်ကဲ၊

http://www.dhammadownload.com



သူ့ရဲကိလေသာ၊ ထောင့်ငါးရာတို့ကို၊ စင်စစ်ပယ်ဖြတ်၊ အလွန်မြတ်သောကြောင့်၊ အရဟတ္တမဂ္ဂ၊ အမည်ရသော၊ အာသဝက္ခယဉာဏ်၊ ဤသုံးတန်သောဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော်၊ ဝိဇ္ဇာရှစ်ပါးနှင့်၊ ပြည့်စုံတော်မူသဖြင့်၊ သယမ္ဘူအထွတ်၊ လူတမြတ်ဟု၊ မချွတ်သမိုက် အပ်ထသော။

၄။ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှကို၊ ရခြင်းမှာ မထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တာ၊ ဝေနေယျပုဂ္ဂိုလ် တို့၏၊ အလိုဆန္ဒ၊ အာသယကိန်းဟန်ကို ကောန်သိမြင်နိုင် သော၊ အာသယာနုသယဉာဏ်၊ ဣန္ဒြေရင့်မရင့်ကို၊ ထောက်ချင့် သိစွမ်းနိုင်သော၊ ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ ပရမတ်ပညတ်၊ အရပ်ရပ်လုံးစုံကို၊ အကုန်အစင်၊ သိမြင် နိုင်သော၊ သဗ္ဗညုတဉာဏ်၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဉေယျခံ ငါးအင်ကို၊ သိမြင် တော်မူရာ၌၊ ဆီးကာပိတ်ပင်ခြင်းမရှိသော၊ အနာဝရဏဉာဏ်၊ ယမိုက်ပြာဋိဟာ၊ လွှတ်ခြင်းအရာ၌၊ လေ့လာတော် မူနိုင်သော၊ ယမကပါဋိဟာရိယဉာဏ်၊ သနားထိုက်လှစွာသော၊ ဝေနေယျသတ္တဝါကို၊ လွန်စွာသနားတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်၊ ဤခြောက်တန်သော၊ ဆအသာဓာရဏ၊ ဉာဏလျှံပြောင်၊ မြတ်တန် ဆောင်ကို၊ ညီထောင်ထွန်းစိုက်တော်မူသည်ဖြစ်၍၊ ဝေးနီး စကြာဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ထုတ်ခပ် ထင်ထင်၊ ရှုမြင်တော်မူနိုင်သော၊ ပသာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု တည်းဟူသော မျက်စိတော် ငါးလုံး ဖြင့်၊ အဆုံးမဲ့၊ မြင်တော်မူပြီးထသော။

http://www.dhammadownload.com



၅။ ပလ္လင်အနိမိသ၊ စက်မမှသည်၊ စတုတ္ထသတ္တာ ဟဝယ်၊ ရတနာရွှေအိမ်၊ ချမ်းရိပ်ငြိမ်၌၊ မွေ့သိမ်စမ္ပာယ် တော်မူသောအခါ၊ အဘိဓမ္မာ ခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်း ဒေသနာကို၊ လေ့လာဆင်ခြင်တော်မူသော၊ အာနုဘော် တော် ကြောင့် အသွေးတော် အသားတော်၊ အရိုးတော်စု၊ ဝတ္ထု ပသာဒိန္ဒြေအလုံမှ၊ ပြိုးပြုံပြိုးပြက်၊ ရိုးရိုးရက် တောက်ပ လျက်၊ နီလ၊ ပီတ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရာ၊ မိလ္လာရည်လို၊ ဖိတ်ဖိတ်ယိုမျှ၊ ညိုသော ရောင်ခြည်တော်၊ ဖကတ္တိပါ၊ ဂိဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ၊ ရွှေသော ရောင်ခြည်တော်၊ ကသစ် ခေါင်ရမ်း၊ ပန်းကြက် မောက်ပြီ၊ တွေးတွေးချီမျှ၊ နီသောရောင်ခြည်တော်၊ သာခွာဘော်ကြူ၊ ဖွေးဖွေးလူသကဲ့သို့၊ ဖြူသော ရောင် ခြည်တော်၊ ပြာလျှံ ညိုလျှံ၊ ခိုလျှံ စုပေါင်း၊ ရှုမညောင်းမျှ၊ မောင်းသော ရောင်ခြည်တော်၊ ထွန်းပေါ် ဝင်းဝင်း၊ ထိန် လင်းစက်စက်၊ လျှပ်စစ်လက်သကဲ့သို့၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော် တည်းဟူသော၊ ရောင်ခြည်တော်ခြောက် ဆိုင်ကို၊ တစ်ပြိုင်တည်း ကွန့်မြူး စေလျက်၊ လ–နေအတိ၊ လျှံငြိပြောင်ပြောင်၊ ဓိမာန်ရောင်နှင့်၊ သောင်းထောင် စကြာဝဠာ၊ ထွန်းလင်းဖြာသော၊ ဗြဟ္မာကြီးတို့၏ ကိုယ်ရောင်ကိုလျက်၊ နှိပ်စက် လွှမ်းမိုးနိုင်သော၊ ကိုယ်တော် ရောင်တို့ ဖြင့်၊ အထောင်အသောင်းသော၊ လောကဓာတ် တို့ကို၊ တလျှပ်လျှပ်ထွန်းလင်းတော်မူပြီးထသော။

၆။ ပရိဗိုဇ်တက္ကထွန်း၊ ရဟန်းရသေ့၊ မုနေ့ အရည်း၊ ဦးပြည်းတပသီ ဗေရာဂီတို့၏ ဝါဒီအလိုက်၊ စရိုက် ဘာဝ၊ ကျင့်ဆောင်ကြသော၊ သာသနာ့ဗာဟီ၊ လောကီ သီလ တို့ထက်၊ ဆထက်ထောက်ရာ၊ သာလွန်ဘိသဖြင့်၊ **အဓိသီလ** ဟု သမုတ်အပ်သော၊ အာပတ်ခုနစ်ပုံကို၊ လုံခြုံစွာ စောင့်ကြောင်းဖြစ်သော၊

http://www.dhammadownload.com



ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြေ ခြောက်ပါး ကို၊ တားမြစ်ပိတ်ပင်ကြောင်းဖြစ်သော၊ ဣန္ဒြိ ယသံဝရသီလ၊ မိစ္ဆာဇီဝမှ ကြဉ်ခွာလျက်၊ စင်ကြယ်စွာ အသက်မွေး ဝမ်းကြောင်းဖြစ်သော၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စည်းလေးဖြာကို၊ ပစ္စဝေက္ခဏာ တင်၍၊ သုံးသပ်ဆင်ခြင် ခြင်းတည်း ဟူသော၊ ပစ္စယသန္နိဿိတသီလ၊ ဤလေးဝ သော၊ စတုပါ ရိသုဒ္ဓိတံခွန်၊အလွန်ဖြူစင်၊ မြူမတင်ခြင်း တည်းဟူသော သီလဝိသုဒ္ဓိ၊ မဟဂ္ဂုတ် လောကုတ္တရာစျာန်၊ မြဲမြံစွာ လေ့လာခြင်းတည်းဟူသော၊ စိတ္တဝိသုဒ္ဓိ၊ ခြောက် ဆယ့်နှစ်ဖြာသော၊ မိစ္ဆာဝါဒီ၊ ဝိတက္ကိုညစ်ကြေးမှ၊ ကင်းဝေးဖြူစင်လျက်၊ အယူ၏စင်ကြယ်ခြင်းတည်းဟူသော၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ တစ်ဆယ့်ခြောက်ပါးသော၊ ယုံမှားသက်ာ ကို၊ ဖြတ်ခွာလွန်မြောက်နိုင်သော၊ ဉာဏ်၏စင်ကြယ်ခြင်း တည်းဟူသော ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ်ဟုတ်သည် မဟုတ်သည်ကို မြင်နိုင်သော၊ ဉာဏ်၏စင်ကြယ်ခြင်းတည်း ဟူသော မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ မဂ်သို့ရောက် ကြောင်း၊ အကျင့်ကောင်းကို မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ မဂ်လေးရပ်နှင့်၊ သဟဇာတ်သမ္ပယုတ်ဖြစ်၍၊ သစ္စာလေး တန်ကို၊ ဆယ့်ခြောက်တန်ဝေဖန်၍၊ ဧကန်သိမြင်နိုင် သော၊ ဉာဏဒဿန ဝိသုဒ္ဓိတည်းဟူသော၊ ဝိသုဒ္ဓိခုနစ်ပါး၊ တရားဘွဲ့ဖြူ၊ သရဖူမကိုဋ်၊ ဦးစိုက်မဂ်လာ၊ မြတ်တန်ဆာ ကို၊ တင့်တယ်စွာ ဆင်ယင်လျက်၊ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘန ဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပ္ပဿမ္ဘနဝိမုတ္တိ၊ နိဿရဏ ဝိမုတ္တိတည်းဟူသော၊ ဝိမုတ္တိငါးရပ်၊ တရားမြတ်ကြောင့်၊ လောကဓာတ်အလုံး၊ ညွှတ်ကျိုးပူဇော်ရာ၊ အဂ္ဂါရမုနိ၊ အနာဂါရမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စကမုနိတို့ထက်၊ ကဲထက်လွန်မြတ်စွာ၊ မုနိန္ဒာဘိ ပဝရ၊ အတုလမုနိ လည်း ဖြစ်တော်မူထသော။

http://www.dhammadownload.com



၇။ ဂင်္ဂါဝါဠူ၊ သဲစုမြူဟုန်၊ ပမာတန်ကဲ့သို့၊ အနန္တ ဂူ၊ နိဗ္ဗာန်ယူကုန်သော၊ ဆူဆူမြွတ်စွာ၊ စောသတ္တာတို့၏ သွားရာလမ်းကြောင်း၊ စရိုက်ကောင်း မူလဖြစ်သော၊ သီလ သံဝရ၊ ဣန္ဒြိယသံဝရ၊ ဘောဇနေ မတ္တညုတာ၊ ဇာဂရိယာ နုယောဂ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ၊ လေးဖြာသော ရူပါဝစရ စျာန်တည်းဟူသော၊ စရဏတရား၊ တဆယ့် ငါးပါးတို့ကို၊ အားသစ် ကျင့်ဆောင် တော်မူသဖြင့်၊ သယမ္ဘူ တကာ၊ ပြည့်စုံရာသော၊ နာနာ ကုလတို့၏ ဝေါဟာရသဒ္ဒါ အနက်ကို၊ အချက်ကျကျသိနိုင် သော၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၊ ဝါစာ ဂီရတ်၊ နှုတ်သံလွှတ်က၊ ဇာတ်တူတူမတူတူ၊ ဘာသာဟူသမျှ ကို၊ ကေန္တ သိနိုင်သော၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ တစ်ခုတစ်ခုသော ပုဒ်အက္ခရာ၊ သဒ္ဒါ၏ အလိုကို၊ ဝိဂြိုဟ် ဝစနတ်၊ မာတ်ပစ္စည်း လိင်အန် ဖြင့်၊ ဝေဖန်၍ သိနိုင်သော၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ ကိုယ် တော်သိသမျှတရားကို၊ သူတစ်ပါး သိစိမ့်သောငှာ၊ သဒ္ဒါပညတ်သို့တင်၍၊ စုံလင်စွာမြွက်ဆိုတတ်သော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တည်းဟူသော ပဋိသမ္ဘိဒါ ဉာဏ်လေးပါး၊ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာ နုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသတည်းဟူသော အဘိညာဉ် ခုနစ်ပါး၊ ရူပစျာန် လေးရပ်၊ အရူပစျာန် လေးရပ်အားဖြင့်၊ သမာပတ်ရှစ်ပါး၊ ကျေးဇူးတော် တစ် ဆယ့်ရှစ်ပါး၊ ထူးပြားဆန်းကြယ်၊ အံ့ဖွယ်တော်တစ်ဆယ့် ရှစ်စုံ၊ ထိုမျှဂုဏ်ကို အုပ်ခြုံစိုးပိုင်တော်မူပြီးထသော။ —

၈။ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စု မာရ်၊ အဘိသင်္ခါရမာရ်၊ ဤငါးတန်တို့ကို၊ တိုက်လှန်ဖြိုခွဲ ၍၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနု

http://www.dhammadownload.com



ပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန် လေးပါး၊ ဖြစ်ပြီးသော အကုသိုလ်တရား တို့ကိုပယ်ခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော အကု သိုလ်ကံကို တစ်ဖန် အသစ် မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွား စည်ပင်စိမ့်သောငှာ၊ လွန်စွာလုံ့လပြု ခြင်းတည်းဟူသော၊ သမ္မပ္ပဓာန်လေးပါး၊ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိ ယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ် လေးပါး၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတည်းဟူသော ဣန္ဒြေငါးပါး၊ သဒ္ဓါဗိုလ်၊ ဝီရိယ ဗိုလ်၊ သတိဗိုလ်၊ သမာဓိ ဗိုလ်၊ ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါး၊ သတိသမ္ဗောဇ္ဈင်၊ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗော ဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်၊ တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ တည်း ဟူသော မဂ္ဂင်ရှစ်ပါး၊ ဤသို့အားဖြင့် ပိုင်းခြားတွက်ဖွဲ့၍၊ သုံးဆယ့် ခုနစ်ရပ်၊ အလွန်မြတ်သော၊ ဗောဓိပက္ခိယ၊ ဓမ္မ အကျော်၊ ရဲမက်တော်တို့ကို၊ ကိုယ်ရံတော်ကြီး၊ ဦးစီးဗိုလ်ချုပ်တင်လျက်၊ အသခေျချေ၊ တွက် ရေမဆုံး၊ ပတ်ကုံး ကိလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်းတိုက် သိမ်း၊ အငြိမ်းအောင်မြင်တော်မူသဖြင့်၊ အသခ်ံတ၊ ခေမ ရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြိုင်နန်းတခွင်၌၊ ဥကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော။

http://www.dhammadownload.com



၉။ လေးအသင်္ချေ၊ လွန်လေတစ်သိန်း၊ တွက်ကိန်း များလှ၊ ကပ်ထိုမျှ၌၊ လုံ့လကြိုးပမ်း၊ ဖြည့်စွမ်းဆည်းပူး တော်မူခဲ့သော၊ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာ ပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ၊ ဆယ်လီသုံးစုံ၊ ကုသိုလ်ဟုန် ကြောင့်၊ လူ့ဘုံစံပျော်၊ အလောင်းတော်ဖြစ်ခါစပင်၊ ကာဠာဝက၊ ဂင်္ဂေယျနှင့် ပဏ္ဍရ၊ တမ္ဗ၊ ပိင်္ဂလ၊ ဂန္ဓ၊ မင်္ဂလ၊ ဟေမ၊ ဥပေါသထ၊ ဆဒ္ဒန်၊ ဤဆယ်တန်သော ဆင်မျိုးတို့ ၏၊ ဆယ်ဆတက် ဆယ်ဆတက်စီသော အားကိုဆောင်နိုင်သည်ဖြစ်၍၊ ယောက်ျား ဗိုလ်ခြေ၊ ကုဋေတသိန်းတို့၏၊ ကာယဗလ၊ ဌာနာဌာန ကောသလ္လဉာဏ်၊ ဝိပါကဉာဏ်၊ သဗ္ဗတ္ထဂါမိနီဉာဏ်၊ နာနာဓာတုဉာဏ်၊ အဓိမုတ္တိဉာဏ်၊ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်၊ ဈာနာဒိ သံကိလေသဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် တည်းဟူသော ဆယ်ပါးသော ဉာဏဗလကို ရတော်မူသည် ဖြစ်၍၊ လူ့ပြည်နတ်ရပ် ခေတ်သုံးထပ်ကို၊ အုပ်ကွပ် စိုးပိုင်၊ နိုင်တော်မူခြင်းတည်းဟူသော ဣဿရိယဘုန်းတော်၊ လောကုတ္တရာတရား၊ မြတ်ကိုးပါးသို့၊ ထင်ရှားစွာရောက် ခြင်းတည်းဟူသော၊ ဓမ္မဘုန်းတော်၊ နရက်ဘဝဂ်၊ အောက် ထက်ပျံ့လျှိုင်၊ သုံးခရိုင်၌၊ အဆုံးတိုင် ကျော်စောတော်မူ ခြင်းတည်းဟူသော ယသ ဘုန်းတော်၊ သုံးဆယ့်နှစ်ပါး သမိုက်ထားသော၊ ယောက်ျားမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြူတေ၊ ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူ ခြင်းတည်းဟူသော၊ သိရီဘုန်းတော်၊ အလိုတော်ရှိသမျှ၊ တခဏခြင်းဖြင့် သာ၊ ပြည့်စုံလာခြင်းတည်းဟူသော၊ ကာမ ဘုန်းတော်၊ နိဗ္ဗာန်ရောက်ရာ၊ ဒေသနာဖြင့်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့ကို၊ ကြည်ဖြူစွာလှ၊

http://www.dhammadownload.com



သင်ဆုံးမ သောကြောင့်၊ လောကလုံးကိုးကွယ်ရာ၊ ဆရာအဖြစ်သို့ ရောက်တော်မူခြင်းတည်းဟူသော၊ ပယတ္တာဘုန်းတော်၊ ဤခြောက်ဘော်သော၊ ဘုန်းတော်အမြတ်၊ ဂုဏ်အရဟတ် ဖြင့်၊ လောက မာတ်လုံး၊ ညွတ်ရုံးညီကာ၊ ကောင်းချီးပြောလျက်၊ ဘဂဝါဟူ သော ဘွဲ့ပုံတော်အထူးဖြင့်၊ ညွတ်နူးကော်ရော်၊ ပူဇော်ချီးပအပ်သည်လည်း ဖြစ်ထသော။

၁၀။ အစုဆက္ကသတ၊ ဇာတကကို၊ ပုံပြသက်သေခံလျက်၊ အနန္တဘဝ၊ ဖြစ်ဖြစ်သမျှတို့၌၊ ဓနပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ၊ ဘရိယပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ဇီဝိတပရိစ္စာဂ တည်းဟူသော စွန့်ခြင်းကြီး ငါးအင်ကို၊ မဂ္ဂင်ဖောင်ပျံ၊ စံလိုသူအပေါင်း တို့ထက်၊ ကဲဆောင်းလွန်မောက်၍၊ အထောက်မတန် ပြုခဲ့သော၊ ဟေတုသမ္ပဒါ၊ မြတ်သမ္ဘာ ကြောင့်၊ အဏိမာ၊ လဃိမာ၊ မဟိမာ၊ ပတ္တိ၊ ပါကမ္မ၊ ဤသိတာ၊ ဝသိတာ၊ ယတ္တကာမ ဝသာယိတာဟူသော၊ ဘာသာမဂဓိ၊ ရာဇဂြိုဟ်ဥဒါန်းနှင့်အညီ၊ ရုံသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင် လောက်ရုံသော၊ အဏုမြူပမာ၊ သိမ်မွေ့စွာသော ကိုယ်တော်ကို၊ ငယ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း အဏိမာ၊ ရေပြင်မြေမိုး၊ ပျံလျှိုးငုပ်လွှား၊ သွားတော်မူနိုင် ခြင်း လဃိမာ၊ ကြီးစေလိုက၊ မြင့်မိုရ်ပြန်ရာ၊ ထို့ထက်သာ ၍၊ စကြဝဠာတိုက်လုံး၊ အုပ်ဖုံးပတ်လျှည့်၊ ကိုယ်တော်ပြည့် အောင်၊ တရှိထိုင်တော်မူနိုင်ခြင်း မဟိမာ၊ မြေထုရေထု၊ နေရုပဗ္ဗတာ၊ သီလာတောင်ထပ်၊ အတွင်းရပ်ကို၊ ကျဉ်းကြပ် ပိတ်ဆီးခြင်းမရှိ၊ ပကတိကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊ လျှိုးဝင်ထွင်းဖောက်၊ ကြွရောက်တော်မူနိုင်ခြင်း ပတ္တိ၊ မနောဓိဋ္ဌာန်၊ စိတ်တော်ကြံတိုင်း၊ ကမ္မာကမ္မ၊ ဟူသမျှကို၊ ကုန်ပြီးမြောက်ခြင်း ပါကမ္မ၊ သုံးဆယ့်တဘုံ၊ အလုံးစုံကို၊ အုပ်ချုံ စိုးပိုင်တော်

http://www.dhammadownload.com



မှုခြင်း ဤသိတာ၊ လောကီစျာန်ရပ်၊ သမာ ပတ်ကို၊ မပြတ်ဝင်ကာ၊ လိုတိုင်းပါအောင်၊ လေ့လာတော်မူနိုင်ခြင်း ဝသိတာ၊ သက်မရှိသည့်၊ ဂီရိဗဟို၊ တောင်မြင့်မိုရ်မှလည်း၊ လိုတော် လိုက်ကာ၊ ညွတ်ငိုက်လာရခြင်း ယတ္ထကာမဝသာယိတာ တည်းဟူသော၊ တန်ခိုးတော် ရှစ်ဦး၊ ဘုန်းတော်ထူးဖြင့်၊ အံ့ကျူးပြီးပိုင်၊ မချီးနိုင်၍၊ တပြိုင်တည်လျက်၊ တပြိုင် ပျက်သော စကြဝဠာတိုက်နေ၊ သိန်းကုဋေလုံး၊ ရွှေမုဋ္ဌာန် စွမ်း၊ အာဏာလွှမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ ခြိမ့်ခြိမ့် ကြွေးကြော်၊ ပူဇော် ကြရာ၊ သုံးရွာလုံးတန်ဆောင်၊ မင်းနှခေါင်မင်းဖျား၊ မင်းတရားအစစ်လည်းဖြစ်တော်မူ ထသော။

၁၁။ လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန်ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော၊ ပီဠန အနက်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည်၊ ပြုပြင်စီရင်အပ်သော၊ သခ်တအနက်၊ မရောင့်ရဲစွာ၊ သတ္တဝါတို့ကို၊ လောင်ဆာပူပန် စေတတ်သော၊ သန္တာပအနက်၊ ဇရာမရဏ၊ သောက ပရိဒေဝတို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော၊ ဝိပရိဏာမ အနက်တည်းဟူသော၊ လေးပါးသော၊ ဒုက္ခသစ္စာ၏ အနက်တို့ကိုရင်း။ အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန်သွားလာစေခြင်းငှာ၊ အားထုတ် တတ်သော အာယူဟနအနက်၊ ဝဋ်ဆင်းရဲအပေါင်း၏၊ အကြောင်းမူလဖြစ်သော နိဒါနအနက်၊ ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊ တမင်မင်ဖြင့်၊ ကျင်လည်စေတတ်သော၊ သံယောဂအနက်၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော၊ မဂ္ဂသစ္စာကို၊ ဆီးကာတားမြစ်တတ်သော၊ ပလိဗောဓအနက်တည်းဟူသော၊ လေးပါးသော သမုဒယ သစ္စာ၏ အနက်တို့ကိုရင်း၊ သံသရာဝဋ်မှ၊ ထွက်လွှတ် ကူးမြောက်

http://www.dhammadownload.com



ပြီးသော၊ နိဿရဏအနက်၊ သင်္ခါရတို့မှဆိတ်သော၊ ဝိဝေကအနက်၊ ပြုပြင်ခြင်းကင်းသော အသင်္ခတ အနက်၊ သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းချမ်း သာသော အမတအနက်တည်းဟူသော၊ လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကို ၎င်း၊ ဝဋ္ဋဒုက္ခအပေါင်းတို့မှ ကောင်းစွာ ထွက်မြောက်တတ်သော၊ နိယျာနိကအနက်၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ဟေတုအနက်၊ နိဗ္ဗာန်ကို မြင်တတ်သော ဒဿနအနက်၊ သင်္ခါရတရားမျိုး တို့ကို အစိုးရသော၊ အဓိပတေယျ အနက်တည်းဟူသော၊ လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကိုလည်းကောင်း၊ အကြောင်းအကျိုးအားလျော်စွာ၊ လေးသစ္စာတို့ကို၊ ဒဿနာကာရဖြင့်၊ သောဠသ ဝေဖန်၍၊ ရွှေညာဏ်ထင်ထင်၊ ရွှေလက်တင် ပတ္တမြားကဲ့သို့၊ ပိုင်းခြားသိမြင်တော်မူသည့် အလျောက်၊ အထောက်အခံ၊ ကံညာဏ်ကြီးရင့်၊ ပွင့်ထိုက် သောသတ္တဝါ၊ ဝေနေယျာတို့ကို၊ ပွင့်ပါစေနှလုံးဖြင့်၊ စွေချွန်းထစ်ကြိုး၊ ရှစ်ကိုးနယ်ကုန်၊ သုန်သုန်ပြင်းဝှန်၊ ရှာဖျန်းသွန်သော၊ မေဃဝန် တမျှ၊ ဓမ္မဘေရီ၊ မေဒနီကို၊ နာရီမလပ်၊ လူနှင့်နတ်အား၊ မပြတ်တိုက်ကျွေး၊ ပေးတော် မူတတ်သော၊ သုံးရပ်လုံးဆရာ၊ ဒေဝါဓိဒေဝိန္ဒ၊ ဗြဟ္မာဓိ ဗြဟ္မိန္ဒ၊ တိဘဝပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်း ကျစ်၊ မဟာဓမ္မရာဇ်၊ မြတ်ရှင်ချစ်ကို၊ အဟံ၊ အကျွန်ုပ် သည်။ ဝန္ဒေဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ ။

♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥

http://www.dhammadownload.com



## ဗုဒ္ဓခြေတော်ရာပါဒစေတီ ဘုရားရှိခိုးနှင့်ဆုတောင်း

၁။ မုနိသင်းကျစ် ဓမ္မရာဇ်၏ လွန်နှစ်သက်အပ် လျှပ်လျှပ်ပြောင်ပြောင် ခြေသည်းရောင်ကား မြားမြောင်အကု ကိလေစုကို အောင်မှုစိုက်ထူ အောင်လံဟူ၏ ရန်သူများဖြင့် ဖြိုဖျက်နိုင်သည် တို့ရှင်ဘုရား ခြေတော်များသည် ငါ့အားအောင်ဆု ပေးစေသော်။

၂။ သူ့ချမ်းသာဆောင် မကြောက်အောင်ရွယ် စောင့်ရှောက်ကယ်၍ ဖွယ်ရာခြံရံ လှူဒါန်ကြောင့် - ဝန်းရံပတ်လျှက် ရာရှစ်ကွက်ဖြင့် မြချက်ပုံတောင်း အကွပ်ဆောင်း၍ ထောင်ပေါင်းအကန့် ရှင်းသန့် ပြတ်သား ခြေတော်ဖဝါး၌ ကြီးမားတေဇော် စက်တော်ရတနာ လက္ခဏာဖြင့်-မကွာခစား ထံတော်ပါးဝယ် များသောအခြံအရံ ရှိတော်မူသော မြတ်စွာဘုရားအား ရိုသေမြတ်နိုး ရှိခိုးပါ၏။

၃။ စကြာဝဠာပေါင်း သောင်းလောကဓါတ် ဖူးလာလတ်သား နတ်နတ်တကာ ပြဟ္မာအားလုံး ဖျားပိတုန်းတို့ စုရုံးရှင်လန်း စုပ်နမ်းရာလည်း ဖြစ်တော်မူသော၊ စကြာဝဠာ အနန္တကိုင် မွေးကြိုင်ကောင်းမွန် လွန်သောနံ့သာ ဖြစ်တော်မူသော၊ ဘုရားစိန္တေ သိတာရေ၌ ပုံသေရောက်လတ် ကြာမြတ်ပဒုံ ခြေတော်စုံသည်၊ ဒွတ္တိံသာကာရ ဇေဃုစ္ဆစိတ် ကိုယ်ဟုသမုတ် အကျုံးပ်၏၊ ကိုယ်အင်္ဂါတွင် မြတ်ရာထားတင် ဦးထိပ်ပြင်၌၊ ဤသတ္တာဝါ ဆင်းရဲစွာကို ငါချေချွတ်မည် မှတ်ရည်သနား ဖြစ်သောအားဖြင့် တန့်ရပ်သောထွေ တည်နေတော်မူပါဘုရား။

၄။ စကြာခြေမွန် တင့်တယ်ဟန်ကို မိုးစွန်ဘုံဖျား သိကြားပြဟ္မာ တူရေရှားလည်း ဘယ်မှာတမျှ အတူရချိမ့် အသမ, သမာ သုံးလူ့ချာ၏

http://www.dhammadownload.com



ရတနာလျှံဝင်း နီဆင်းစင်သန့် အကန့်တစ်ထောင် ထွန်းပြောင်သိင်္ဂီ သန္တာအကွပ် ထိန်လျှပ်ပုံတောင်း ညိုမောင်းကျောက်မျက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် (ကောင်းကျိုးလျှင်ဆော ရောက်စေသော်) အကျိုးကောင်းမွန် မင်္ဂလာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန် ထုတ်ချောက် ရောက်စေသော်။

၅။ သုံးလောကနတ် ခြေတော်မြတ်သည် ညီညွတ်ပေါင်းယှဉ် ခြေသည်းစဉ်ဖြင့် လှယဉ်နှစ်ဖွယ် လွန်တင့်တယ်၏၊ ဆန်းကြယ်နုယဉ် ခြေသည်းစဉ်မူ ဖိတ်စင်ရောင်ဝါ တို့ဖြင့်သာလျှင် လွန်စွာတောက်ပ တင့်တယ်လှ၏၊ ထွက်ကြွပြောင်ပြောင် ထိုအရောင်လည်း မိုက်မှောင်ဖျောက်မှု တစ်ခုကိစ္စ ရှိလေရသည် - တင့်လှ အလွန့်အလွန်တည်း။

၆။ ခြေချောင်းဆယ်ဖြာ ပွင့်ချပ်လွှာဖြင့် လွန်စွာတင့်မော် ခြေသည်းတော်မှ ထွက်ပေါ်ရောင်လျှံ ဝတ်ဆံများစွာ အပြည့်ပါသား မြတ်ဘုရား၏ ဖဝါးခြေစုံ ကြာပဒုံကို သုံးဘုံတိုက်သား ဘယ်သူများသည်- ဦးဖျားမဆင် ရှိမည်နည်း။

၇။ မဟာဝိသယ တိလောကဌ် နရမရ သနက္ခတို့ သရဖူဦးစိုက် မကိုဋ်နဝရတ် ကျောက်စိန်ထွတ်ဖြင့် ညွတ်၍ညွတ်၍ ဦးနှိမ်ဝေ့လျှက် ညဉ့်နေ့မစဲ တရဲရဲတိ အမြဲရောင်ညိ မပြတ်ထိသား နန္ဒီဝမှုန သကျမာရဇိန် စောမုနိန်၏ သီရိန္ဒာဘိ သီရိရတနာ မင်္ဂလာမျိုးပေါင်း ပုံတောင်းပြိုးပြက် ရာရှစ်ကွက်နှင့် ခွေစက်ပဝရ စရဏဟု ပါဒနက်သန် စုံနှစ်တန်ကို ငွေပိတာန်ကြီး ကဒဏ်ထီးသို့ မိုးပြီးဥဿုံ ဘေးမျိုးလုံမှ သုံးပုံပိဋကတ် ဝါဏီမြတ်ဟု သူရဿတိ နတ်ဒေဝီလည်း ယှဉ်မှီနိစ္စ

http://www.dhammadownload.com



မပြတ်မ၍ ငါနှလုံးတိုက် ရွှေကြာသိုက်နှိုက် ပျော်ပိုက်စေပြီး ဂိုဏ်းကြီး အရိယာ ဂုဏ်ကိုးဖြာနှင့် သယ်ာပရမတ် ရှစ်ပါးနတ်ကား လောကဓါတ် ဒိသာ ရှစ်မျက်နှာက စကြာဝဠာတောင်ကြီး ကာဆီးသော့ယောင် တန်ခိုးရောင်ဖြင့် ရန်မှောင်မမှောင့် တည်နေစောင့်၍ (ချမ်းသောင့် ချမ်းသာ နေရပါလို တောင်းဆုဆို၏။)

၈။ ခန္ဓာအိမ်ပဟောင်း စွန့်ပစ်ပြောင်းလည်း ကျွန့်ခေါင်းခွဲရိုး မြူမှုန် မျိုးသို့ ပွားတိုးမသွေ ရောက်ပါစေသား မြတ်ဘုရားကို လေးစား ကြည်ညို ယင်းကုသိုလ်ကြောင့် ထိုသို့ပြောင်းကုန် ခေါင်းမြူ မှုန်သည် ကိုးဂုဏ်သခင် မြတ်ရှင်ပင်၏ ခြေတွင်အမြဲ ငြိကပ်စွဲလျက် --- မှိဝဲဆည်းကပ်ပါစေသောဝ်။

= = = = = = = = =

## ဗုဒ္ဓခြေတော်ရာ ပရိဘောဂ ပါဒစေတီ(၈)ဆူ
## ဘုရားရှိခိုးနှင့်ဆုတောင်း

ငါးမာရ်အောင်မြင် မြတ်စွာဘုရားရှင်သည်-

၁။ "ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန်" ဥက္ကဋ္ဌမြို့နှင့် သေတဗျ မြို့တို့၏အကြား လမ်းခရီးအရပ်ဌာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ်ချထား အပ်သော တစ်ထောင်သော အကာန့်အကွက် အကွပ်တကူ ပုံတောင်း အချက်နှင့် တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက်စက်လက္ခဏာ အမှတ်အသား ပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

http://www.dhammadownload.com



၂။ "မာဂဏ္ဍိပုဏ္ဏား ဇနီးမောင်နှံတို့ မြင်တွေ့စေရန်" ကမ္ဘောဒီး နိုင်ငံဂုံးရှာကြီးနှင့် တောအုပ်အကြား လမ်း ခရီး အရပ်ဌာန၌ အမိဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသောအချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာအမှတ်အသား ပါရှိသော ခြေတော်ရာပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုး ခပ်သိမ်း ကြွယ်စေသော်။

၃။ "ကုက္ကုဋမိတ္တ မုဆိုးသားအဖတို့ မြင်တွေ့စေရန်" ရာဇဂြိုဟ်မြို့အနီး တောအတွင်း၌ ထောင်ထားအပ်သော ကျော့ကွင်းအနီး အရပ်ဌာန၌ အမိဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သောအကန့် အကွက် အကွပ်တကူ၊ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာ တို့နှင့်ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၄။ "အဇိတ-စသော ရသေ့တို့ မြင်တွေ့စေရန်" သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်အတွင်း ဂန္ဓကုဋိ ကျောင်းအနီး အရပ်ဌာန၌ အမိဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

http://www.dhammadownload.com



၅။ "အရှင်သာရိပုတြာမထေရ် မြင်တွေ့စေရန်" ဟိမဝန္တာရှိ တစ်ခုသောတောင်ဝှမ်းအတွင်း အရပ်ဌာန၌ အမိဌာန်ဖြင့် ပြုအပ်ချထားသော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက် နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော(၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီတော်ကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

၆။ "သုမနနတ်မင်း၏ တောင်းပန်ချက်အရ" သီဟိုဠ်ကျွန်း သမန္တကူဋ သုမနတောင်ပေါ် အရပ်ဌာန၌ အမိဌာန်ဖြင့် ပြုအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့် တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုး ခပ်သိမ်း ကြွယ်စေသော်။

၇။ "နမ္မဒါနဂါးမင်း၏တောင်းပန်ချက်အရ" သုနာပရန္တတိုင်း နမ္မဒါ မြစ်ကမ်းနားအရပ်ဌာန၌ အမိဌာန်ဖြင့် ပြုအပ်ချထားအပ်သော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ၊ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့်ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

http://www.dhammadownload.com



၈။ "သစ္စဗန္ဓရဟန္တာမထေရ်၏ တောင်းပန်ချက်အရ" သစ္စဗန္ဓ တောင်ပေါ်အရပ်၌ာန ကျောက်ဖျာ၌ အမိဋ္ဌာန် ဖြင့် ပြအပ်ချထားသော တစ်ထောင်သော အကန့်အကွက် အကွပ်တကူ ပုံတောင်းအချက်နှင့် တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီ တော်ကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## (၁၀၈)ကွက် စက်လက္ခဏာ ခြေတော်ရာ ဘုရားရှိခိုး လင်္ကာကြီး

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တရာ့ရှစ်ကို၊ စိစစ်လျှင်ထွေ၊ လျှင်းလျှင်းရေပိမ့်၊ ချီလေအစ ...

(၁-၂)လှံ့မ, အိမ်မွန်၊ (၃)သုံးတန်ပွင့်ချပ်၊ ဇလပ်သဏ္ဍာန်, ကလာပ်ဟန်နှယ်၊ (၄) လည်ရေး သုံးဆင့်၊ (၅) လှတင့်ထွန်းတောက်၊ ဦးဆောက်ပန်းက၊ (၆) စွမ်းထယောက်ျား တစ်ဦးသားကို ထမ်းထား သည့်သွင်၊ (၇) အင်းပျဉ် ဝန်းနှင့်၊ (၈-၉) ချွန်းတောင်းပြာသာဒ်၊ (၁၀) အထွတ်မြင့်ခိုင်၊ တံခါးတိုင်က၊(၁၁-၁၂) ဖြူဆွပြိုးပြက်၊ ထီး, သန်လျက်နှင့်၊ (၁၃) ထန်းရွက်ယပ်ဝန်း၊ (၁၄) ရွှန်းရွှန်းရောင်မောင်း၊ ဥဒေါင်းမြီးယပ်၊ (၁၅) သင်းကျပ်ရွှေပြား၊ (၁၆) ပတ္တမြားကျောက်မျက်၊ (၁၇) စားခွက်ရောင်ပြေး၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃) တုနှိုင်းမရ၊

http://www.dhammadownload.com



ပွင့်လှအပြား၊ ငါးပါးကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့်၊ (၂၅) ပြည့်ဖြိုးဖလား၊ (၂၆) ရေခြားသမုဒ္ဒ၊ (၂၇) စကြာဝဠာတောင်မွန်၊ (၂၈) ဟိမဝန်တောချောင်၊ (၂၉) မြင်းမိုရ်တောင်နှင့်၊ (၃၀-၃၁) ထွန်းပြောင်နေ,လ၊ (၃၂) နက္ခတ္တက၊ (၃၃-၃၆) ဒီပလေးသွယ်၊ ကျွန်းငယ်ရံဆောင်၊ (၃၇) ဘုန်းခေါင်စကြာမင်း၊ (၃၈) ခရုသင်းဖြူနစ်၊ ဗွေရစ်လက်ျာ၊ (၃၉) ရွှေဝါအဆင်း၊ ငါးမင်းစုံလျှက်၊ (၄၀) လက်နက်စက်က၊

(၄၁-၄၇) ရေတွက်သချာ၊ ဂင်္ဂါခုနစ်တန်၊ (၄၈-၅၄) တောင်ရံခုနစ်လုံး၊ (၅၅-၆၁) အိုင်ထုံးခုနစ်ကွက်၊ (၆၂) ငှက်ဂဠုန်မင်း၊ (၆၃) မြစ်တွင်းကိန်းအောင်း၊ မိကျောင်းရေသား၊ (၆၄) တံခွန်လျှားနှင့်၊ (၆၅) ကုတ္တားတံခွန်၊ (၆၆) မင်းတန်သံလျှင်း၊ (၆၇) အဆင်းရွှေလား၊ သားမြီးလေဆောင်၊ (၆၈) ငွေတောင် ကေလာသ၊ (၆၉-၇၀) သီဟ,ဗျဂ္ဃ၊ (၇၁) ဝလာဟမြင်း၊ (၇၂) ဆင်မင်းမြတ်စွာ၊ ဥပေါသထာယာဉ်မွန်၊ ဆဒ္ဒန်တူပြိုင်၊ (၇၃) ဗာသုကီမည်ရင်း၊ နဂါးမင်းနှင့်၊ (၇၄) ဟင်္သာရွှေလား၊ (၇၅) နွားဥသဘမွန်၊ (၇၆) ဧရာဝဏ် တခဏ်း၊ (၇၇) ရွှေမကရ်းတထွေ၊ (၇၈) ရွှေလှေလျှံဝါ၊ (၇၉) ပြဟ္မာထွတ်ဖျား၊ (၈၀) သားနှင့်တကွ၊ နွားမနို့ညစ်၊ (၈၁) အချစ်မြဲစွာ၊ ကိန္နရာ ဖို,မ၊ (၈၂) သဒ္ဒမဆိတ်၊ ကရဝိတ်တွန်ညောင်း၊ (၈၃-၈၄) ဥဒေါင်း, ကြိုးကြာ၊ (၈၅) သံသာစတ္တုဝါက်၊ (၈၆) စုံလျှက်ဇီဝဇိုဝ်း၊ (၈၇-၉၂) မိုးဝဘုံသာ၊ ဆကာမာနှင့်၊ (၉၃-၁၀၈) ပြဟ္မာဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ်မကင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊

စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြားပြဟ္မာ၊ တူရေးလှာလည်း၊ ဘယ်မှာတမျှ၊ အတူရချိမ့်၊ အသမ,သမာ၊

http://www.dhammadownload.com



သုံးလူ့ချာ၏၊ ရတနာလျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့်တထောင်၊ ထွန်းပြောင်သိင်္ဂါ၊ သန္တာအကွပ်၊ ထိန်လျှပ်ပုံတောင်း၊ ညိုမောင်းကျောက်မျက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ (ကောင်းကျိုးလျှင်ဆော ရောက်စေသောဝ်) အကျိုးကောင်းမွန်၊ မင်္ဂလာဖိုလ်ညာ၊ နိဗ္ဗာန် ထုတ်ချောက်၊ ရောက်စေသောဝ် . . . ။

(တောင်ခွင်သာသနာပိုင်မှူ)

⊙⊙⊙⊙⊙⊙⊙⊙⊙

## ခြေတော်ရာပုတီးစိပ်နည်းနှင့် အကျိုးများ

(၁၀၈)ကွက် ဗုဒ္ဓစက်လက္ခဏာကို (၁၀၈)လုံး ပါရှိသော ပုတီးကုံးဖြင့် စိပ်လိုပါလျှင် အောက်ပါအတိုင်း ပါဠိဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ရွတ်ဆိုလျှက် စိပ်နိုင်ပါသည်။ သမာဓိရလွယ်သော ပုတီးစိပ်နည်း ဖြစ်ပါသည်။

### ရွတ်ဆိုပုတီးစိပ်နည်း

မြတ်စွာဘုရားရှင်၏ နှစ်ဘက်သောခြေဖဝါးတော် အပြင်တို့၌ တစ်ထောင်သောအကန့်အကွက် အကွပ်တံကူ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသောအချင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ် အသားများ ဖြစ်ကြကုန်သော -

၁။ သတ္တိ,လက္ခဏာ-လှံမပုံ

၂။ သိရိဝစ္ဆ,လက္ခဏာ-အိမ်မွန်ပုံ

၃။ နန္ဒိယာဝဋ္ဋ,လက္ခဏာ-ဇလပ်ပန်းသဏ္ဌာန်ကလာပ်ပုံ

၄။ သောဝတ္ထိက,လက္ခဏာ-လည်ရေးသုံးဆင့်ပုံ

http://www.dhammadownload.com



၅။ ဝင်္ဂသက,လက္ခဏာ-ဦးဆောက်ပန်းပုံ
၆။ ဝဓုမာနက,လက္ခဏာ-ယောကျ်ားတဦးက အခြားတဦးကို ထမ်းသည့်ပုံ
၇။ ဘဒ္ဒပီဌ,လက္ခဏာ-အင်းပျဉ်ပုံ (ရွှေသလွန်)
၈။ အင်္ကုသ,လက္ခဏာ-ချွန်းတောင်းပုံ
၉။ ပါသာဒ,လက္ခဏာ-ပြာသာဒ်ပုံ
၁၀။ တောရဏ,လက္ခဏာ-တံခါးတိုင်ပုံ
၁၁။ သေတစ္ဆတ္တ,လက္ခဏာ-ထီးဖြူပုံ
၁၂။ ခဂ္ဂ,လက္ခဏာ-သန်လျက်ပုံ
၁၃။ တာလဝဏ္ဍ,လက္ခဏာ-ထန်းရွက်ယပ်ဝန်းပုံ
၁၄။ မယူရဟတ္ထ,လက္ခဏာ-ဥဒေါင်းမြီးယပ်ပုံ
၁၅။ ဥဏှီသ,လက္ခဏာ-သင်းကျစ်ပုံ
၁၆။ မဏိ,လက္ခဏာ-ပတ္တမြားပုံ
၁၇။ ပတ္တ,လက္ခဏာ-သပိတ်ပုံ
၁၈။ သုမနဒါမ,လက္ခဏာ-မြတ်လေးပန်းဆိုင်းပုံ
၁၉။ နီလုပ္ပလ,လက္ခဏာ-ကြာညိုပုံ (ကြာပြာ)
၂၀။ ရတ္တုပ္ပလ,လက္ခဏာ-ကြာနီပုံ
၂၁။ သေတုပ္ပလ,လက္ခဏာ-ကြာဖြူပုံ
၂၂။ ပဒုမ,လက္ခဏာ-ပဒုမ္မာကြာပုံ
၂၃။ ပုဏ္ဍရိက,လက္ခဏာ-ပုဏ္ဍရိက်ကြာပုံ
၂၄။ ပုဏ္ဏဃဋ,လက္ခဏာ-ရေပြည့်အိုးပုံ
၂၅။ ပုဏ္ဏပါတိ,လက္ခဏာ-ရေပြည့်ဖလားပုံ

http://www.dhammadownload.com



၂၆။ သမုဒ္ဒ,လက္ခဏာ=မဟာသမုဒ္ဒရာပုံ
၂၇။ စက္ကဝါဠပဗ္ဗတ,လက္ခဏာ=စကြဝဠာတောင်ပုံ
၂၈။ ဟိမဝန္တပဗ္ဗတ,လက္ခဏာ=ဟိမဝန္တာတောင်ပုံ
၂၉။ မေရုပဗ္ဗတ,လက္ခဏာ=မြင်းမိုရ်တောင်ပုံ
၃၀။ သူရိယမဏ္ဍလ,လက္ခဏာ=နေဝန်းပုံ
၃၁။ စန္ဒမဏ္ဍလ,လက္ခဏာ=လဝန်းပုံ
၃၂။ နက္ခတ္တာနိ,လက္ခဏာ=နက္ခတ်တာရာများပုံ
၃၃။ ပုဗ္ဗဝိဒေဟ,လက္ခဏာ=အရှေ့ကျွန်းပုံ
၃၄။ အပရဂေါယာန,လက္ခဏာ=အနောက်ကျွန်းပုံ
၃၅။ ဥတ္တရကုရု,လက္ခဏာ=မြောက်ကျွန်းပုံ
၃၆။ ဇမ္ဗုဒီပ,လက္ခဏာ=ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ
၃၇။ စက္ကဝတ္တိ,လက္ခဏာ=စကြဝတေးမင်းပုံ
၃၈။ သေတသခ်,လက္ခဏာ=လက်ယာရစ်ခရုသင်းဖြူပုံ
၃၉။ မစ္ဆယုဂဠ,လက္ခဏာ=ငါးကြင်းအစုံပုံ
၄၀။ စက္ကာဝုဓ,လက္ခဏာ=စက်လက်နက်ပုံ
၄၁။ လဝဏသီဒါ,လက္ခဏာ=ဆားငံ သမုဒ္ဒရာပုံ
၄၂။ ဥဏှသီဒါ,လက္ခဏာ=ကြံရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၃။ သုရာသီဒါ,လက္ခဏာ=သေရည် အဆင်းရှိသော သမုဒ္ဒရာပုံ
၄၄။ သာဓိသီဒါ,လက္ခဏာ=အမှုခပ်သိမ်းပြီးစေသော သမုဒ္ဒရာပုံ
၄၅။ ဒဓိသီဒါ,လက္ခဏာ=နို့ဓမ်း အဆင်းရှိသော သမုဒ္ဒရာပုံ
၄၆။ ဒုဒ္ဓသီဒါ,လက္ခဏာ=နို့ရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၇။ ဇလသီဒါ,လက္ခဏာ=ရေချို သမုဒ္ဒရာပုံ

http://www.dhammadownload.com



၄၈။ ယုဂန္ဓရ,လက္ခဏာ-ယုဂန္ဓရတောင်ပုံ
၄၉။ ဤသဓရ,လက္ခဏာ-ဤသဓရတောင်ပုံ
၅၀။ ကရဝိက,လက္ခဏာ-ကရဝိကတောင်ပုံ
၅၁။ သုဒဿန,လက္ခဏာ-သုဒဿနတောင်ပုံ
၅၂။ နေမိန္ဓရ,လက္ခဏာ-နေမိန္ဓရတောင်ပုံ
၅၃။ ဝိနတက,လက္ခဏာ-ဝိနတကတောင်ပုံ
၅၄။ အဿကဏ္ဏ,လက္ခဏာ-အဿကဏ္ဏတောင်င်ပုံ
၅၅။ အနောတတ္တ,လက္ခဏာ-အနောတတ္တရေအိုင်ပုံ
၅၆။ ကဏ္ဏမုဏ္ဍ,လက္ခဏာ-ကဏ္ဏမုဏ္ဍရေအိုင်ပုံ
၅၇။ ရထကာရ,လက္ခဏာ-ရထကာရရေအိုင်ပုံ
၅၈။ ဆဒ္ဒန္တ,လက္ခဏာ-ဆဒ္ဒန္တရေအိုင်ပုံ
၅၉။ ကုဏာလ,လက္ခဏာ-ကုဏာလရေအိုင်ပုံ
၆၀။ မဏ္ဍာကိနီ,လက္ခဏာ-မဏ္ဍာကိနီရေအိုင်ပုံ
၆၁။ သီဟပ္ပပါတ,လက္ခဏာ-သီဟပ္ပပါတရေအိုင်ပုံ
၆၂။ သုပဏ္ဏရာဇာ,လက္ခဏာ-ဂဠုန်မင်းပုံ
၆၃။ သံသုမာရ,လက္ခဏာ-မိကျောင်းမင်းပုံ
၆၄။ ဓဇ,လက္ခဏာ-တံခွန်လျှားပုံ
၆၅။ ပဋာကာ,လက္ခဏာ-တံခွန်ကုက္ကားပုံ
၆၆။ သုဝဏ္ဏသိဝိကာ,လက္ခဏာ-ရတနာသံလျင်းပုံ
၆၇။ သုဝဏ္ဏဝါဠဗီဇနီ,လက္ခဏာ-ရွှေစာမရီသားမြီးယပ်ပုံ
၆၈။ ကေလာသပဗ္ဗတ,လက္ခဏာ-ကေလာသငွေတောင်ပုံ
၆၉။ သီဟရာဇာ,လက္ခဏာ-ခြင်္သေ့မင်းပုံ

http://www.dhammadownload.com



၇၀။ ဗျဂ္ဃရာဇာ,လက္ခဏာ-ကျားမင်းပုံ

၇၁။ ဝလာဟကအဿရာဇာ,လက္ခဏာ -ဝလာဟကမြင်းမင်းပုံ

၇၂။ ဥပေါသထ ဆဒ္ဒန္တဟတ္ထိရာဇာ,လက္ခဏာ-ဥပေါသထ ဆဒ္ဒန္တ ဆင်မင်းပုံ

၇၃။ ဗာသုကီနာဂရာဇာ,လက္ခဏာ- ဗာသုကီ နဂါးမင်းပုံ

၇၄။ ဟံသရာဇာလက္ခဏာ-ဟင်္သာမင်းပုံ

၇၅။ ဥသဘရာဇာ,လက္ခဏာ-ဥသဘနွားမင်းပုံ

၇၆။ ဧရာဝဏဟတ္ထိရာဇာ,လက္ခဏာ-ဧရာဝဏ်ဆင်မင်းပုံ

၇၇။ သုဝဏ္ဏမကာရ,လက္ခဏာ-ရွှေမကာရ်းပုံ

၇၈။ သုဝဏ္ဏနာဝါ,လက္ခဏာ-မုခ်ထွင့်လေးခုရှိသောရွှေလှေပုံ

၇၉။ ပြဟ္မရာဇာ,လက္ခဏာ-ပြဟ္မာမင်းပုံ

၈၀။ သဝစ္ဆကာဓေနု,လက္ခဏာ-နွားသားအမိပုံ

၈၁။ ကိံပုရိသ ကိံပုရိသီ,လက္ခဏာ-ကိန္နရာအဖို အမပုံ

၈၂။ ကရဝိက,လက္ခဏာ-ကရဝိက်ငှက်မင်းပုံ

၈၃။ မယူရရာဇာ,လက္ခဏာ-ဥဒေါင်းမင်းပုံ

၈၄။ ကောဉ္စရာဇာ,လက္ခဏာ-ကြိုးကြားငှက်မင်းပုံ

၈၅။ စက္ကဝါကရာဇာ,လက္ခဏာ-စက္ကဝါက်ငှက်မင်းပုံ

၈၆။ ဇီဝဉ္ဇီဝကရာဇာ,လက္ခဏာ-ဇီဝဇိုဝ်းငှက်မင်းပုံ

၈၇။ စာတုမဟာရာဇိကာ,လက္ခဏာ-စာတုမဟာရာဇ်နတ်ဘုံ

၈၈။ တာဝတိံသာ,လက္ခဏာ-တာဝတိံသာနတ်ဘုံ

၈၉။ ယာမာ,လက္ခဏာ-ယာမာနတ်ဘုံ

၉၀။ တုသိတာ,လက္ခဏာ-တုသိတာနတ်ဘုံ

http://www.dhammadownload.com



၉၁။ နိမ္မာနရတီ,လက္ခဏာ=နိမ္မာနရတီနတ်ဘုံ

၉၂။ ပရနိမ္မိတဝသဝတ္တီ,လက္ခဏာ=ပရနိမ္မိတဝသဝတ္တီနတ်ဘုံ

၉၃။ ဗြဟ္မပါရိသဇ္ဇာ,လက္ခဏာ=ပါရိသဇ္ဇာဗြဟ္မာဘုံ

၉၄။ ဗြဟ္မပုရောဟိတာ,လက္ခဏာ=ပုရောဟိတဗြဟ္မာဘုံ

၉၅။ မဟာဗြဟ္မာ,လက္ခဏာ=မဟာဗြဟ္မာဘုံ

၉၆။ ပရိတ္တာဘာ,လက္ခဏာ=ပရိတ္တာဘာဗြဟ္မာဘုံ

၉၇။ အပ္ပမာဏာဘာ,လက္ခဏာ=အပ္ပမာဏာဘာဗြဟ္မာဘုံ

၉၈။ အာဘဿရာ,လက္ခဏာ=အာဘဿရာဗြဟ္မာဘုံ

၉၉။ ပရိတ္တသုဘာ,လက္ခဏာ =ပရိတ္တသုဘာဗြဟ္မာဘုံ

၁၀၀။ အပ္ပမာဏသုဘာ,လက္ခဏာ =အပ္ပမာဏသုဘာဗြဟ္မာဘုံ

၁၀၁။ သုဘကိဏှာ,လက္ခဏာ=သုဘကိဏှာဗြဟ္မာဘုံ

၁၀၂။ ဝေဟပ္ဖလာ,လက္ခဏာ=ဝေဟပ္ဖလာဗြဟ္မာဘုံ

၁၀၃။ အသညသတ္တာ,လက္ခဏာ=အသညသတ္တာဗြဟ္မာဘုံ

၁၀၄။ အဝိဟာ,လက္ခဏာ=အဝိဟာဗြဟ္မာဘုံ

၁၀၅။ အတပ္ပါ,လက္ခဏာ=အတပ္ပါဗြဟ္မာဘုံ

၁၀၆။ သုဒဿါ,လက္ခဏာ=သုဒဿာဗြဟ္မာဘုံ

၁၀၇။ သုဒဿီ,လက္ခဏာ=သုဒဿီ ဗြဟ္မာဘုံ

၁၀၈။ အကနိဋ္ဌာ,လက္ခဏာ=အကနိဋ္ဌာဗြဟ္မာဘုံ တို့ ရှိကြပါပေ ကုန်သည်ဇာကား။

http://www.dhammadownload.com

# တမူထူးခြားသော ဝတ်ရွတ်စဉ်

" ရွှေရတနာစွယ်တော် ဝတ်ရွတ်စဉ် " ဟာ အခြားသော ဝတ်ရွတ်စဉ်များနှင့်မတူ တစ်မူထူးခြားနေတာကို တွေ့ရပါတယ်။ အခြားသောဝတ်ရွတ်စဉ်တွေမှာပါနေကျအခန်းကဏ္ဍများအပြင် အခြားဝတ်ရွတ်စဉ်တွေမှာမပါတဲ့ စွယ်တော်၊ ဓာတ်တော်ဘုရားရှိခိုးများ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီ ဘုရားရှိခိုးများ၊ မေတ္တာပွားများနည်းများ၊ နတ်တို့ချစ်စေသော သမစိတ္တသုတ်၊ မည်သူတစ်ဦးတစ်ယောက်မျှ ဘေးအန္တရာယ်မပြုနိုင်သောဂုဏ်တော်၊ ကျန်းမာရေးအတွက် အထူးအစွမ်းထက်လှသော ဂိရိမာနန္ဒသုတ်၊ စတုရာရက္ခသမထ ဘာဝနာပွားများနည်း၊ သစ္စာလေးဖြာဝိပဿနာဘာဝနာပွားများနည်း အစရှိတဲ့ လိုအပ်ရာရာတွေကို စီစဉ် တင်ပြထားတာကိုတွေ့ရပါတယ်။

တတိယအကြိမ်